
www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com

# အောင်မြင်

စာပေ



၈၉၅.၈၃
ကြီးစကူ
ချစ်တဘောဝေါ်မှ ပဥ္စလက်မိစ္ဆာ / ကြီးစကူ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၂၁၀ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ကြီးစကူ



ထုတ်ဝေသူ ဦးအောင်မြင့်
ဖြန့်ချိရေး အောင်မြင်စာပေ
အတွင်းပုံနှိပ်မှု
မျက်နှာဖုံးပုံနှိပ်မှု

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

➢ အတန်းပညာရဖို့ထက် အတတ်ပညာရဖို့က ပိုပြီး အရေးကြီးပါသည်၊
အတန်းပညာရလျှင် အလုပ်တစ်ခုခု
ရနိုင်သော်လည်း မကြီးပွားနိုင်ပေ၊
အတတ်ပညာ တစ်ခုခုရ၍ ကိုယ်ပိုင်ကြိုးစားပါက
ကြီးပွားချမ်းသာ နိုင်ပါသည်၊

➢ အပေါ်ပိုင်းကို ကနုတ်ပန်းများဖြင့်
လှပအောင် ပြုပြင်သည့်အခါ
အောက်ခံငြမ်းများ ခိုင်ခံ့မှုရှိရပါသည်၊
ငြမ်းမခိုင်သည့်အခါ
ပန်းခိုင်များလည်း ပျက်စီးတတ်ပါသည်၊

➢ အချစ်ကြောင့်
ရူးသွပ်ခြင်းကို ပြုလိုက်နိုင်သော်လည်း
ထိုအချစ်ကြောင့်
မိုက်မဲခြင်းမျိုးကိုတော့ ရှောင်ကြဉ်သင့်သည်၊

# ဒဿနလက်ဆောင်

➢ လက်ဆောင်တစ်ခုကို ပေးတော့မယ်ဆိုရင်
ပစ္စည်းထုပ်ကို
ပေးသူရဲ့နှလုံးသားကြိုးမျှင်နဲ့
ထုပ်ပိုးချည်နှောင်ပြီးမှ ပေးသင့်ပါတယ်၊

➢ မျှော်လင့်ခြင်းဆိုတာ
နှလုံးသားတစ်နေရာမှာ နားခိုနေပြီး
အတောင်အလက်စုံသည့်အခါ
ဟိုး ... အဝေးကိုလည်း ပျံပြေးတတ်ပါတယ်၊

➢ သင်လျှောက်ခဲ့တဲ့ခရီးကြမ်းကို
ဘယ်တော့မှ ပြန်ကြည့်မနေပါနဲ့၊
အဲဒီလို ကြည့်နေမယ့်အစား
ရှေ့ခရီးအတွက်
တစ်ဝက်ပဲရောက်ပါသေးလားလို့ သဘောထားပြီး
ရှေ့ဆက်လျှောက်ပါ ....၊

www.burmeseclassic.com

www.burmeseclassic.com

## [illegible] ပါဝင်သောအခန်းများ


အခန်း (၁) နဂါးကြီးဂံနှင့်ထူးခြားဆန်းကြယ်မှုများ၊
အခန်း (၂) ပင်လယ်ပြင်ပေါ်မှတစ္ဆေသင်္ဘောများ၊
အခန်း (၃) ကဏ္ဍဲသင်္ဘောကိုမြင်တွေ့ကြရခြင်း၊
အခန်း (၄) အင်ဂျင်ခန်းအတွင်းမှအင်ဂျင်နီယာတစ္ဆေ၊
အခန်း (၅) တစ္ဆေမနှင့်မာယာကျော့ကွင်း၊
အခန်း (၆) သင်္ဘောပေါ်မှမိတ္တာကွန်ယက်များ၊
အခန်း (၇) ခြေရာကောက်တစ္ဆေအန္တရာယ်၊
အခန်း (၈) [illegible]
အခန်း (၉) [illegible]
လျှို့ဝှက်မှုများ၊
အခန်း (၁၀) သွေးချောင်းစီးသောပါတီပွဲ…၊
အခန်း (၁၁) သေမင်းကျော့ကွင်းမှ ရုန်းထွက်ရခြင်း၊
အခန်း (၁၂) ဂျူပီတာနှင့်မိတ္တာတစ်ကျော့ပြန်…။




# အခန်း (၁)

# နဂါးကြီးဂံ နှင့် ထူးခြားဆန်းကြယ်မှုများ

ကမ္ဘာပေါ်တွင် အန္တရာယ်အများဆုံးနေရာများကို ပြပါဆိုလျှင် ပင်လယ်နှင့် သမုဒ္ဒရာတို့ကို ပြရပေမည်။ သိပ္ပံပညာရှင်များက ကမ္ဘာ၏လေးပုံသုံးပုံကို ရေဖြင့်လွှမ်းခြုံထားကြောင်း ဖော်ပြရာ ကမ္ဘာမြေဟုခေါ်မည့်အစား ကမ္ဘာ့ရေဟုသာ ခေါ်ဆိုထိုက်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမုဒ္ဒရာသည် ကုန်းမြေထက် နေထိုင်စရာအဆပေါင်း တစ်ရာကျော် ကျယ်ပြန့်သည်ဟုလည်းဆိုပါသည်။ ကုန်းပေါ်ရှိ သောသစ်ပင်နှင့် တိရစ္ဆာန်များစွာတို့လည်း ရေအောက်၌ရှိကြ လေသည်။ ပုံပန်းသဏ္ဌာန် အနည်းငယ်ကွာခြားသည်မှအပ ကုန်းမြေပေါ်မှာရှိသော တိရစ္ဆာန်တိုင်း သမုဒ္ဒရာအောက်ရှိကြ လေသည်။

ကမ္ဘာပေါ်မှာရေထု ကုဗပေပေါင်းများစွာရှိရာမှာ ရေ ငန်ထုက (၉၇)ရာနှုန်းရှိပြီး ရေချိုထုက (၃)ရာခိုင်နှုန်းသာရှိလေ သည်။ အကြီးမားဆုံး ရေငန်ထုကို သမုဒ္ဒရာဟုခေါ်ပြီး အချို့နေ ရာများကိုတော့ ပင်လယ်ရေပြင်ဟုသာ သတ်မှတ်ကြလေသည်။ ကမ္ဘာပေါ်တွင် အတ္တလန္တိတ်သမုဒ္ဒရာ၊ ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယ သမုဒ္ဒရာ၊ အာတိတ်သမုဒ္ဒရာနှင့် အန္တာတိတ်သမုဒ္ဒရာ တို့မှာ လူသိများသော သမုဒ္ဒရာငါးစင်းတို့ ဖြစ်ကြသည်။

အချို့ကတော့ အာတိတ်သမုဒ္ဒရာနှင့် အန္တာတိတ်သမုဒ္ဒ ရာတို့သည် အခြားသမုဒ္ဒရာသုံးစင်း၌သာ အကျုံးဝင်သည်ဟု ယူဆကြသည်။

သမုဒ္ဒရာကြီးများမှာ အခေါ်အဝေါ်နှင့် နေရာကွာခြား သော်လည်း တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိနေကြပေသည်။





အမှန်တော့ နေရာနှင့်နာမည်အခေါ်အဝေါ်များသာ မခွဲခြားပါ က ကမ္ဘာပေါ်တွင် သမုဒ္ဒရာကြီးတစ်စင်းသာ ရှိနေပေလိမ့်မည်။

သမုဒ္ဒရာထက်သေးငယ်သော ရေထုနေရာများကို တော့ ပင်လယ်ဟုခေါ်ဝေါ်ကြသည်။ အချို့ သမုဒ္ဒရာအတွင်းမှာ ရှိနေသော်လည်း ပင်လယ်တစ်ခုအနေဖြင့် ပါဝင်နေသောနေရာ အချို့လည်း ရှိကြသည်။ ကက်စပီယန်ပင်လယ်၊ ပင်လယ်သေ တို့အပြင် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းမှာရှိသော 'ဆာဂါဆို' ပင်လယ်တို့ပင် ဖြစ်ကြလေသည်။

သမုဒ္ဒရာရေထုသည် ကုဗကီလိုမီတာ သန်းပေါင်း (၁၄၀၀)ရှိလေသည်။ ထိုကဲ့သို့သော ရေထုနက်ရှိုင်းပြီး ကျယ်ဝန်း လှသော ပင်လယ်နှင့်သမုဒ္ဒရာတို့မှာ လူတို့အတွက် အန္တရာယ် များသောနေရာများ ဖြစ်သကဲ့သို့ အကျိုးများစေသော နေရာ များ ဖြစ်ကြလေသည်။

လေယာဉ်ပျံများ မပေါ်ပေါက်ခင်ကပင် ပင်လယ်ရေ မျက်နှာပြင်များကို အသုံးပြုပြီး တစ်နေရာမှတစ်နေရာ ကူးသန်း သွားလာခဲ့ကြရသည်။ ကုန်သွယ်မှုများ ပြုလုပ်ခဲ့ကြသည်။

သို့သော်လည်း ပင်လယ်နှင့်သမုဒ္ဒရာရေပြင်တို့မှာ များစွာအန္တရာယ်များလှသော နေရာများဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လေပြင်းများ၊ မုန်တိုင်းများ၊ ဝဲကတော့များ၊ သမုဒ္ဒရာရေစီးကြောင်းများ၊ ရေသတ္တဝါကြီးများအန္တရာယ်တို့ကြောင့် ပင်လယ်နှင့်သမုဒ္ဒရာ ရေပြင်အောက်သို့ လေ့နှင့်သင်္ဘောပေါင်း မြောက်များစွာတို့ ရောက်ခဲ့ကြရသည်။ လူပေါင်းများစွာတို့ သေကျေပျက်စီးခဲ့ကြရသည်။

ဒါက သဘာဝဘေးအန္တရာယ်များကြောင့် သေကျေပျက်စီးခဲ့ရခြင်းဖြစ်ပြီး၊ အခြားအန္တရာယ်များနှင့် တွေ့ပြီး သေကျေပျက်စီးခဲ့ရသည်များလည်း အမြောက်အမြားရှိကြပေသေးသည်။

၎င်းတို့မှာ. . သဘာဝဘေးအန္တရာယ်များထက် ပိုမိုကြောက်စရာကောင်းသော သဘာဝလွန်ဘေးအန္တရာယ်တို့ပင်ဖြစ်ပေသည်။ သဘာဝလွန်ဘေးအန္တရာယ်များမှာ ယနေ့အချိန်ထိ သိပ္ပံပညာရှင်များပင် အဖြေမရှာနိုင်ကြသေးပေ။ ၎င်းတို့မှာ ဘာမြူဒါတြိဂံနယ်မြေ (The Burmuda Triangle)နှင့် နဂါးတြိဂံနယ်မြေ (The Dragon's Triangle)တို့ပင် ဖြစ်ကြလေသည်၊

နှစ်ပေါင်း (၅၀)ကျော် (၆၀)အထိ သိပ္ပံပညာရှင်တို့အဖြေရှာမရနိုင်သေးသော ဘာမြူဒါတြိဂံဒေသမှာ သင်္ဘောအစီးပေါင်း (၂၀၀)ကျော်၊ လေယာဉ်အစီး (၁၀၀)ကျော်၊ လူပေါင်း





(၁၃၀၀)ကျော်တို့ အစအနရှာမရအောင် ပျောက်ဆုံးသွားခဲ့ကြသည်။ ထိုကဲ့သို့ပင် ဂျပန်တို့ရေပိုင်နက်ထဲမှာ ပါဝင်သော နဂါးတြိဂံဒေသမှာလည်း သင်္ဘော၊ လေယာဉ်နှင့်လူပေါင်း မြောက်မြားစွာတို့ အစရှာမရအောင် ပျောက်ဆုံးခဲ့ကြရသော်လည်း မည်သူမှ အဖြေမရှာနိုင်ကြသေးပေ။

နောက်ပိုင်းမှာတော့ ထိုတြိဂံဒေသများနှင့် အနီးတစ်ဝိုက်ရေပြင်ပေါ်တွင် တစ္ဆေသင်္ဘောများနှင့် တွေ့ကြုံခဲ့ကြရသည်။ ထိုကဲ့သို့ ကြုံတွေ့ခဲ့ရပုံများကိုလည်း အသီးသီးမှတ်တမ်းများ ရေးထားခဲ့ကြသည်။

ထိုမှတ်တမ်းများမှအချို့ကို ဤဝတ္ထုနှင့် သက်ဆိုင်ပါသောကြောင့် ကောက်နှုတ်ဖော်ပြပေးပါမည်။

ဂျပန်နိုင်ငံသမိုင်း၏ အထောက်အထားများ၊ ခေတ်အဆက်ဆက် လက်ဆင့်ကမ်းကြသည့် ဒဏ္ဍာရီများ၊ ပုံပြင်များအရ နဂါးတြိဂံပင်လယ်ပြင်သည် အံ့ဩဖွယ်ရာဖြစ်သည်။

လျို့ဝှက်သော သမိုင်းအထောက်အထားများကို ဂျပန်ရှေးဟောင်းမဟာသမိုင်း မှတ်တမ်းများဖြစ်သည့် ကော့(ဂျ)ကီ (Kojki) နှင့် နီဟွန်ဂျီ (Nihongyi) တို့တွင် နဂါးတြိဂံပင်လယ်ပြင်၌ ဖြစ်ပွားခဲ့သည့် သဘာဝလွန်ဖြစ်ရပ်များကို အသေးစိတ်ဖော်ပြ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်ဟု ဆိုကြ၏။

အချို့ထူးဆန်းသောဖြစ်ရပ်များကို နာမည်ကျော်ဒသသန ဆရာ ကော်လင်းဝီလဆင်၏ (Enigmas and Mysteries) စာအုပ်တွင် ဖော်ပြထားသည်။ နဂါးတြိဂံပင်လယ်ပြင်အတွင်း ကြီးမားသော ဝဲဂယက်ကြီးများ၊ ကာမီကာဇေ (Kami - Kaze) ခေါ် မုန်တိုင်းများ၊ မှုတ်ဝဲများ၊ စုပ်ဝဲများ၊ ပေရာကျော်အထိ မြင့်မားသည့် လှိုင်းလုံးကြီးများသည် ချက်ချင်းပေါ်ပေါက်၍ ချက်ချင်းဆိုသလို ငြိမ်သက်သွားလေ့ရှိသည်ဟု ဆိုကြ၏။

ထိုမုန်တိုင်းကြီးကို မြင့်မြတ်သည့်မုန်တိုင်း (Divine Wind) ဟု ဂျပန်အမျိုးသားများက ကင်ပွန်းတပ်ခဲ့ကြသည်။

ခရစ်နှစ်သုံးရာစုခန့်က ဂျပန်ဘုရင်မကြီးဂျင်ဂျူ(Jinju) ဦးဆောင်သော ရေတပ်မတော်ကြီးသည် ကိုရီးယားရေတပ်မ တော်ကြီးနှင့် နဂါးတြိဂံပင်လယ်ပြင်တွင် ရင်ဆိုင်ခဲ့ကြရ၏။ အဆ မတန် အင်အားကြီးမားသော ကိုရီးယားရေတပ်မတော်ကြီးမှာ ကာမီကာဇေမုန်တိုင်းကြောင့် ပျက်စီးခဲ့ရသည်ဟု ဆိုကြသည်။

ကမ္ဘာ့သမိုင်းတွင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ရ ပြီး အာရှတိုက်မှ ဥရောပတိုက်တစ်ခွင် နိုင်ငံအသီးသီးမှ လက် မြှောက်အရှုံးပေးခဲ့ရသည့် မွန်ဂိုဘုရင် ကူဗလိုင်ခန်၏ ကြီးမား





သော ရေတပ်ကြီးသည် ခရစ်နှစ် (၁၂၇၄)ခုနှစ်၌ ဂျပန်နိုင်ငံကို သိမ်းပိုက်ရန် ရွက်လွှင့်လာခဲ့ကြ၏။

ကူဗလိုင်ခန်၏ ရေတပ်မတော်ကြီးမှာ ဂျပန်ရေတပ်မ တော်ကြီးထက် အင်အားအဆပေါင်းများစွာ ကြီးမားခဲ့၏။ သို့သော် နဂါးတြိဂံပင်လယ်ပြင်တွင် ကာမီကာဇေခေါ် မြင့်မြတ် သော မုန်တိုင်းကြောင့် ပျက်စီးခဲ့ရသည်။

ကူဗလိုင်ခန်၏ မှူးမတ်သေနာပတိတို့သည် မွန်ဂိုရေ တပ်မတော် ပျက်စီးရခြင်းမှာ သဘာဝကြောင့်ဖြစ်သည်ဟု ယူဆ ခဲ့ကြ၏။ အခါအားလျော်စွာ တိုက်ခတ်လာသည့် မုန်တိုင်းကြောင့် ပျက်စီးရခြင်းဖြစ်မည်ဟု ထင်မြင်သည့်အတိုင်း ဒုတိယအကြိမ် ရေတပ်မတော်ကြီးဖွဲ့စည်းကာ ဂျပန်နိုင်ငံသို့ သိမ်းပိုက်ရန် စေ လွှတ်ခဲ့ပြန်သည်။ ဒုတိယအကြိမ်တွင်လည်း ကာမီကာဇေ မုန် တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရပြန်သည်။

(၁၉၀၅)တွင် အင်အားသေးငယ်သော ဂျပန်ဘုရင် ရေတပ်မတော်ကြီးသည် ရုရှားတို့၏ အင်အားကြီးမားသော ဘောလတိတ် ရေတပ်မတော်ကြီးအား နဂါးတြိဂံပင်လယ်ပြင် တွင် ဖျက်ဆီးနိုင်ခဲ့သဖြင့် ကမ္ဘာ့စစ်ပါရဂူကြီးများကိုယ်တိုင် လက်ဖျားခါခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သဘာဝအရလည်းကောင်း (သို့မဟုတ်) သဘာဝလွန်ဖြစ်ရပ်ကြောင့်လည်းကောင်း (သို့မဟုတ်) တိုက်ဆိုင်မှုကြောင့်ဖြစ်သည်ဟု ဆိုနိုင်သော်လည်း စဉ်းစားစရာဖြစ်၏။

တိုက်ဆိုင်မှုဆိုလျှင် တစ်ကြိမ်သာ တိုက်ဆိုင်နိုင်ပေမည်။ အခါခပ်သိမ်း အကြောင်းမဲ့တိုက်ဆိုင်မှုများသာ ဖြစ်သည်ဟု မဆိုသာချေ။

ဂျပန်အမျိုးသားများကမူ နဂါးတြိဂံပင်လယ်ပြင်တွင် စောင့်ရှောက်သည့် ပုဂ္ဂိုလ်တို့၏ ကူညီမစမှုဖြစ်နိုင်သည်ဟု ယုံကြည်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီးတွင်း မဟာမိတ်တို့၏ လေယာဉ်တင်သင်္ဘောကြီးများ၊ တိုက်သင်္ဘောကြီးများ၊ ရွက်သင်္ဘောကြီးများ၊ ဂျပန်ဘုရင့်ရေတပ်မတော်မှ လေယာဉ်တင်သင်္ဘောကြီးများ၊ တိုက်သင်္ဘောကြီးများသည် နဂါးတြိဂံတွင် နစ်မြုပ်ခဲ့ကြရသဖြင့် သဘာဝအရသော်လည်းကောင်း၊ ပျောက်ဆုံးနစ်မြုပ်ခဲ့ရသည့် သင်္ဘောဦးရေကို ခန့်မှန်းရန် မလွယ်ကူပါဟု အဏ္ဏဝါဗေဒသုတေသီတို့က ယူဆခဲ့ကြသည်။

(၁၉၃၂)က ကမ္ဘာကျော်အရှေ့တိုင်း ယဉ်ကျေးမှုသုတေသနပညာရှင် အီတီစီဝါနာ(E.T.C. Warner) ရေးသားပြုစု





ထုတ်ဝေခဲ့သော တရုတ်ဒဏ္ဍာရီများသမိုင်း အဘိဓာန်ကြီးတွင် ကွမ်ဘီပြည်နယ် ကန်(Kan)မြစ်အတွင်း ကြီးမားသော နဂါးကြီးတစ်ကောင် ကျက်စားခဲ့သည်ဟုဆို၏။

ထိုနဂါးကြီးသည် ဂျပန်ပင်လယ်မှ လာရောက်ခဲ့ခြင်းဖြစ်ပြီး ထိုနဂါးကြီးကို နှစ်စဉ်နှစ်တိုင်း လှပချောမောသော မိန်းမပျိုကလေးများဖြင့် ဆက်သရသည်ဟု ဖော်ပြထားသည်။

ပူဇော်ပသပွဲပြီးသည်နှင့် သူ့နိုင်ငံရှိရာ နဂါးတြိဂံနယ်မြေသို့ပြန်သွားလေ့ရှိသည်ဟု ဆိုသည်။

ဤဓလေ့ကို (၁၉၃၁)ခုနှစ်အထိ ပြုလုပ်ခဲ့သည်ဟုလည်း ရေးသားဖော်ပြခဲ့သည်။

(၁၉၀၁)တွင် ဂျပန်နိုင်ငံမှ ထုတ်ဝေသော (Shizen Shimbum) သဘာဝမွေ့မဂ္ဂဇင်းကြီးတွင် အဏ္ဏဝါဗေဒ သုတေသီတစ်ဦးက နဂါးတြိဂံဒေသအတွင်း ကြီးမားသည့် ပင်လယ်မြွေကြီးတစ်ကောင်အကြောင်းကို ရေးသားဖော်ပြခဲ့၏။

ဤကဲ့သို့ ပင်လယ်သမုဒ္ဒရာအတွင်း အမျိုးအမည်ထုတ်ဖော်နိုင်ခြင်းမရှိဘဲ အလွန်ကြီးမားသည့် ရေသတ္တဝါကြီးများကို တွေ့ရသည့်အကြောင်းများကို (၁၈၁၇)ခန့်ကပင် အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်နိုင်ငံ၊ ဩစတြေးလျားနိုင်ငံနှင့် ဂျေကာ့



www.burmeseclassic.com

www.burmeseclassic.com



တလန်နိုင်ငံတို့မှ ထုတ်ဝေသော သတင်းစာ၊ ဂျာနယ်များတွင် ရေးသားဖော်ပြခဲ့ကြသဖြင့် ပင်လယ်၊ သမုဒ္ဒရာအတွင်း ကြီးမားသည့် အမျိုးအမည်မသိသော သတ္တဝါများရှိသည်ဟူသော အယူအဆကို နိုင်ငံဟိုင်းမှ လက်ခံသည်ဆိုသည်မှာ မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပေ။

(၁၉၀၂)က ထုတ်ဝေသော အထက်ဖော်ပြပါ မဂ္ဂဇင်းကြီးတွင်ပင် မာလိန်မှူးကြီးဖတ်(သ)(W.Firth) လိုက်ပါလာသော စကော့တလန်နိုင်ငံမှ ချီလာဂိုဟူသော သင်္ဘောသည် ဂျပန်နိုင်ငံ နဂါးတွိဂံဒေသအတွင်း (၃၅)ပေခန့်အနက်ရောင် မြွေကဲ့သို့ သတ္တဝါတစ်ကောင်ကို တွေ့ရ၏။

ဦးခေါင်းမှာ အလွန်ကြီးမားပြီး လည်ပင်းမှာလည်း ရှည်သည်ဟုဆိုသည်။

ထိုထူးခြားသည့်သတ္တဝါကြီး၏ ဦးခေါင်းတွင် ရေညှိများကပ်နေသည်ကိုပင် ထင်ထင်ရှားရှားတွေ့ရသည်ဟု ဆိုသည်။

မာလိန်မှူးကြီးနှင့် သင်္ဘောသား(၁၁)ဦးတို့ မျက်ဝါးထင်ထင်မြင်တွေ့ရသည်ဟု သတင်းပေးပို့ခဲ့သည်ဟု ဆို၏။

ဂျပန်နိုင်ငံ အဏ္ဏဝါဗေဒသုတေသန မှတ်တမ်းများတွင်လည်း အလားတူအမျိုးအမည်မသိရသည့် ရေသတ္တဝါကြီးကို





ပင်လယ်ပြင်တွင် တွေ့ရသည့်အကြောင်းများကို ဖော်ပြထားခဲ့သည်။

အလားတူ ထူးဆန်းသော ရေသတ္တဝါကြီးများ ထိုတွိဂံနယ်မြေအတွင်း တွေ့ရကြောင်း သတင်းများတွင် (၁၉၇၇)၌ မြန်မာနိုင်ငံမှ ရှန်ဟိုင်းသို့ ထွက်ခွာလာသည့် နက်(စ)တာ (Nestor)သင်္ဘောနှင့် ဂျော်ဂျီယာ(Georgia) ကုန်သင်္ဘောနှစ်စီးတို့သည် အမျိုးအမည် ဖော်ပြနိုင်ခြင်းမရှိသော ကြီးမားသည့် သတ္တဝါကြီးကို တွေ့ရသည်ဟူသည့်သတင်းမှာ ထူးဆန်းလှသည်။

ထိုသတင်းကို ဂျပန်နိုင်ငံ၌ စောင်ရေသန်းချီ ထုတ်ဝေရသည့် အဆာဟိရှင်ဘွန် သတင်းစာကြီးတွင် မျက်နှာဖုံးသတင်းဖြင့်ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံမှ ထုတ်ဝေသော သတင်းစာအများစု၌ နဂါးတွိဂံဒေသ၏ သတင်းများကို အမှောင်ချထားလေ့ရှိသည်။

အဘယ်ကြောင့် ထိုသတင်းကို ဖော်ပြခဲ့သည်ကို မည်သူမျှ နားမလည်နိုင်ပေ။

အထက်ဖော်ပြပါ သင်္ဘောကြီးများမှ မာလိန်မှူးများနှင့် သင်္ဘောသားများသည် မဟုတ်မမှန်လုပ်ကြံ၍ သတင်းပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြသလောဟု စဉ်းစားစရာဖြစ်လာပါသည်။

ဤမျှ လျှို့ဝှက်နက်နဲဆန်းကြယ်သော ပင်လယ်ပြင်တွင် လူသားတို့ တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးသည့် ရေသတ္တဝါများ ရှိမည် ဆိုသည်မှာ သေချာသည်ဟု အများကဆိုကြ၏။

နာမည်ကျော် ဗြိတိသျှစာရေးဆရာကြီး ဂျိုးဇက်ကွန်ရက်(ဒ)၏ ဂန္ထဝင်ဝတ္ထုကြီးဖြစ်သော လော့(ဒ)ဂျင်(မ) (Lord Jim) ဝတ္ထုကြီးတွင် အထက်ဖော်ပြပါ ပင်လယ်ပြင်၌ ထူးဆန်းသည့်ကာဗီကာဖေခေါ် လှိုင်းကြီးများ၊ မုန်တိုင်းများ၊ ဝဲများ၊ ထူးဆန်းသော သတ္တဝါများရှိသည့်အကြောင်းကို ရေးသားဖော်ပြထားခဲ့၏။

စာရေးဆရာကြီး ဂျိုးဇက်ကွန်ရက်(ဒ)မှာ ငယ်စဉ်က သင်္ဘောသားတစ်ဦးအဖြစ် အမှုထမ်းခဲ့၏။ သူသည် ဂျပန်ပင်လယ်ပြင်တွင် အကြိမ်ပေါင်းများစွာ ဖြတ်သန်းသွားခဲ့ရသူဖြစ်၍ ထိုပင်လယ်ပြင်အကြောင်း ကောင်းစွာသိခဲ့သည်ဟု ဆိုကြ၏။

သို့ဖြစ်လျှင် နဂါးတြိဂံ ပင်လယ်ပြင်အပါအဝင် ကမ္ဘာ့သမုဒ္ဒရာကြမ်းပြင်အောက်တွင် လွန်ခဲ့သောနှစ်ပေါင်း သန်းပေါင်းများစွာက ကြီးမားသော အမျိုးအမည်မသိရသည့် ရေသတ္တဝါကြီးများသည် ယနေ့ထက်တိုင် ရှိနေပါသလော။





သို့တည်းမဟုတ် ဒဏ္ဍာရီပုံပြင်များကို အထောက်အထားပြု၍ ယုံတမ်းစကားများအဖြစ် လုပ်ကြံပြောဆိုကြသလော။

ထိုဖြစ်ရပ်ဆန်းများသည် အဏ္ဏဝါဗေဒပညာရှင်များ လောကတွင် အပြင်းအထန်အငြင်းပွားခဲ့ရသည့် ဖြစ်ရပ်များ ဖြစ်ခဲ့ရသည်။

(၁၉၇၀)ပြည့်နှစ် မေလတွင် အမေရိကန်ပြည်ထောင်စု၊ လော့(စ)အင်ဂျလိ(စ)မြို့မှ ထွက်ခွာလာသည့် သမ္မတကြီးဂရန့် (President Grant) အမည်ရှိ တန်ချိန် (၁၄၀၀၀)ရှိသော ခရီးသည်တင်သင်္ဘောကြီးသည် ပစိဖိတ်သမုဒ္ဒရာအတွင်း ကြီးမားသောအမျိုးအမည် မသိရသည့် ရေသတ္တဝါကြီးတစ်ကောင်နှင့် တွေ့ခဲ့ကြရသည်။

ထိုရေသတ္တဝါကြီးသည် ဤမျှကြီးမားသော ခရီးသည်တင် သင်္ဘောကြီးကို တုန်ခါသွားစေရန် သင်္ဘောကြီး၏ ရောကို တိုက်ခိုက်ခဲ့သည်ဟု သင်္ဘောသားများနှင့် ခရီးသည်အများက ဆိုခဲ့ကြသည်။

တန်ချိန်(၁၄၀၀၀)ခန့်ရှိသော သင်္ဘောကြီး တုန်ခါသွားစေခဲ့သည့် ရေသတ္တဝါကြီး၏ ပမာဏကို စာဖတ်သူများ မှန်းဆ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပေလိမ့်မည်။

ပထမတွင် ခရီးကျွဲနေသော ဝေလငါးကြီးများလောဟု သင်္ဘောသားများနှင့် ခရီးသည်အချို့က ထင်မှတ်ခဲ့ကြသည်။

ထိုသတ္တဝါကြီးကို မြင်လိုက်ရသည်ဆိုသော သင်္ဘောသားအချို့နှင့် ခရီးသည်တို့ကမူ ဝေလငါးကြီးမဟုတ်ကြောင်း၊ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးရသည့် သတ္တဝါကြီးဖြစ်ကြောင်း ဒဏ္ဍာရီပုံပြင်များတွင် ပန်းချီဆရာများ စိတ်ကူးယဉ်ရေးဆွဲထားသည့် နဂါးကြီး၏ပုံနှင့် တူသည်ဟု ထုတ်ဖော်ပြောဆိုကြ၏။

မြင်လိုက်ရသည့် ခရီးသည်အချို့ကမူ တစ်ထောင့်တစ်ညပုံပြင်များတွင် ဖတ်ရှုခဲ့ရသည့် ပင်လယ်မင်းသား ဆင်းဘတ်တွေ့ရသည့် ရေသတ္တဝါကြီးသည် ဤရေသတ္တဝါကြီး ဖြစ်နိုင်လောက်သည်ဟု ဆိုကြ၏။

ထိုစဉ်က ထုတ်ဝေသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ယင်းသတင်းကို ဖော်ပြခဲ့ကြသဖြင့် အထူးဂယက်ထခဲ့ရသည့်သတင်းဖြစ်၏။

အလားတူ ဖြစ်ရပ်ဆန်းကို စန်တာကလဲရာ (Santa Clara)ဟူသော ခရီးသည်တင် သင်္ဘောတစ်စီးကြုံတွေ့ခဲ့ရသည်။

ထိုသင်္ဘောမှ သင်္ဘောအရာရှိ (Chief Mate) ဖြစ်သူ





မစ္စတာဝီလျံယန်ဟန်ဖရီနှင့် တတိယအရာရှိ မစ္စတာ ဂွန်အယ်(လ)ဆင်တို့သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း (၄၅)ပေခန့်ရှိသော ထူးဆန်းသောရေသတ္တဝါကြီးတစ်ကောင်အား တွေ့ခဲ့ရသည်ဟု ဆိုသည်။

ထိုစဉ်က သူတို့နှစ်ဦးနှင့်အတူ သင်္ဘောကုန်းပတ်ပေါ်တွင် အနားယူနေသော ခရီးသည်အချို့လည်း ရှိခဲ့ကြသည်။

ထိုသတ္တဝါကြီး၏ ဦးခေါင်းကြီးမှာ အဆမတန်ကြီးမားခဲ့ပြီး တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးသေးသော ရေသတ္တဝါဖြစ်သည်ဟုဆိုခဲ့သဖြင့် ကမ္ဘာ့သမုဒ္ဒရာ ပင်လယ်ပြင်များတွင် အမျိုးအမည်မသိရသေးသော ကြီးမားသည့် ရေသတ္တဝါကြီးများ ရှိနေသည်ကိုမူ အဏ္ဏဝါဗေဒပညာရှင်အများက ယုံကြည်ထားခဲ့ကြသည်။

(၁၉၇၇) ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံမှ ပင်လယ်နဂါး (Sea Dragon) အမည်ရှိ ငါးဖမ်းသင်္ဘောတစ်စီးသည် တန်ချိန်နှစ်တန်ခန့်ကြီးမားသည့် အမျိုးအမည်မသိရသော ရေသတ္တဝါကြီးတစ်ကောင်ကို အသေဖမ်းမိခဲ့၏။

ထိုသတ္တဝါမှာ ဂျပန်ရေလုပ်သားကြီးများကိုယ်တိုင် တစ်ကြိမ်တစ်ခါမှ တွေ့မြင်ဖူးခြင်းမရှိဟု ဆိုသည်။

ဖမ်းဆီးရမိသည့် ပင်လယ်ပြင်မှာလည်း နဂါးကြီးပင်



www.burmeseclassic.com

www.burmeseclassic.com



လယ်ပြင်ဒေသတွင် ဖြစ်၏။ ရေလုပ်သားကြီးများသည် ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူခဲ့ကြပြီး ထိုသတ္တဝါကြီးကို ဂျပန်နိုင်ငံသို့ သယ်ဆောင်လာခဲ့ရာ ရက်ပေါင်းများစွာ ကြာမြင့်ခဲ့သဖြင့် ဆွေးမြေ့ပုပ်သိုးလာခဲ့ရ၏။

အနံ့အသက် မခံမရပ်နိုင်သဖြင့် ထိုရေသတ္တဝါကြီးကို ပင်လယ်ပြင်တွင် စွန့်ပစ်ခဲ့ရသည်။

ဂျပန်အဏ္ဏဝါဗေဒပညာရှင်များက ဓာတ်ပုံမှတ်တမ်းများကို စစ်ဆေးကြည့်ရှုခဲ့ရာ ထိုရေသတ္တဝါကြီး၏ သက်တမ်းမှာ နှစ်ပေါင်းသန်းပေါင်း (၆၀)ခန့်က သတ္တဝါဖြစ်သည်ဟု ကောက်ချက်ချခဲ့ကြသည်။

သို့ဖြစ်လျှင် နဂါးတြိဂံဒေသ ပင်လယ်ကြမ်းပြင်တွင် ကမ္ဘာဦးက ရေသတ္တဝါကြီးများရှိနေသလော။

တရုတ်ဒဏ္ဍာရီများကို တစိုက်မတ်မတ် သုတေသနပြုခဲ့သော ပညာရှင် ဒင်နီး(စ) (Dr. N. B. Dennys)ကမူ ခရစ်တော်မပေါ်မီ နှစ်ပေါင်း(၂၆၀၀)ခန့်က စတင်အသုံးပြုခဲ့သည်ဟု ပညာရှင်အများ ယူဆထားသည့် တရုတ်တို့၏ (၁၂)ရာသီစက် (Zodiac)တွင် ပါဝင်သည့် သတ္တဝါအားလုံးသည် နဂါးမှလွဲ၍ ယနေ့ လူသားအားလုံး တွေ့မြင်နိုင်သည့် သတ္တဝါများသာ ဖြစ်





ကြသည်။

တစ်ချိန်က "နဂါး" ဆိုသည့် ရေသတ္တဝါရှိခဲ့သည်မှာ သေချာသည်။

သို့ဖြစ်၍ (၁၂)လ ရာသီစက်တွင် နဂါးအမည်ကို ဖော်ပြခဲ့ခြင်း ဖြစ်တန်ရာသည်ဟု ကောက်ချက်ချခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

# ပင်လယ်ပြင်ပေါ်မှ တစ္ဆေသင်္ဘောများ

တကယ်တော့ နဂါးကြီးဂံနယ်မြေ ပင်လယ်ပြင်၌ နစ်မြုပ်ပျောက်ကွယ်ခဲ့ရသော သင်္ဘောအစင်းအရေအတွက်မှာ မနည်းလှပေ။ ဘာမြူဒါကြီးဂံပင်လယ်ပြင်မှာ ပျောက်ကွယ်သွားသော သင်္ဘောအရေအတွက်ထက် မပိုလျှင်သော်မှ မပြော့နည်းနိုင်ပေ။ နောက်ပိုင်းမှာတော့ (၁၉၇၃)ခုနှစ်၊ မေလတွင်



www.burmeseclassic.com

www.burmeseclassic.com



တိုကျိုမြို့မှထုတ်သော မီနာချီနေ့စဉ်သတင်းစာ (Mainichi Daily News)က နဂါးတြိဂံနှင့်ပတ်သက်သော သတင်းဆောင်းပါးတစ်ခုကို ဖော်ပြခဲ့ရာ များစွာအံ့သြကြရလေတော့သည်။

ဌင်းဖော်ပြထားသော အရေအတွက်မှာ. . .

(၁၉၆၈)ခုနှစ်တွင် (၅၃၀)စင်း

(၁၉၇၀) ခုနှစ်တွင် (၄၃၅)စင်း

(၁၉၇၂) ခုနှစ်တွင် (၄၇၁)စင်း တို့ဖြစ်ကြသည်။

ထိုကဲ့သို့ နှစ်စဉ်အလိုက် ပျောက်ဆုံးသွားသော ဂျပန်ငါးဖမ်းသင်္ဘောအရေအတွက်မှာ (၁၄၃၆)စီး ရှိသော်လည်း ထိုအထဲတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နစ်မြုပ်ပျောက်ဆုံးခဲ့ရသော သင်္ဘောအရေအတွက်များ မပါသေးပေ။

အခြားနိုင်ငံမှ ပျောက်ဆုံးသွားခဲ့သော သင်္ဘောများကိုတော့ ဂျပန်နိုင်ငံက ဖော်ပြထားခြင်းမရှိပေ။

ဘာမြူဒါတြိဂံဒေသ၌သော်လည်းကောင်း၊ နဂါးတြိဂံဒေသတစ်ဝိုက်မှာသော်လည်းကောင်း နစ်မြုပ်ပျောက်ကွယ်သွားခဲ့ရသော သင်္ဘောများနှင့် လေယာဉ်အရေအတွက်တို့မှာ ရာပေါင်းများစွာရှိကြသည်ဖြစ်ရာ လူပေါင်းအရေအတွက်ကလည်း နည်းတော့မည်မဟုတ်ပေ။





ထိုတြိဂံဒေသနှစ်ခုအပါအဝင် ပင်လယ်နှင့်သမုဒ္ဒရာရေပြင်ပေါ်မှာ နစ်မြုပ်ပျက်စီး၊ ပျောက်ကွယ်ခဲ့ရသောသင်္ဘော၊ လေယာဉ်အရေအတွက်တို့မှာ ရာပေါင်းများစွာရှိနေသလို ဌင်းတို့နှင့်အတူ ပါသွားခဲ့သော လူအရေအတွက်ကလည်း ထောင်ပေါင်းများစွာ ရှိကြပေလိမ့်မည်။

သို့ကြောင့် ပင်လယ်၊ သမုဒ္ဒရာရေပြင်ထက်မှာ တစ္ဆေသင်္ဘောများ တွေ့ရခြင်းနှင့် တစ္ဆေခြောက်ခံကြရသော အဖြစ်အပျက်တို့ကလည်း မရေမတွက်နိုင်အောင် ပေါ်ပေါက်ခဲ့ရလေသည်။

ကမ္ဘာပေါ်တွင် တစ္ဆေအခြောက်ဆုံး နေရာများထဲတွင် ပင်လယ်နှင့် သမုဒ္ဒရာတို့ကိုလည်း တစ်နေရာပါဝင်လာခဲ့ရခြင်းဖြစ်တော့သည်။

တစ္ဆေသင်္ဘောများနှင့် တွေ့ကြုံကြရပုံများမှာလည်း တစ်နေရာနှင့်တစ်နေရာ မတူကြပါချေ။ မိုနိုဂနီလာသင်္ဘောမှ သင်္ဘောသားများသည် နဂါးတြိဂံဒေသပင်လယ်ပြင်၌ ထူးဆန်းသော သတ္တဝါကြီးတစ်ကောင်းကို တွေ့သဖြင့်သင်္ဘောကို အနားရောက်သည်အထိ ချဉ်းကပ်သွားပြီး မှိန်းများဖြင့် ဝိုင်းဝန်းထိုးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မှိန်းချက်ထိသွားသော ထိုသတ္တဝါကြီးသည် ဆယ်ပေခန့်ရှည်လျားသော ဦးခေါင်းကို ရေပေါ်သို့ထိုးပေါ်လာရာ နဂါးနှင့်ပုံသဏ္ဍာန်ချင်းအတော်ပင် တူသည်ဟုဆိုကြသည်။ လှိုင်းလေငြိမ်သက်နေသောကြောင့် ထိုသတ္တဝါကြီး၏ ပုံပန်းသဏ္ဍာန်ကိုကောင်းစွာ မြင်ကြရသည်။ ၎င်း၏အလျားမှာ မိုနိုဂရီလာ ရွက်သင်္ဘောကြီးထက်ပင် များစွာရှည်ပြီး ကိုယ်လုံးမှာအချင်းပေ(၅၀)ခန့်ရှိသည်။ အမြီးပိုင်းမှာ ခြေထောက်များပါပြီး ရေအောက်ပေ (၁၀၀၀)ကျော်အထိ ငုပ်ပြေးနိုင်သည်။ ထိုအကြောင်းကိုမာလိန်မှူးကြီး ဆီးဗြူရီ(Seabury)က လမ်း၌တွေ့ရသော ရီဗက်ကာဆင်း (Rebeccasins)မှတစ်ဆင့် မောနင်းမာကျူရီ သတင်းစာနှင့်နယူးဘက်ဖို့(ဒ)မြို့၌ရှိသော ငါးလုပ်ငန်းဦးစီးဌာနသို့ အစီရင်ခံစာ ရေးသားပေးပို့ခဲ့သည်။ ၎င်းတို့ကတော့ ပြန်မရောက်လာနိုင်တော့ပေ။နဂါးတြိဂံနယ်မြေမှာ ပျောက်သွားခဲ့ကြရပေသည်။

နဂါးတြိဂံလက်ချက်လေလား၊ ထူးဆန်းသောနဂါးနှင့်တူသော သတ္တဝါကြီးလက်ချက်ကြောင့် ပျောက်ခဲ့ကြရသလောမည်သူမှ အဖြေမသိကြရပေ။ ဆီးဗြူရီ ရေးသားပေးပို့ခဲ့သောမှတ်တမ်းများကတော့ ယနေ့ထက်တိုင်ရှိနေပေသေးသည်။

ဒုတိယကမ္ဘာစစ်ပြီးကာလအချိန်တွင် ပင်လယ်ရေအောက်မှ နစ်မြုပ်ပျောက်ကွယ်သွားသော သင်္ဘောများကို လိုက်လံရှာဖွေသောအဖွဲ့များ ပေါ်ပေါက်လာကြသည်။ ၎င်းတို့သည်တစ္ဆေသင်္ဘောများနှင့် မကြာခဏတွေ့ကြရလေသည်။

(၁၉၄၅)ခုနှစ် ပတ်ဝန်းကျင် အချိန်လောက်က သင်္ဘောပျက်ရှာဖွေသောအဖွဲ့တစ်ဖွဲ့သည် ပင်လယ်ပြင်ပေါ်မှာ မီးရောင်များလင်းထိန်နေသော သင်္ဘောကြီးတစ်စင်းကို လှမ်းမြင်ကြရသည်။ ထိုသို့ မြင်ရခြင်းမှာ ထူးဆန်းသည်တော့ မဟုတ်ပေ။ နောက်တစ်နေ့ နံနက်လင်းတော့မှ ထိုနေရာမှာ ကြီးမားသောသင်္ဘောကြီးတစ်စင်းကို တွေ့ကြရသဖြင့် များစွာအံ့သြသွားကြသည်။

ညက မီးရောင်များနှင့်အတူ လှုသံများကြားခဲ့ရသောထိုသင်္ဘောကြီးမှာ ယခုတော့လည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေချေပြီ။

သို့ကြောင့် ၎င်းတို့သင်္ဘောကို ထိုနေရာရောက်အောင်မောင်းသွားပြီး အခြေအနေကြည့်ကြသည်။

အနီးကပ်ကြည့်တော့မှ သင်္ဘောပျက်ကြီးတစ်စင်း ဖြစ်မှန်းသိကြသဖြင့် အပေါ်တက်ကြည့်ကြသည်။ အပေါ်ရောက်တော့ အစားအသောက်များ တွေ့ရပြီး လူတစ်ယောက်မှမရှိကြ





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပေ။

ထိုအစားအသောက်များကို စားသောက်ရန် ပြင်နေစဉ်မှာ ပုပ်ပွဆွေးမြေ့သွားလေတော့သည်။

တစ်နေရာမှာတော့ ရွှေငွေများထည့်ထားသောသေတ္တာအချို့ ရှိနေသောကြောင့် ဝင်ကြည့်ရာ ထိုအခန်းထဲရောက်သွားသူတိုင်း တစ္ဆေများနှင့်တွေ့ရပြီး နောက်ဆုံး တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားကြရလေသည်။

နောက်ပိုင်းထို တစ္ဆေသင်္ဘောကြီးအကြောင်းမှာ လူသိများလာပြီး စိတ်ဝင်စားမှု ရှိလာကြသည်။ သို့သော်လည်း ထိုတစ္ဆေသင်္ဘောကြီးနှင့် တွေ့သမျှလူတိုင်း ကြောက်စရာကောင်းသော ပရလောကသားများနှင့်တွေ့ကာ သေဆုံးကြရလေသည်။

(၁၉၈၉)ခုနှစ် ဝန်းကျင်တစ်ဝိုက်က ဝေလငါးဖမ်းသင်္ဘောတစ်စင်းမှာလည်း ပင်လယ်ပြင်မှာ တစ္ဆေသင်္ဘောတစ်စင်းနှင့်ကြုံတွေ့ခဲ့ရသည်။ မာလိန်မှူးမှာ မိုရီဂိုဖြစ်သည်။ တစ်ညမှာတော့ ၎င်းတို့ငါးဖမ်းသင်္ဘောနှင့် ကိုက်(၂၀၀)ခန့်အကွာတွင် တစ္ဆေသင်္ဘောကို တွေ့မြင်ခဲ့ရသည်။ ထိုကဲ့သို့ တွေ့မြင်ခဲ့ရသော နေရာမှာ နဂါးတြိဂံနယ်မြေအတွင်း၌ ပါဝင်နေသော နေရာဖြစ်သည်၊





မာလိန်မှူး မိုရီဂိုသည် ထိုသင်္ဘောကို လှမ်းမြင်သောအခါ ဥဩသံဖြင့် အချက်ပေးသော်လည်း ထိုသင်္ဘောဆီမှ တုံ့ပြန်မှု မရပေ. . ။

သို့ကြောင့် များစွာတုန်လှုပ်သွားမိလေသည်။ ထို့နောက်မှာတော့ ၎င်းတို့သင်္ဘောကို ထိုသင်္ဘောနှင့် ဘေးချင်းယှဉ်လျက်ကပ်လိုက်ပြီး မာလိန်မှူးနှင့်အတူ သင်္ဘောသားအချို့ ထိုသင်္ဘောပေါ်သို့ တက်ကြည့်ကြလေသည်။

ထိုသင်္ဘောပေါ်တွင် မာလိန်မှူးမှာ တက်မကိုင်သောနေရာမှာပင် သေဆုံးလျက်ရှိနေချေပြီ။ သေဆုံးခဲ့သည်မှာ အတော်ပင် ကြာမြင့်ခဲ့ဟန်ဖြင့် အလောင်းပင် ပုပ်ပွပျက်စီးနေလေပြီ။ ထိုနေရာတစ်ဝိုက်မှာတော့ ရေးထားသော စာအချို့ကို တွေ့ရသဖြင့် အပေါ်မှဖုန်များကို ဖယ်၍ကြည့်ကြလေသည်။ စာများမှာ သွေးဖြင့် ကြမ်းပြင်ပေါ်မှာ ရေးထားခြင်း ဖြစ်ပေသည်။ ထိုစာမှာ (Depth.s)'ပင်လယ်ရေနက်'ဟူ၍ အဓိပ္ပာယ်ရသော စာဖြစ်သည်။

ထို့နောက်မှာတော့ သင်္ဘောပေါ်သို့ လိုက်လံကြည့်ကြသောအခါ ထိုအလောင်းမှလွဲပြီး အခြားသင်္ဘောသားများကိုသော်လည်းကောင်း၊ အလောင်းများကိုသော်လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ကြရသဖြင့် များစွာအံ့သြသွားကြသည်။

သင်္ဘောပေါ်မှာရှိသော အခြားပစ္စည်းကိရိယာနှင့် အစားအသောက်ပစ္စည်းများကတော့ ဘာတစ်ခုမှ နေရာမယွင်းပဲ ခြေရာလက်ရာမပျက် ရှိနေကြသည်။ ထိုမြင်ကွင်းကိုမြင်သောအခါ မိုရီဂိုမှာ များစွာအံ့သြသွားလေသည်။ သွေးဖြင့်ရေးသားခဲ့သည့် 'ပင်လယ်ရေနက်' ဟူသော အဓိပ္ပာယ်သည်ဘာလဲ..။

ပင်လယ်ရေနက်မှ တက်လာသောအန္တရာယ်နှင့် တွေ့ခဲ့ရသည်ကို ရေးထားခဲ့လေသလော မပြောတတ်ပါချေ။ မိုရီဂိုမှာ ဂျပန်နိုင်ငံကမ်းခြေသို့ ပြန်ရောက်သောအခါ ကမ်းခြေစောင့်တပ်ဖွဲ့များကို ထိုသတင်းကို ပြောပြလိုက်သည်။

ကမ်းခြေစောင့်တပ်ဖွဲ့များအနေဖြင့် နဂါးတြိဂံပတ်ဝန်းကျင်တစ်ဝိုက်မှာ သင်္ဘောများ မကြာခဏပျောက်ဆုံးနေသောသတင်းများကို မကြာခဏလက်ခံရကြလေရာ ထိုကဲ့သို့သော သင်္ဘောပျက်တစ်စင်း တွေ့ရသောသတင်းမှာ အထူးအဆန်းတော့ မဟုတ်ကြတော့ပေ။

သို့သော်လည်း လာရောက်သတင်းပို့သဖြင့် ပင်လယ်ပြင်သို့ထွက်ပြီး လိုက်လံရှာဖွေကြသော်လည်း ထိုသင်္ဘော၏ အရိပ်အယောင်ကိုမျှ မတွေ့ကြရပေ။





နဂါးတြိဂံအတွင်း အခြားထူးခြားသောဖြစ်ရပ်မှာ အလိုအလျောက် လောင်မီးကျခြင်းဖြစ်ရပ်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ ရေတပ်မတော်မှ လက်ကာလိုတာ (Lacarlota) ဟူသောအလံတင်သင်္ဘောတစ်စင်း၏ ဖြစ်ရပ်မှာ အံ့သြဖွယ်ရာဖြစ်၏။

(၁၉၈၇) ခုနှစ် ဒီဇင်ဘာလတွင် အထက်ဖော်ပြပါ အလံတင်သင်္ဘောသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှ ဂျပန်နိုင်ငံသို့ ထွက်ခွာလာခဲ့သည်။

နဂါးတြိဂံနယ်မြေအတွင်းရောက်သည်နှင့် သင်္ဘောပေါ်တွင်မီးလောင်မှုဖြစ်ပွားခဲ့၏။ အမှန်အားဖြင့် သင်္ဘောပေါ်တွင် မီးလောင်စေသော လောင်စာပစ္စည်းများမရှိပေ။

ရေတပ်သားများသည် ကြိုးစား၍မီးကို ငြိမ်းသတ်ကြ၏။ တစ်နေရာတွင် မီးငြိမ်းသွားလျှင် အခြားတစ်နေရာမှ မီးထတောက်ခြင်းဖြစ်နေသဖြင့် သင်္ဘောသားအားလုံးကို သင်္ဘောအား စွန့်ခွာရန်အမိန့်ပေးမှ အလိုအလျောက်ပင် သင်္ဘောပေါ်မှာမီးငြိမ်းသွားသည်ဟု ဆိုသည်။

အများကမူ ထိုဖြစ်ရပ်ကို အလိုအလျောက် လောင်မီးကျခြင်း (Spontananeous Fire) ဟု ဆိုကြသည်။

၄င်းမှာ ပုဏ္ဏကတိုက်ခြင်းမျိုးဖြစ်သည်။ ယင်းသင်္ဘော



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ပြန်လည်ပြင်ဆင်ခြင်း မပြုတော့။ ယနေ့အထိ မနီလာဆိပ်ကမ်းတွင် ထားရှိခဲ့သည်ဟု ဆိုကြသည်။ နဂါးတြိဂံအတွင်း ထူးဆန်းသော တစ္ဆေသင်္ဘောကြီး (The Mary Celeste) ကို တွေ့မြင်လိုက်ရသည်ဟု သတင်းများထွက်ပေါ်လာခဲ့သည်။

ယင်းသင်္ဘောမှာ ပျောက်ဆုံးခဲ့သော သင်္ဘောကြီးဖြစ်သည်။ ထိုသင်္ဘောကြီးအား (၁၈၇၂)၊ ဒီဇင်ဘာ(၄)ရက်နေ့တွင် အခြားကုန်တင်သင်္ဘော (The Dei Coretia) က တွေ့မြင်ခဲ့ရသည်ဟုဆို၏။

အထက်ဖော်ပြပါ မေရီစီလက်(ခ)တေးသင်္ဘောကြီးပေါ်တွင် မာလိန်မှူးကြီးမိသားစုနှင့် သင်္ဘောသားများကို မတွေ့ကြရပေ။ သင်္ဘောပေါ်ရှိ အဖိုးတန်ပစ္စည်းတစ်စုံတစ်ရာ ပျောက်ဆုံးခြင်းလည်းမရှိချေ။

စားသောက်ခန်းတွင်လည်း အစားအသောက်များ စားသောက်ရန် ပြင်ဆင်ထားသည်ကို တွေ့ကြရသည်။ သင်္ဘောပေါ်ရှိလူအားလုံးသည် အဘယ်ကြောင့် သင်္ဘောကိုစွန့်ခွာသွားကြသနည်း။ ထိုကိစ္စကို မည်သူမှ မရှင်းပြနိုင်ပေ။ အဆိုပါရွက်သင်္ဘောကြီးသည် သမုဒ္ဒရာခုနစ်တန်ထိ လွင့်မျောနေခဲ့သည်။ ယနေ့ထိ ထိုသင်္ဘောကြီးအား တွေ့မြင်နိုင်သည်ဟု ဆိုကြသည်။





ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ယင်းအဖြစ်အပျက်များမှာ မှတ်တမ်းမှတ်ရာ အခိုင်အမာရှိနေ၏။

ထိုတစ္ဆေသင်္ဘောကြီးအား နဂါးတြိဂံနယ်မြေအတွင်း မကြာခဏဆိုသလို ငါးဖမ်းသင်္ဘောများက မြင်တွေ့ရသည်ဟု ဆိုကြသည်။

အဆိုပါသင်္ဘောကြီးအား အခြားနဂါးတြိဂံအတွင်း ဖြတ်သွားကြသော သင်္ဘောကြီးများမှ သင်္ဘောသားများက မြင်တွေ့ကြသည်ဟုဆိုသည်။

သင်္ဘောကြီး၏ ရွက်တိုင်၊ ရွက်ကြိုးများမှာ ပျက်စီးယိုယွင်းစုတ်ပြတ်နေသည်ကိုပင် မျက်ဝါးထင်ထင် အခိုင်အမာတွေ့ကြရသည်ဟု ဆိုကြသဖြင့် အံ့သြဖွယ်ရာ ဖြစ်တော့သည်။

နဂါးတြိဂံအတွင်း အခြားထူးထူးခြားခြား တွေ့ရသော တစ္ဆေသင်္ဘောကြီးမှာ ကမ္ဘာကျော်ဒတ်(ချ်)အမျိုးသားပိုင် "လူပျံတော်"(The Flying Dutchman)အမည်ရှိ ရွက်သင်္ဘောကြီးပင် ဖြစ်၏။

ယင်းရွက်သင်္ဘောကြီး၏ အကြောင်းမှာ ပဟေဠိသဖွယ် ဖြစ်နေပေသည်။

နိုင်ငံတကာ ပင်လယ်ပြင်တွင် ယင်း "လူပျံတော်"



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောကြီးကို တွေ့မြင်ကြရသည်ဟု ဆိုသဖြင့် လူအများတို့သည် ယနေ့ထိ ဒဏ္ဍာရီပမာ ပြောခဲ့ကြသည်။

ထိုလူပျံတော် သင်္ဘောကြီးမှာ (၁၇)ရာစုနှစ်က နစ်မြုပ်ခဲ့သည့် ဒတ်(ချ)အမျိုးသားများ ပိုင်ဆိုင်သော ရွက်သင်္ဘောကြီးဖြစ်သည်။

ထိုခေတ်က ဒတ်(ချ)လူပျံတော်ရွက်သင်္ဘော၏ ခရီးစဉ်မှာ ဟော်လန်နှင့် အရှေ့အိန္ဒိယကျွန်းစုများအကြား လူးလာတုံ့ခေါက် ပြေးဆွဲနေသည့် သင်္ဘောကြီးဖြစ်သည်။

အဆိုပါ ခရီးလမ်းကြောင်းသည် အရှေ့တိုင်းနှင့် အနောက်တိုင်းအကြား အဓိကကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည်။

"လူပျံတော်" ရွက်သင်္ဘောကြီး၏ မာလိန်မှူးကြီးမှာ ကော်နယ်လီယပ်(စ) ဗန်ဒါဒက်ကင်(CorneLius VandeL Decken) ဖြစ်သည်။

မာလိန်မှူးကြီးမှာ ဘုရားမဲ့ဝါဒီတစ်ဦးဖြစ်ပြီး ကောက်ကျစ်စဉ်းလဲ ရက်စက်ကြမ်းကြုတ်သူတစ်ဦးဖြစ်သည်။

မာလိန်မှူး ဗန်ဒါဒက်ကင်သည် ထိုခေတ်က တောင်အာဖရိကတိုက်မှ ဂွတ်ဟုပ်(Good Hope)အငူကို မကြာခဏ



ရွက်သင်္ဘောဖြင့် ဖြတ်သန်းသွားလာနေကျဖြစ်သည်။

သင်္ဘောသားများ၏ ဘေးအန္တရာယ် ကင်းဝေးလုံခြုံမှုကို စဉ်းစားသည့် မာလိန်မှူးမဟုတ်။

သူ့အလိုဆန္ဒအတိုင်း မုန်တိုင်းကျရောက်၍ လှိုင်းထန်သောပင်လယ်ထဲသို့ ဖွတ်တိုးထွက်ခဲ့သဖြင့် သင်္ဘောရွက်များစုတ်ပြဲပြီး ရွက်တိုင်များ အပိုင်းပိုင်း ကျိုးပြတ်လဲပြိုကာ ဖရိုဖရဲဖြစ်နေသော ရွက်သင်္ဘောကြီးသည် ရေမျက်နှာပြင်အောက်သို့ ရောက်သွားခဲ့တော့သည်။

အထက်ဖော်ပြပါ ဒတ်(ချ)လူပျံတော်(The FLying Dutchman)တစ္ဆေသင်္ဘောကြီးကို ကမ္ဘာနှင့်အဝန်းမှ သင်္ဘောများက မကြာခဏဆိုသလို တွေ့မြင်ခဲ့ကြရသည်။

ထူးခြားဆန်းကြယ်သော အချက်မှာ ထိုသင်္ဘောကြီးကို တွေ့မြင်ခဲ့ရသော သင်္ဘောမှန်သမျှ ကံကြမ္မာဆိုးအမျိုးမျိုးနှင့် တွေ့ကြုံရသည်ဟု ဆိုကြ၏။

ထိုတစ္ဆေသင်္ဘောကြီးကို နဂါးတြိဂံအတွင်း တွေ့မြင်ခဲ့ရသူများတွင် အနာဂတ်၌ အင်္ဂလန်ပြည်နှင့် နေမဝင်နိုင်သည့် လက်နက်နိုင်ငံတော် ကြီးကိုအုပ်စိုးရမည့်. . . ဝေလမင်းသားဂျော့(ချ)သည်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က အိမ်ရှေ့မင်းသားဂျော့(ချ်)(George) မှာ ဝိတိုရိယ ဘုရင်မကြီး၏ ရေတပ်မတော်မှ(H.M.S Inconstant) ခေါ် ဖရီးဂိတ်စစ်သင်္ဘောပေါ်တွင် အလုပ်သင်အရာရှိငယ် တစ်ဦးအဖြစ် အမှုထမ်းနေရစဉ်က ထိုတစ္ဆေသင်္ဘောကြီးကို မမျှော်လင့်ဘဲ မျက်ဝါးထင်ထင် တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုကြ၏။

ဂျော့(ချ်) တွေ့မြင်ခဲ့သည့်နေ့မှာ (၁၈၈၁)ဇူလိုင်လ(၁၁) ရက်နေ့ဖြစ်သည်။

ဝေလမင်းသား ဂျော့(ချ်)တို့၏ စစ်သင်္ဘောသည် ဩစတြေးလျနိုင်ငံမှ ထွက်ခွာလာခဲ့သည်။

အချိန်မှာ နံနက်လင်းအားကြီးဖြစ်သော (၀၄း၀၀) နာရီဖြစ်သည်။

အိမ်ရှေ့မင်းသား ဂျော့(ချ်)၊ ညီတော်မင်းသား အယ်လဘတ်(Albert) တို့နှင့်အခြားသင်္ဘောသား (၁၂)ဦးတို့သည် အရှေ့ဘက် မိုးကုတ်စက်ဝိုင်းအစွန်းမှ ထူးဆန်းသော အလင်းရောင်တန်းကြီးကို မြင်လိုက်ကြရသည်။

ထိုအလင်းရောင်တန်းကြီးသည် သူတို့စစ်သင်္ဘောရှိရာသို့ တရွေ့ရွေ့ချဉ်းကပ်လာနေ၏။

အနီးသို့ရောက်လာသောအခါ ဖြူဖွေးသော ရွက်





သင်္ဘောကြီးတစ်စင်းကို မြင်ခဲ့ကြရသည်ဟုဆိုသည်။

ရွက်သင်္ဘောကြီး တစ်စင်းလုံးမှာ ထူးထူးခြားခြား ထိန်လင်းနေ၏။

ထိုအချိန်တွင် မြူခိုးများဝေနေသဖြင့် ပတ်ဝန်းကျင်တစ်ခွင်လုံးကို သဲသဲကွဲကွဲ မမြင်ကြရပေ။

ရွက်လှေကြီးသည် စစ်သင်္ဘောဦးမှ ကိုက်(၂၀၀)ခန့်တွင် ရပ်နေသည်ကို မြင်တွေ့ခဲ့ရသည်။

သင်္ဘောနှစ်စင်း ဦးချင်းဆိုင်နေသည့် အနေအထားဖြစ်နေသည် ကိုမြင်တွေ့နေရသော စစ်သင်္ဘောလင့်စင်ထက်မှ တာဝန်ကျစစ်သားဖြစ်သူက မိမိတို့သင်္ဘောရှေ့တွင် ရွက်လှေကြီးတစ်စင်းကို မြင်နေရသည်ဟု အော်ဟစ်သတိပေးခဲ့၏။

ပိန်းပိတ်အောင် ဝေနေသည့် မြူခိုးများကြားမှ သင်္ဘောပျက်ကြီးပေါ်ရှိ ရွက်တိုင်နှင့်ရွက်ကြိုးများကို လင်းထိန်နေသောအလင်းရောင်ကြီးကြောင့် ပြတ်သားစွာ မြင်တွေ့နေကြရသည်။

သို့သော် ခဏအကြာမှာပင် သင်္ဘောပျက်ကြီး ပျောက်ခြင်းမလှပျောက်သွားသည်။ အိမ်ရှေ့မင်းသားညီနောင်အပါအဝင် သင်္ဘောကုန်းပတ်ပေါ်မှ စစ်သင်္ဘောသားများမှာ ကြက်သေ်းခမွေးညင်းထသွားကြသည်။ ထိုစဉ်က ရာသီဥတုမှာ အတော်ကြည်



www.burmeseclassic.com

www.burmeseclassic.com



လင်ပြီး ပင်လယ်ပြင်သည် လှိုင်းလေမရှိ ငြိမ်သက်နေ၏။

ကျော့မင်းသားအပါအဝင် သင်္ဘောကြီးကိုမြင်ရသူ (၁၃) ဦးရှိခဲ့သဖြင့် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်တစ်ခုဖြစ်ခဲ့သည်။

အမှန်အားဖြင့် ယင်းတစ္ဆေသင်္ဘောကြီးကို ပဉ္စမမြောက်ကျော့(ချ)ဘုရင်ဖြစ်လာမည့် ဝေလမင်းသားကျော့(ချ)မတိုင်မီ (၁၅)နှစ်ခန့်ကလည်း ဗိုလ်ချုပ်ကြီး ဂရန့်(General Grant) အမည်ရှိသော သင်္ဘောတစ်စင်းသည် အင်္ဂလန်နိုင်ငံသို့ ဩစတြေးလျနိုင်ငံ မဲ(လ)ဘုန်းဆိပ်ကမ်းမှ စတင်ထွက်ခွာလာခဲ့၏။

ထိုကဲ့သို့ ထွက်ခွာလာပြီး (၁၅)ရက်ခန့်ကြာသောအခါ လေတိုက်နှုန်း လျော့နည်းလာခဲ့ပြီး သင်္ဘောကြီးမှာ ရေစီးအတိုင်း မျောပါသွားခဲ့သည်ဟုဆို၏။

သင်္ဘောကြီး၏ ရွက်များမှာလည်း အလိုအလျောက် ပျက်စီးသွားခဲ့၏။ သင်္ဘောကြီးပေါ်တွင် ခရီးသည်(၄၆)ဦး လိုက်ပါလာခဲ့ကြ၏။

သင်္ဘောကြီးမှာ ရေစီးအတိုင်းမျောပါနေစဉ် နဂါးတြိဂံအတွင်းသို့ ရောက်ရှိသွားခဲ့တော့သည်။ သင်္ဘောသားများနှင့် ခရီးသည်တို့၏ ပြောပြချက်အရဆိုပါက ယင်းကဲ့သို့ရေစီးအတိုင်း ဦးတည်ရာမဲ့မျောနေစဉ် ထူးခြားဆန်းကြယ်သည့် ရွက်သင်္ဘော





ကြီးတစ်စင်းကို တွေ့မြင်ရသည်ဟု ဆိုကြ၏။

ထိုသင်္ဘောကြီးမှာ ဒတ်(ချ)လူပျံတော်သင်္ဘောကြီး ဖြစ်နေသည်။

ယင်းသင်္ဘောကြီးသည် အထက်ဖော်ပြပါ ကျော့မင်းသားနှင့်အဖွဲ့ မြင်ကြရသည့်အတိုင်း အလင်းရောင်တန်းကြီးအတွင်းမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။

အလားတူ တစ္ဆေသင်္ဘောကြီးကို နဂါးတြိဂံအတွင်း မြင်ကြရသည့် သင်္ဘောပေါင်းများစွာ ရှိခဲ့ကြသည်။

(၁၉၁၁)ဇန်နဝါရီလအတွင်း ထုတ်ဝေခဲ့သည့် လန်ဒန်နေ့စဉ်သတင်းစာ (London Daily News)တွင် ဝေလငါးဖမ်းသင်္ဘောတစ်စင်းသည် တစ္ဆေသင်္ဘောကြီး "လူပျံတော်"နှင့် တိုက်တော့မည့် အခြေအနေသို့ရောက်လောက်အောင် နီးနီးကပ်ကပ်တွေ့ခဲ့ရသည်ဟု ဖော်ပြခဲ့သည်ဟုဆိုသည်။

ရှေ့အခန်းများတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ပင်လယ်သမုဒ္ဒရာတို့၏ အကျယ်အဝန်းမှာ ကုန်းမြေဧရိယာတို့ထက် လေးပုံသုံးပုံခန့် နေရာယူထားကြလေသည်။

ထို့ကြောင့်ကမ်းပေါ်၌ ပျက်စီးဆုံးရှုံးသော တန်ဖိုးထက် ရေမျက်နှာပြင်ပေါ်မှာ ပျက်စီးဆုံးရှုံးသော တန်ဖိုးကပိုမိုများပြား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ကမ္ဘာနေရာအနှံ့အပြားတွင် တစ္ဆေအခြောက်ဆုံးနေရာများစွာရှိကြလေသည်။

ထိုကဲ့သို့ပင် ပင်လယ်ရေမျက်နှာပြင်ပေါ်တွင် တစ္ဆေအခြောက်ဆုံး သင်္ဘောများ(တစ္ဆေသင်္ဘောများ) ရှိကြလေသည်။ ထိုအထဲတွင် ဂျူပီတာ(Jupiter)သင်္ဘောကြီးလည်း တစ်စီးပါဝင်လေသည်။





# အခန်း (၃)

# သရဲသင်္ဘောကို ဖြင်တွေ့ကြရခြင်း

ဂျူပီတာသင်္ဘောကြီးမှာ ကြီးမားခန့်ထည်သော သင်္ဘောကြီးတစ်စင်းပင်ဖြစ်သည်။ ထိုသင်္ဘောကြီးမှာ ခရီးသည်နှင့် ကုန်ပစ္စည်းများတင်ဆောင်သော သင်္ဘောအမျိုးအစားဖြစ်ပြီး ခန့်ညားထည်ဝါမှုလည်းရှိသည်။

ထိုသင်္ဘောကြီးကို အင်္ဂလန်သင်္ဘောကျင်းအစ်ခုမှ



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ခဲ့ပြီး ရေချခဲ့သည်မှာ မကြာသေးပေ။ ဂျူပီတာ သင်္ဘောကြီးသည် မလေးရှားကျွန်းဆွယ်မှ စတင်ခရီးထွက်ပြီး အိန္ဒိယနိုင်ငံ ဘုံဘေမြို့ဆိပ်ကမ်းမြို့တွင် ခရီးစဉ်ပြီးဆုံးမည် ဖြစ်သည်။ ဘုံဘေမြို့တွင် ခရီးသည်နှင့် ကုန်ပစ္စည်းများချပြီး နောက် အိန္ဒိယမှ ကုန်ပစ္စည်းများနှင့် ခရီးသည်များကို တင် ဆောင်ပြီး မလေးရှားသို့ ပြန်လာမည်ဖြစ်ပေသည်။

ထိုကဲ့သို့ ခရီးစဉ်ကို ခေါက်တုံ့ခေါက်ပြန်ပြေးဆွဲရန် အတွက် သင်္ဘောကုမ္ပဏီမှ သင်္ဘောကြီးကို တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ယခုအခါ ဂျူပီတာသင်္ဘောကြီးမှာ မလေးရှားကျွန်း ဆွယ် သင်္ဘောကြီးများ ဝင်ထွက်သွားလာသော ဆိပ်ကမ်း၌ ဆိုက်ကပ်ထားလေသည်။

သင်္ဘောဆိပ်တစ်ဝိုက်မှာတော့ ကြက်ပျံမကျစည်ကား လှသည်။ ရှေးအခါက မလေးရှားသည် သင်္ဘောကြီးများအဝင် အတွက်ရှိသောကြောင့် အတန်အသင့် စည်ကားသော်လည်း ကျွန်းဆွယ်တစ်ခုမျှသာ ဖြစ်သည်။

ကိုလိုနီချယ်ချဲ့ခေတ်က ဆင်းရဲမွဲတေမှုများပြီး လူတန်း စားမညီမျှသော နိုင်ငံတစ်ခုလည်းဖြစ်သည်၊ သင်္ဘောဆိပ်ကမ်း တစ်ဝိုက်မှာတော့ စားသောက်ဆိုင်များ၊ ကုန်ပစ္စည်းရောင်းချ





သောဆိုင်များအပြင် ခရီးသည်များ ယာယီတည်းခိုရန် ဆောက် လုပ်ထားသော အဆောက်အအုံတချို့ ရှိလေသည်။

ဂျူပီတာသင်္ဘောက ယနေ့ညနေပိုင်းတွင် ဘုံဘေသို့ ထွက်ခွာမည်ဖြစ်သောကြောင့် သင်္ဘောဆိပ်ကမ်းတစ်ဝိုက်မှာ ရှုပ်ထွေးလျှက် ရှိနေကြသည်။ ခရီးသည်များ၊ ကုန်ထမ်းအလုပ် သမားများဖြင့် ရှုပ်ထွေးနေသည်။ ဆိပ်ကမ်းတစ်ဝိုက်တွင် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်စသော ကျွန်း နိုင်ငံများမှ ခရီးသည်များလည်း စုံလှပေသည်။ ထိုအထဲတွင် မြန်မာလူမျိုးအချို့လည်း ပါဝင်လေသည်။

ညနေပိုင်းအချိန်တွင် သင်္ဘောဆိပ်ကမ်းသို့ မြန်မာလူမျိုး သုံးယောက် ဆင်းလာကြသည်။ တစ်ယောက်က လူရွယ်ဖြစ်ပြီး ကျန်နှစ်ယောက်က အသက်အရွယ်အတော်ရနေကြပြီ ဖြစ် သည်။ ၎င်းတို့သည် ခရီးဆောင်အိတ်ကိုယ်စီဖြင့် ဆိပ်ကမ်းသို့ ဆင်းလာကြခြင်းဖြစ်သည်။

သူတို့သုံးယောက်မှာ အခြားသူများမဟုတ်ကြပေ။ ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီးသူရဋ္ဌနှင့် ဦးဇန်ကောင်းတို့ သုံးယောက်ပင်ဖြစ်သည်။ သူတို့သုံးယောက်သည် သီဟိုဠ်ကျွန်း၊ ကန္ဒီမြို့မှာ ကိန်းဝပ်စံပယ်နေသော ဗုဒ္ဓမြတ်စွယ်တော်ကို သွား



www.burmeseclassic.com

www.burmeseclassic.com



ရောက်ဖူးမြော်ပြီး ပြန်လာကြခြင်းဖြစ်သည်။

ကန္ဒီမြို့မှာ သီဟိုဠ်ကျွန်းတွင် အလှပဆုံးမြို့တော်ဖြစ်ပြီး ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်လျက်ရှိသောကျောင်းမှာ 'ဒေဒါဇလီဂဝါ' ဟု အမည်ပေးထားကြသည်။

ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ပွဲကို နှစ်စဉ်ဩဂုတ်လအတွင်း လပြည့်နေ့တွင် ကျင်းပကြလေရာ ၎င်းတို့သုံးယောက်သည် ဗုဒ္ဓမြတ်စွယ်တော်ကို လာရောက်ဖူးမြော်ကြခြင်းဖြစ်သည်။ ထိုမှ ဗုဒ္ဓဂယာသို့ ခရီးဆက်ကြရန် ရည်စူးချက်ဖြင့် သင်္ဘောဆိပ်ကမ်းသို့ ဆင်းလာကြခြင်းဖြစ်လေသည်။

သူတို့ရောက်လာတော့ ခရီးသည်များကို ဆင်းခွင့်မပေးသေးဘဲ ကုန်ပစ္စည်းများသာ ချနေလေသည်။ သို့ကြောင့် သုံးယောက်သား စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ခဲ့ကြသည်။

ဆိုင်ထဲမှာလည်း ထိုင်စရာနေရာမရှိတော့လောက်အောင် လူများနေသည်။ ဟိုဟိုဒီဒီလိုက်ကြည့်နေစဉ်မှာ လူရွယ်တစ်ယောက်က စားပွဲမှာ လာရောက်ထိုင်ရန်ခေါ်သဖြင့် အဆင်ပြေသွားလေသည်။

ထိုလူရွယ်မှာ ထိုင်းလူမျိုးဖြစ်ဟန်ရှိလေသည်။ သူတို့ကို





မြင်တော့ လက်အုပ်ချီလျက် နှုတ်ဆက်သည်။

"ကျေးဇူးတင်ပါတယ်ကွာ၊ ခရီးသည်တွေက အတော်များတာပဲ"

"ဟုတ်ပါတယ် ဒီသင်္ဘောလိုင်းမှာ ဒီလိုသင်္ဘောကြီးမျိုး မရှိတာ ဆယ်နှစ်လောက်ရှိသွားပြီ၊ ဒီသင်္ဘောကြီး ပထမဆုံး အခေါက်လာပြီး ဆွဲတာပဲ"

ထိုလူရွယ်က မြန်မာစကားနှင့်ပင် ပြောပြလေသည်။

"ဘယ်လိုကြောင့်လဲ. . "

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်တုန်းက ဒီသင်္ဘောလိုင်းမှာ သင်္ဘောကြီးတစ်စင်း ပြေးဆွဲခဲ့ဖူးတယ်. . . သင်္ဘောနာမည်က 'ဂျူပီတာ'တဲ့ဗျ. . "

"ဟင်. . . အခုသင်္ဘောနာမည်နဲ့ တူနေပါလား"

"တူဆို သင်္ဘောကုမ္ပဏီတစ်ခုတည်း တစ်ပုံစံတည်း တည်ဆောက်ထားတာကိုး. . . သင်္ဘောကုမ္ပဏီရဲ့ နာမည်က ဂျူပီတာတဲ့ ဒီတော့သူတို့ကုမ္ပဏီက သင်္ဘောတွေကိုလည်း ဂျူပီတာလို့ပဲ ပေးတယ်ထင်ပါရဲ့"

ဒေါက်တာမင်းထင်ကျော်တို့က အနီးမှဖြတ်သွားသော



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးတစ်ယောက်ကိုခေါ်ကာ ကော်ဖီသုံးခွက် မှာလိုက်လေသည်။

"ဒါထက် ပထမသင်္ဘောကြီးက ဘယ်ရောက်သွားလို့လဲ"

"ပင်လယ်ထဲမှာ နစ်မြုပ်သွားတယ်လို့ သတင်းကြားရတာပဲ၊ ခရီးသည်တွေရော သင်္ဘောဝန်ထမ်းတွေပါ အတော်များများသေသွားခဲ့ကြတယ်၊ ပင်လယ်ထဲမှာ မျောနေတဲ့ သင်္ဘောသားအချို့လောက်ပဲ အခြားသင်္ဘောသားတွေနဲ့တွေ့လို့ အသက်ချမ်းသာရာ ရခဲ့ကြတယ်"

လူရွှယ်က စီးကရက်တစ်လိပ်ကို ဖွာနေရင်းမှ စိတ်ပါလက်ပါ ပြောပြနေသည်။

ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်ကလည်း မိမိတို့သွားရမည့် ခရီးစဉ်အတွက် သိသင့်သိထိုက်သည်များကို သိကြရသောကြောင့် စိတ်ဝင်စားကြလေသည်။

"ဒါထက် ဘယ်လိုကြောင့် နစ်မြုပ်သွားတာလဲ မုန်တိုင်းမိလို့ နစ်တာလား"

ထိုအခါ လူရွှယ်က စီးကရက်သောက်နေရာမှ ကိုယ်ကိုရှေ့သို့ အနည်းငယ်ကိုင်းလာပြီး တိုးတိုးပြောသည်။





"ပြောရမှာတော့ မယုံနိုင်စရာပဲဗျ၊ သင်္ဘောကြီးက မုန်တိုင်းမိပြီး နစ်သွားတာမဟုတ်ဘူး၊ သင်္ဘောပေါ်မှာပါတဲ့ တစ္ဆေသရဲတွေ နှောင့်ယှက်လို့ နစ်မြုပ်ပျက်စီးသွားရတာလို့ သတင်းကြားတယ်"

လူရွှယ်စကားကြောင့် သုံးယောက်သား များစွာအံ့သြသွားကြလေသည်။

"မင်းပြောတာအမှန်ပဲလားကွယ်"

ဆရာကြီးသုရဇ္ဇက ဝင်မေးလိုက်သည်၊

"အမှန်ပါပဲ. . သင်္ဘောတစ်စင်းလုံး ပျက်စီးသွားတာ တစ္ဆေသရဲတွေ ခြောက်လှန့်လို့ပါပဲ၊ ဒါပေမယ့် ဒီအကြောင်းတွေကို ဘယ်သူမှမသိအောင် သင်္ဘောကုမ္ပဏီက သတင်းကို ဖုံးကွယ်ထားခဲ့တယ်၊ ဒါကလည်း သဘာဝကျပါတယ်လေ၊ ဒီအကြောင်းတွေကိုသာ လူတွေသိသွားရင် ဒီရေကြောင်းလိုင်းမှာ ပြေးဆွဲနေတဲ့ သင်္ဘောတွေကို ဘယ်သူမှ စီးဝံ့ကြတော့မှာမဟုတ်ဘူး"

ထိုသို့ပြောဆိုနေကြစဉ်မှာပင် စားပွဲထိုးက ကော်ဖီသုံးခွက် လာရောက်ချပေးသဖြင့် စကားရပ်ပြီး သောက်ကြသည်။ အချိန်ကလည်း သင်္ဘောထွက်ချိန်နှင့် တဖြည်းဖြည်းနီးကပ်



www.burmeseclassic.com

www.burmeseclassic.com



လာပြီဖြစ်သောကြောင့် ဆိပ်ကမ်းတစ်ဝိုက်မှာ လူများရော၊ ကုန်ပစ္စည်းများပါ ပိုမိုများပြားလာလေတော့သည်။

"ဒါထက် မင်းက ဒီအကြောင်းတွေကို ဘယ်လိုများ သိနေတာလဲ"

ဦးဇန်ကောင်းကပါ ဝင်မေးလိုက်သည်။

"အဲဒီအခေါက်က ကျွန်တော်မိတ်ဆွေတစ်ယောက်က အဲဒီသင်္ဘောခရီးစဉ်နဲ့ ပါသွားခဲ့တယ်၊ သူက ကံကောင်းထောက်မပြီး အသက်မသေတဲ့အထဲမှာလည်းပါတယ်၊ သူပြန်ပြောပြလို့ သိရတာပါ"

"ဒါထက်နေပါဦးကွယ့် သင်္ဘောပေါ်မှာ လူတွေ ဒီလောက်အများကြီးပါသွားတာ သင်္ဘောမနစ်ပဲနဲ့ ဒီလူတွေက ဘယ်လိုများ သေရတာလဲ"

"အချင်းချင်း ပြန်သတ်လို့ သေကြရတာပါ၊ မကောင်းဆိုးဝါးတွေက လူတွေကိုပူးကပ်ပြီး အချင်းချင်းပြန်သတ်လို့ သေကြရတာပဲ၊ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ လွန်ခဲ့တဲ့ဆယ်နှစ်က ဂျူပီတာသင်္ဘောကြီး ဒီဆိပ်ကမ်းက ထွက်သွားခဲ့တာ ဒီရက်ပါပဲ"

လူရွယ်က နံရံမှာချိတ်ထားသော ပြက္ခဒိန်ကိုတစ်ချက်လှမ်းကြည့်ရင်း ပြောလိုက်သည်။





ဒီနေ့သည် (၁၉၄၅)ခု၊ ဩဂုတ်လ၊ (၁၅)ရက်၊ ဗုဒ္ဓဟူးနေ့ ဖြစ်လေသည်။

"လွန်ခဲ့တဲ့ ဆယ်နှစ်အချိန်က ဂျူပီတာသင်္ဘောကြီး ဒီဆိပ်ကမ်းက ထွက်သွားခဲ့တာ (၁၉၃၅)ခု၊ ဩဂုတ်လ (၁၅)ရက် ကြာသပတေးနေ့ပဲဗျ၊ ဒီကနေ့ဆိုရင် ဆယ်နှစ်တင်းတင်း ပြည့်တဲ့နေ့ပဲဗျ၊ စိတ်ဝင်စားစရာတော့ ကောင်းနေတာပဲ"

ဟု ပြောပြီး ထိုလူရွယ်က နေရာမှထရပ်လိုက်သည်၊

"ဒါထက် မင်းလည်း ဒီသင်္ဘောနဲ့လိုက်မှာပဲ မဟုတ်လား"

"ဟုတ်ပါတယ် လက်မှတ်တောင် ယူထားပြီးပြီ"

"မင်းနာမည်က ဘယ်သူလဲ"

"ချန်ထွန်းလို့ ခေါ်ပါတယ်၊ နောက်ထပ်အဖော်တွေ ထည်းလိုက်ကြဦးမှာဆိုတော့ သူတို့ကိုသွားရှာလိုက်ဦးမယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ ချန်ထွန်းဆိုသော လူရွယ်က နေရာမှ ထသွားလေသည်။

ထိုအခါ သုံးယောက်သား ထိုအကြောင်းကို အမျိုးမျိုး ပြောဆိုရင်းနှင့် စားပွဲမှာကျန်ခဲ့ကြလေသည်။ အတန်ကြာတော့ ခေါက်တာမင်းထင်ကျော်က ဂျူပီတာသင်္ဘောကြီး ဆိုက်ကပ်



www.burmeseclassic.com

www.burmeseclassic.com



ထားသော ဆိပ်ကမ်းဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဟင်"

သူမြင်ရသော မြင်ကွင်းကြောင့် ထိတ်လန့်သွားလေသည်။

"ဘာမြင်လို့လဲ မောင်ထင်ကျော်"

"ဟိုဆိပ်ကမ်းမှာ ကပ်ထားတဲ့ သင်္ဘောကြီးက စောစောကမြင်ရသလို အသစ်မဟုတ်တော့ဘူး၊ အဟောင်းအပျက်ကြီးဖြစ်နေပါလား"

ထိုစကားကြောင့် ကျန်နှစ်ယောက်ကပါ လှမ်းကြည့်လိုက်ကြလေသည်။

သူတို့နှစ်ယောက်အမြင်မှာတော့ သင်္ဘောကြီးမှာ ဘာမှပြောင်းလဲမှုမရှိဘဲ သစ်လွင်တောက်ပလျက်ပင် ရှိနေသည်။

"သင်္ဘောခေါင်းတိုင်က မီးခိုးငွေ့တွေ ထွက်နေတာမြင်တယ်မဟုတ်လား ဆရာကြီး"

"မြင်ရပါတယ်"

"အဲဒီ မီးခိုးငွေ့တွေထဲမှာ လူတွေအများကြီး ကျွန်တော်မြင်ရပါတယ်"

ထိုစကားကြားသောအခါ ဆရာကြီးသူရဋ္ဌက သက်ပြင်း





တစ်ချက်ချကာ ပြောလေသည်။

"ဒီတစ်ခေါက် သင်္ဘောခရီးစဉ်ကတော့ ကျုပ်တို့သုံးယောက်အတွက် စိတ်ဝင်စားစရာ အတွေ့အကြုံတွေ အများကြီးတွေ့ကြုံရမှာ သေချာတယ်"

ဟု မှတ်ချက်ချလေသည်။

ဒေါက်တာမင်းထင်ကျော်က မိမိမျက်စိအမြင် မှောက်မှားနေသည်ကို သဘောပေါက်သဖြင့် မျက်နှာလွှဲပြီး မျက်စိမှိတ်ထားလိုက်သည်။

အတန်ကြာမှ ပြန်လှည့်ကြည့်သောအခါ စောစောကမြင်ကွင်းမျိုးမဟုတ်တော့ပဲ သစ်လွင်တောက်ပလျက်ရှိသော ဂျူပီတာသင်္ဘောကြီးကို ပြန်မြင်လိုက်ရလေသည်။

ထိုအခိုက်မှာပင် စားသောက်ဆိုင်အတွင်းသို့ ထိုင်းဘုန်းကြီးတစ်ပါးဝင်လာသည်။ အသက်(၃၀)ကျော် အရွယ်ခန့်သာရှိသေးပြီး ခရီးဆောင်အိတ်တစ်လုံးကို ကိုင်လာသည်။ ၎င်းက ထိုင်စရာနေရာ လိုက်ရှာသဖြင့် ဒေါက်တာမင်းထင်ကျော်က နေရာမှထသွားပြီး ၎င်းတို့စားပွဲသို့ ခေါ်လာလေသည်။

စောစောက ချန်ထွန်းထိုင်သွားသောနေရာမှာပင် နေရာပေးလိုက်သည်။ ဘုန်းကြီးက လက်အုပ်ချီလျက် နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုဘုန်းကြီး၏ မျက်နှာအမူအရာမှာ ကြည်လင်ရွှင်ပျမှု မရှိဘဲ တစ်စုံတစ်ခုအတွက် သောကရောက်နေဟန်မျိုး တွေ့ရလေသည်။

"ဒကာကြီးတို့က မြန်မာလူမျိုးတွေလား"

"မှန်ပါတယ် ဘုရား"

"အိန္ဒိယသွားကြမှာလား"

"ဗုဒ္ဓဂယာဘုရားဖူး သွားကြမှာပါဘုရား"

"ကျုပ်လည်း ဗုဒ္ဓဂယာသွားမှာပါပဲ. .၊ ဒီခရီးစဉ်တစ်လျှောက်မှာတော့ အဖော်ရတာပေါ့"

သုံးယောက်သား ခေါင်းညိတ်ပြလိုက်ကြသည်။

"ဒါထက် ကျုပ်စောစောက သင်္ဘောဆိပ်ဆင်းလာတော့ ထူးခြားတာတွေ မြင်လိုက်ရတယ်"

"ဘယ်လိုများလဲ ဘုရား"

"သင်္ဘောပျက်ကြီးတစ်စင်း ဆိပ်ကမ်းမှာကပ်ထားတာတွေ့ရပြီး သင်္ဘောပေါ်မှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြတဲ့ လူတွေအများကြီးကို လှမ်းမြင်လိုက်ရတယ်"

"ဟင်"





ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ စောစောက သူမြင်လိုက်ရသော မြင်ကွင်းမျိုးနှင့် တူနေသောကြောင့် အံ့ဩသွားခြင်းဖြစ်ပေသည်။

"ဘယ်လိုထူးခြားမှုမျိုးတွေလဲ၊ ပြောပြပါဦးဘုရား"

"သင်္ဘောနာမည်ကတော့ အတူတူပဲ. . ဒါပေမယ့် သင်္ဘောက အသစ်မဟုတ်ဘူး၊ အဟောင်းအပျက်ကြီး တစ်စင်း ကပ်ထားတာကို ကျုပ်မျက်စိနဲ့ သေသေချာချာမြင်လိုက်ရတယ်၊ နောက်ပြီး သင်္ဘောလက်ရန်းပေါ်မှာလည်း လူတွေအများကြီး ရပ်နေတာ တွေ့ရတယ်၊ လူကောင်းတွေတော့ မဟုတ်ကြဘူး၊ ပုံပျက်ပန်းပျက် ဖြစ်နေကြတဲ့ တစ္ဆေသရဲမျက်နှာမျိုးတွေနဲ့ ကမ်းပေါ်ကလူတွေကို လှမ်းခေါ်နေတာ တွေ့ရတယ်၊ ဒီဆိုင်ထဲဝင်သာပြီးမှ ပြန်ကြည့်လိုက်တော့ စောစောကမြင်ရတဲ့ သင်္ဘောပျက်ကြီးပျောက်သွားပြီး ဒီသင်္ဘောသစ်ကြီးကို တွေ့ရတော့တယ်"

"ဘာမှ စိတ်ပူစရာမလိုပါဘူး ဘုရား၊ အခုထွက်မယ့် သင်္ဘောအသစ်ကြီးပါ မျက်စိအမြင်မှားတာလည်း ဖြစ်နိုင်ပါတယ်"

"ကျုပ်ကတော့ မကြောက်တတ်ပါဘူး၊ သတ္တဝါအများ



www.burmeseclassic.com

www.burmeseclassic.com



ဘေးအန္တရာယ်နဲ့ ကြုံတွေ့ရမှာကိုပဲ စိုးရိမ်တာပါ၊ သတ္တဝါများ ဘေးဥပဒ် အန္တရာယ်ကင်းဝေးပြီး လိုရာခရီးရောက်ကြပါစေ"

ဟု လက်အုပ်ချီလျှက် ဆုတောင်းမေတ္တာပို့သပေးနေလေသည်။

သူတို့စကားပြောနေစဉ်မှာပင် မိုးကတဖွဲဖွဲရွာသွန်းလာလေတော့သည်။ ထိုအခိုက်မှာပင် ဂျူပီတာသင်္ဘောကြီးရှိရာဘက်မှ ဥသြဆွဲသံ ပေါ်ထွက်လာလေသည်။

ခရီးသည်များ သင်္ဘောသို့ ဆင်းခွင့်ရပြီဖြစ်ကြောင်း၊ အချက်ပေးလိုက်ခြင်းဖြစ်သောကြောင့် ဆိပ်ကမ်းတစ်ဝိုက်မှာ ရောက်နေကြသော ခရီးသည်များ လှုပ်လှုပ်ရှားရှားနှင့် ပြင်ဆင်နေကြလေတော့သည်။







# အခန်း (၄)

## အင်္ဂလိပ်ခန်းအတွင်းမှ အင်္ဂလိပ်နီယာတစ္ဆေ

သင်္ဘောထွက်ချိန်နီးသောအခါမှ ထိုသင်္ဘောခရီးစဉ်လိုက်ပါ တာဝန်ထမ်းဆောင်ကြမည့် အမျိုးသမီးသုံးယောက် ဆိပ်ကမ်းရုံးခန်းသို့ ရောက်လာသည်။ ထိုအထဲတွင် မာရီယာဆိုသော အမျိုးသမီးတစ်ယောက်လည်း ပါလာလေသည်။

မာရီယာသည် အသက်(၂၉)နှစ်ခန့် ရှိပြီး သင်္ဘောခရီး



www.burmeseclassic.com

www.burmeseclassic.com



စဉ်များတွင် တာဝန်ထမ်းဆောင်ရာတွင် လုပ်သက်ရင့်နေသူတစ်ဦးလည်းဖြစ်သည်။

ငှင်းတို့ သုံးယောက်မှာ မာရီယာက ခေါင်းဆောင်ဖြစ်ပြီး နောက်မှပါလာတော့ မေစီနှင့်မေရီမော်တို့နှစ်ယောက်က အတွေ့အကြုံနုနယ်ကြသူများ ဖြစ်ကြလေသည်။

သူတို့ဝင်လာတာမြင်တော့ ရုံးခန်းထဲမှာ တာဝန်ကျနေသော ဦးမင်းဒင်က နှုတ်ဆက်လေသည်။

"အလို တိုက်တိုက်ဆိုင်ဆိုင် ပြန်တွေ့ရပြန်ပါပကောလား၊ မင်းဒီအလုပ်ကို စိတ်မကုန်သေးဘူးလား မာရီယာ"

"ဒီလိုပေါ့ ဝါသနာပါတော့လည်း သည်းခံပြီးလုပ်နေရတာပေါ့ ဆရာရယ်"

"မင်းကတော့ ဂျူပီတာသင်္ဘောနဲ့ အတော်ကို အဆက်ပါသူပါပဲ အရင်တစ်ခေါက် ဂျူပီတာသင်္ဘော ဒီဆိပ်ကမ်းကထွက်တော့လည်း မင်းလိုက်ခွင့်ရတယ်၊ ဆယ်နှစ်လောက် ကြာပြီးမှ အခုတစ်ခေါက် ဂျူပီတာပြန်ထွက်တော့လည်း မင်းလိုက်ရပြန်ပြီ တိုက်ဆိုင်တယ်ဆိုရင်တောင်မှ အတော်ကလေး ထူးထူးခြားခြား တိုက်ဆိုင်မှုမျိုးပါပဲ"

"ဒီသင်္ဘောခရီးစဉ်က ကျွန်မကသွားနေကျဖြစ်တော့





တာဝန်ရှိသူတွေက ကျွန်မကိုပဲ တမင်ရွေးပြီးတာဝန်ပေးကြတာလည်းဖြစ်မှာပေါ့"

ဟု ပြောပြီး ကမ်းဘက်သို့မြင်ရသော ပြတင်းပေါက်ရှိရာဘက်သို့ လျှောက်လာလေသည်။

ထိုနေရာမှလှမ်းကြည့်လျှင် ဆိပ်ကမ်းတစ်ဝိုက်မှာသွားလာနေကြသောလူများနှင့် ဆိပ်ကမ်းမှာဆိုက်ကပ်ထားသော ဂျူပီတာသင်္ဘောကြီးကို လှမ်းမြင်ရလေသည်။

အပြင်ဘက်မှာ မိုးတဖွဲဖွဲရွာသွန်းနေသော်လည်း သင်္ဘောကြီးကိုတော့ ကောင်းစွာလှမ်းမြင်ရလေသည်။

ဆိပ်ကမ်းဗောတံတားမှာ ဆိုက်ကပ်ထားသော ဂျူပီတာသင်္ဘောကြီးကို လှမ်းမြင်ရသောအခါ မာရီယာမှာ များစွာထိတ်လန့်တုန်လှုပ်သွားသည်။ အဘယ်ကြောင့်ဆိုသော် . . .

ယခုမြင်တွေ့ရသော ဂျူပီတာသင်္ဘောကြီးမှာ လွန်ခဲ့သောဆယ်နှစ်ခန့်က ပင်လယ်ပြင်မှာ ပျက်စီးပျောက်ကွယ်သွားသော ဂျူပီတာသင်္ဘောကြီးနှင့် ဆေးရောင်မှအစ တစ်ပုံစံတည်း တထေရာတည်း တူနေသောကြောင့်ဖြစ်သည်။

ထိုသင်္ဘောကြီးကို မြင်လိုက်ရတော့ လွန်ခဲ့သော ဆယ်နှစ်ခန့်က အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က သင်္ဘောကြီးပေါ်မှာပါလာသော တစ္ဆေသရဲများ မကောင်းဆိုးဝါးများက လူများကိုဝင်ရောက်ပူးကပ်နှိပ်စက်ကြသောကြောင့် သင်္ဘောပေါ်မှာပါသူများ သေကျေပျက်စီးခဲ့ကြရသည်။ နောက်ပိုင်းမှာတော့ သင်္ဘောပျက်ကြီးမှာလည်း ပင်လယ်ပြင်မှာ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေတော့သည်။

ထိုသင်္ဘောပေါ်မှာပါသွားသူများ သေကျေပျက်စီးခဲ့ကြသော်လည်း လူအချို့ကတော့ ကံကောင်းထောက်မစွာဖြင့် အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ကြရပေသည်။

ထိုအထဲတွင် မာရီယာလည်းတစ်ဦးအပါအဝင်ဖြစ်သည်။ သင်္ဘောပေါ်မှာပါသူများ အတော်များများ သေဆုံးခဲ့ကြရပြီး လူအနည်းငယ်သာ အသက်ချမ်းသာရာရသောအထဲတွင် သင်္ဘောနှင့်သက်ဆိုင်သော ဝန်ထမ်းဆို၍ သူမတစ်ယောက်တည်းသာ ပါဝင်လေသည်။

ကျန်သူများက ခရီးသည်များဖြစ်ကြလေသည်။ ထိုအချိန်က သူမအသက်မှာ (၁၉)နှစ်ခန့်သာ အရွယ်ရှိသေးသည်။

ထိုအချိန်က ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာမြင်ကွင်းများ၊ အဖြစ်အပျက်များနှင့် တွေ့ခဲ့ရပြီးနောက် သင်္ဘောဝန်ထမ်းအ





လုပ် မလုပ်တော့ပဲ အနားယူခဲ့လေသည်။

သို့သော်လည်း သူမဝါသနာပါသောအလုပ်က ရေကြောင်းခရီးသွားလာလုပ်ကိုင်ရသော အလုပ်များပင်ဖြစ်သည်။

နောက်ပိုင်း ဆယ်နှစ်ခန့်ကြာသောအခါ ဂျူပီတာ သင်္ဘောကုမ္ပဏီမှ သင်္ဘောအသစ်တစ်စင်းတည်ဆောက်ပြီး အိန္ဒိယခရီးစဉ် ပြေးဆွဲရန်စီစဉ်ကြသောအခါ သူမထံသို့ အဆက်အသွယ်ပြုလာကြလေသည်။

မာရီယာအနေနှင့်လည်း အခြားအလုပ်များထက် သင်္ဘောခရီးစဉ်များနှင့် လိုက်ပါတာဝန်ထမ်းဆောင်ရခြင်းကို နှစ်သက်သူဖြစ်သောကြောင့် ထိုအလုပ်ကို ပြန်လည်လက်ခံခဲ့လေသည်။

ထိုသို့ လက်ခံခဲ့ခြင်းကပင် အန္တရာယ်များနှင့် နောက်တစ်ကြိမ်ထပ်မံကြုံတွေ့ရဖို့ အကြောင်းဖန်လာလေသလားမပြောတတ်တော့ပါချေ။

အလုပ်ခန့်စာရပြီး မရှေးမနှောင်းမှာပင် သင်္ဘောကုမ္ပဏီမှ သူမနှင့်အတူ အခြားဝန်ထမ်းများကို သင်္ဘောဆိပ်ကမ်းသို့ လိုက်ပို့ပေးခဲ့လေသည်။

မာရီယာအနေနှင့် ထိုသင်္ဘောဆိပ်သို့ရောက်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းမှာကပ်ထားသော ဂျူပီတာသင်္ဘောကြီးကို မျက်ဝါးထင်ထင်တွေ့မြင်ရခြင်းဖြစ်ပေသည်။

ထိုသို့တွေ့မြင်ရသောအခါမှာတော့ စောစောပိုင်းမှာ ရေးသားဖော်ပြခဲ့သလို မမျှော်လင့်သော မထင်မှတ်သောမြင်ကွင်းကြောင့် ထိတ်လန့်တုန်လှုပ်သွားခြင်း ဖြစ်ပေတော့သည်။

မိုးတဖွဲဖွဲအောက်မှာ သူမမြင်တွေ့ရသော ဂျူပီတာသင်္ဘောကြီးမှာ လွန်ခဲ့သောဆယ်နှစ်ခန့်က ပင်လယ်ပြင်မှာ ပျက်စီးပျောက်ကွယ်သွားသော ဂျူပီတာသင်္ဘောကြီးနှင့် အရွယ်အစား၊ ပုံပန်းသဏ္ဌာန်များ ထပ်တူထပ်မျှတူနေရုံမကပဲ ဆေးရောင်များမှအစ တစ်သဝေမတိမ်း တူညီနေသောကြောင့်ဖြစ်သည်။

သူမသည် ပြတင်းပေါက်မှာ ရပ်ရင်းကြည့်နေစဉ်မှာပင် မိုးကပိုများလာသည်။ ထိုအခါ မြင်ကွင်းကလည်း တဖြည်းဖြည်းပြောင်းလဲလာလေတော့သည်။

ကြည့်နေရင်းနှင့်ပင် သင်္ဘောဦးပိုင်းမှာ ရေးခြယ်ထားသောသစ်လွင်သည့်ဆေးရောင်များ တဖြည်းဖြည်းပျောက်သွားပြီး သံချေးရောင်များ ထလာသည်။ ထိုသံချေးရောင်များက တဖြည်းဖြည်းနှင့် အနောက်ပိုင်းဘက်သို့ ရောက်သွားလေသည်။

သင်္ဘောကိုယ်ထည်တစ်ခုလုံးမှာလည်း အသစ်မဟုတ်





တော့ပဲ အပျက်အစီးအပေါက်အပြဲများပေါ်လာလေတော့သည်။

နောက်ဆုံးမှာတော့ သံချေးရောင်များနှင့် အပျက်အစီးအပေါက်အပြဲများက သင်္ဘောတစ်စင်းလုံး လွှမ်းခြုံသွားလေရာ စောစောကမြင်နေရသော သင်္ဘောအသစ်ကြီးမဟုတ်တော့ပဲ သံချေးအလိမ်းလိမ်းတက်နေသော သင်္ဘောပျက်ကြီးတစ်စင်းကိုသာ တွေ့မြင်နေရတော့သည်။

“ဟင်. . . ငါဘာတွေမြင်နေတာလဲ စောစောက ဆိပ်ကမ်းမှာ ကပ်ထားတာကသင်္ဘောအသစ်ကြီးပါ အခုဘာကြောင့် သင်္ဘောပျက်ကြီးဖြစ်သွားရတာလဲ၊ ဒီသင်္ဘောပျက်ကြီးက လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ငါလိုက်ခဲ့တဲ့သင်္ဘောကြီးပဲ၊ ဒီသင်္ဘောပျက်ကြီးက ဘာကြောင့်ဒီနေရာ ရောက်လာရတာလဲ”

တစ်ယောက်တည်း ရေရွတ်နေမိလေသည်။

ထိုအခိုက်မှာပင် သင်္ဘောပျက်ကြီးပေါ်မှာ လှုပ်ရှားသွားလာနေသောလူအချို့ကို မြင်လာရသည်။

သင်္ဘောပေါ်မှာ တာဝန်ထမ်းဆောင်စဉ် ဝတ်ဆင်ထားသော အဝတ်အဝတ်အစားများနှင့် ဖြစ်သော်လည်း ၎င်းတို့ဝတ်ဆင်ထားသော အဝတ်အစားများက စုတ်ပြဲနေကြလေသည်။

၎င်းတို့က သင်္ဘောကုန်းပတ်ပေါ်တက်လာပြီး သူမရှိရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ကြည့်ကာ လက်ပြနှုတ်ဆက်နေကြသည်။

"ဟင်. . . ဟိုမှာမြင်နေရတာ သင်္ဘောကပွတိန်ကြီးနဲ့ သင်္ဘောဝန်ထမ်းတွေပါလား. . ၊ သူတို့က လွန်ခဲ့တဲ့ဆယ်နှစ်လောက်ကပေးညကသေသွားခဲ့ကြပြီမဟုတ်လား"

ထိုသို့ တွေးတောနေစဉ်မှာပင် သင်္ဘောပေါ်မှာရပ်နေကြသူများနောက်ဘက်မှ သရဲ၊ သဘက်၊ မကောင်းဆိုးဝါးများ ရောက်လာကြပြီး ရပ်နေသူများကို တစ်ယောက်ပြီးတစ်ယောက် ဆွဲချသွားလေတော့သည်။

"ဘော်. . . "

"အမလေး"

ထိုအခိုက်မှာပင် သင်္ဘောရှိရာမှ ဥသြသံတစ်ချက်ထွက်ပေါ်လာရာ ထိတ်လန့်သွားလေသည်။

မရှေးမနှောင်းမှာပင် သူမနောက်ဘက်မှရောက်လာကြသောအဖော်နှစ်ယောက်က သူမအမူအရာကိုမြင်သဖြင့် အံ့သြသွားကြလေသည်။

"ဟဲ့. . . မာရီယာ နင်ဘယ်လိုဖြစ်နေတာလဲ၊ ဟိုမှာ သင်္ဘောပေါ်ဆင်းကြဖို့ အချက်ပေးနေပြီ"

တစ်ယောက်ကပြောလိုက်တော့မှ အိမ်မက်မှနိုးလာသ





ကဲ့သို့ အလန့်တကြားဖြစ်ကာ သင်္ဘောကြီးရှိရာသို့ နောက်တစ်ခေါက်ပြန်ကြည့်လိုက်သည်။

စောစောကမြင်ကွင်းမျိုးတော့ မဟုတ်တော့ပေ။ မိုးရေစက်များအောက်တွင် သစ်လွင်တောက်ပလျက်ရှိနေသော ဂျူပီတာသင်္ဘောကြီးကိုသာ တွေ့ရလေသည်။

ထို့နောက်မှာတော့ မာရီယာ၊ မေစီ၊ မေရီမော်တို့ သုံးယောက်မှာ ၄င်းတို့ခရီးဆောင်အိတ်များကိုယူပြီး သင်္ဘောရှိရာသို့ ဆင်းလာခဲ့ကြလေသည်။

"နင်ကတော့ ဂျူပီတာသင်္ဘောနဲ့ အတော်ကလေး ရေစက်ပါပုံရတယ်၊ အရင်တစ်ခေါက်တုန်းကလည်း ဂျူပီတာပဲ အခုတစ်ခေါက်လည်း ဂျူပီတာသင်္ဘောပဲနော် မထူးဆန်းဘူးလား"

မေစီကမေးလိုက်သည်။

"ဘာများထူးဆန်းလို့လဲမေစီရယ်၊ ဂျူပီတာသင်္ဘောကုမ္ပဏီက သင်္ဘောတွေမှန်သမျှ ဂျူပီတာလို့ပဲ နာမည်ပေးကြမှာပေါ့"

"ဒါပေမယ့် နင်အရင်တစ်ခေါက်လိုက်ခဲ့တဲ့ ဂျူပီတာသင်္ဘောကြီးက ပင်လယ်ပြင်မှာ ပျက်သွားခဲ့တယ်မဟုတ်လား"

"အဲဒါဘာဖြစ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သင်္ဘောလည်းတူ၊ နာမည်လည်းတူနေတော့ အရင်တစ်ခါက်ကလိုများ ဖြစ်လေမလားလို့ စိုးရိမ်နေမိလို့ပါ"

"တော်စမ်းပါဟယ် ခရီးထွက်ကာနီး မဦးမချွတ်နိမိတ်မရှိတဲ့စကားတွေ မပြောစမ်းပါနဲ့"

ဟု ကျန်နှစ်ယောက်က ဝိုင်းပြောတော့မှ မေစီလည်း စကားရပ်သွားတော့သည်။

သူမတို့သုံးယောက် သင်္ဘောသို့ ဆင်းလာသောအခါ သင်္ဘောတစ်ခုလုံး စစ်ဆေးကြည့်ရှုရန်အတွက် စစ်ဆေးရေးအရာရှိသုံးယောက်လည်း ဆင်းလာကြသည်။

ရင်းတို့မှာ အင်ဂျင်နီယာကျော်မင်း၊ ဦးဝမ်ရှိန်နှင့် မစ္စတာသော်မဆင်တို့သုံးယောက်ဖြစ်သည်။

သော်မဆင်က ကုမ္ပဏီမှ အရာရှိဖြစ်ပြီး ကျန်နှစ်ယောက်က ကုမ္ပဏီဝန်ထမ်းများဖြစ်ကြသည်။

ကျော်မင်းမှာ မြန်မာလူမျိုး အင်ဂျင်နီယာတစ်ယောက်ဖြစ်ပြီး အသက်(၃၀)ကျော်အရွယ်ခန့်သာရှိသေးသည်။

ရင်းတို့သုံးယောက်မှာ သင်္ဘောရှိရာသို့ ရောက်သောအခါ သင်္ဘောသားအချို့နှင့်အတူ သင်္ဘောတစ်စင်းလုံး လိုက်လံစစ်ဆေးကြရလေသည်။





ထိုသို့စစ်ဆေးရာမှာ အချိန်ကိုက်ပြီးစေရန် တစ်ယောက်တစ်နေရာစီ နေရာခွဲပြီး စစ်ဆေးကြည့်ရှုကြလေသည်။

ကျော်မင်းက အဖော်တစ်ယောက်နှင့်အတူ အင်ဂျင်ခန်းရှိရာသို့ ဆင်းလာခဲ့သည်။

အင်ဂျင်ခန်းရှိသော အောက်ဘက်မှာတော့ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

တကယ်ဆိုပါက ယခုလိုသင်္ဘောထွက်ကာနီးအချိန်မျိုးတွင် အင်ဂျင်နီယာ၊ စက်မောင်းသူ၊ ဆီလောင်းသမား စသည်တို့မှာ စက်ခန်းအတွင်း၌ အဆင်သင့်ရှိနေရမည့်အစား တစ်ယောက်မှ မတွေ့ရခြင်းမှာ အတော်ကလေး ထူးခြားနေလေသည်။

ထိုအခါ ကျော်မင်းက သူ့နောက်မှပါလာသော အဖော်ကို ပြောလိုက်သည်။

"ဒီအချိန်မျိုးမှာ စက်ခန်းအတွင်းမှာ တစ်ယောက်မှ မရှိကြတာတော့ အံ့ဩစရာပဲ၊ ကပ္ပတိန်ရုံးခန်းထဲကို ရောက်နေတယ်ထင်တယ်၊ မင်း သူတို့ကို လိုက်ရှာကြည့်ပါ တွေ့ရင် စက်ခန်းထဲကို ခေါ်လာခဲ့ပါ"

"ဟုတ်ကဲ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



နောက်မှပါလာသူက ခြေလှမ်းသွက်သွက်ဖြင့် အပေါ် ထပ်သို့ပြန်တက်သွားလေသည်။

ထိုအခါ ကျော်မင်းလည်း အောက်ထပ်သို့ လှေခါးအတိုင်းဆက်ဆင်းလာခဲ့လေသည်။ အင်ဂျင်ထားသော အခန်းမှာ အောက်ပိုင်းဘက်တွင်ဖြစ်သည်။ သူလျှောက်လာတော့မှ အင်ဂျင်ခန်းရှေ့မှာရပ်နေသော လူတစ်ယောက်ကို တွေ့ရတော့သည်။

ထိုသူဝတ်ဆင်ထားသော ယူနီဖောင်းမှာ စုတ်ပြဲလျက်ရှိနေသည်။ တစ်ကိုယ်လုံး ရစရာမရှိအောင် စုတ်ပြဲနေသော အဝတ်အစားများကို ဘာကြောင့်ဝတ်ထားရသလဲဟု တွေးရင်း ထိုနေရာဘက်သို့ ဆက်လျှောက်လာသည်။

ထိုလူက ကျောပေးသော အနေအထားဖြင့် အောက်သို့ငုံ့ကာ တစ်ခုခုလုပ်နေဟန်ရှိသည်။ သူအနားရောက်သွားတော့လည်း သိဟန်မတူပေ။

“ခင်ဗျားဘယ်သူလဲ”

ကျော်မင်းက မေးလိုက်တော့မှ တဖြည်းဖြည်း လှည့်ကြည့်လာသည်။ သူ့မျက်နှာကိုမြင်တော့ ကျော်မင်းမှာ ဇဝေဇဝါဖြစ်သွားလေသည်။

စိတ်ထဲမှာ ထိုလူမျက်နှာမျိုး တစ်နေရာရာမှာ တွေ့မြင်





ဖူးသကဲ့သို့ ထင်နေသည်။

“ခင်ဗျားဘယ်သူလဲ”

“ငါ့နာမည်က ပီတာလို့ခေါ်တယ်၊ တစ်ချိန်ကတော့ သင်္ဘောအင်ဂျင်နီယာ တစ်ယောက်ပေါ့ကွာ”

“အခု ဒီသင်္ဘောမှာ လက်ရှိတာဝန်ကျနေတာ ခင်ဗျားတော့ မဟုတ်ပါဘူးနော်”

ကျော်မင်းစိတ်ထဲတွင် ပီတာဆိုသောသူ၏ အမူအရာကိုကြည့်ပြီး စိုးရွံ့စိတ်များ ဝင်လာလေသည်။

“မဟုတ်တော့ပါဘူးကွာ ငါက လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ပျက်စီးသွားတဲ့ ဂျူပီတာသင်္ဘောအဟောင်းက သင်္ဘောအင်ဂျင်နီယာတစ်ယောက်ပါပဲ”

“ဟင်”

ထိုစကားကြားတော့မှ သဘောပေါက်သွားပြီး ပိုမိုကြောက်ရွံ့သွားတော့သည်။

“ဒါ . . ဒါဖြင့် . . ခင် . . ခင်ဗျားက တစ္ဆေ၊ တစ္ဆေဘဝရောက်နေတာပေါ့နော်”

“ဟုတ်တာပေါ့ကွာ ငါတစ္ဆေဘဝရောက်နေခဲ့တာ ဆယ်နှစ်တောင်ကျော်လာခဲ့ပါပြီ၊ ဒါပေမယ့်မကြောက်ပါနဲ့ ငါမင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပေးဖို့မဟုတ်ပါဘူး၊ သတိပေးစရာရှိလို့ လာခဲ့တာပါ”

ထိုစကားကြောင့် စိတ်ထဲမှာတော့ ကြောက်စိတ် အနည်းငယ်လျော့သွားလေသည်။

“ဒီသင်္ဘောမှာ ဒိုင်နမိုတစ်လုံး(Dianamo) ရှော့ခ်ဖြစ်နေတယ်၊ တကယ်လို့ အဲဒီဒိုင်နမိုကို အသုံးပြုပြီး စက်နှိုးလိုက်ရင် စက်ခန်းတစ်ခုလုံး မီးလောင်ပေါက်ကွဲသွားနိုင်တယ်၊ ငါ လိုက်ပြပေးမယ်”

ဟု ပြောပြီး ပီတာဆိုသူက ရှေ့မှလျှောက်သွားရာ ကျော်မင်းလည်း နောက်မှ မဝံ့မရဲနှင့် လိုက်သွားလေသည်။

တစ်နေရာရောက်တော့ အင်ဂျင်စက်နှိုးရန် တပ်ဆင်ထားသော ဒိုင်နမိုတစ်လုံးကို လက်ညှိုးထိုးပြသဖြင့် ကျော်မင်းက ထိုဒိုင်နမိုကို တပ်ဆင်ထားသော ဝိုင်ယာကြိုးများကို ဂရုတစိုက်နှင့် ဖြုတ်ပစ်လိုက်လေသည်။

ထိုသို့ပြုလုပ်ပြီးမှ နောက်သို့ပြန်လှည့်ကြည့်လိုက်သောအခါ သင်္ဘောအင်ဂျင်နီယာ ပီတာဆိုသူကို မတွေ့ရတော့ပါချေ။







# အခန်း (၅)

# တစ္ဆေမနှင့် မာယာကျော့ကွင်း

အတန်ကြာသောအခါ အပေါ်ထပ်မှဆင်းလာကြသော ခြေသံများပေါ်ထွက်လာကာ လူလေးယောက်ဆင်းလာကြလေသည်။ သုံးယောက်မှာ သင်္ဘောစက်ခန်းသို့ တာဝန်ယူရမည့်သူသုံးယောက်ဖြစ်ပြီး ကျန်တစ်ယောက်ကတော့ ကျော်မင်းနှင့်အတူပါလာသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရောက်လာတော့ ကျော်မင်းအမူအရာမှာ မှင်တက်မိနေသကဲ့သို့ ဖြစ်နေလေသည်။

"ဆရာ. . ဆရာ ဘာဖြစ်နေတာလဲ ကျွန်တော်တို့ပြန်ရောက်လာကြပြီလေ"

ဟု ပြောလိုက်တော့မှ အသက်ဝင်လာသကဲ့သို့ လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

"ဟင်"

"ဆရာ ဘယ်လိုဖြစ်နေတာလဲ"

ဒီတော့မှ အိပ်ပျော်ရာမှ လန့်နိုးလာသူပမာ သူပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် လိုက်ကြည့်နေပြန်သည်။

"ဆရာ ဘယ်သူ့ကို ရှာနေတာလဲ"

"မရှာပါဘူး"

အတန်ကြာတော့မှ သူ့အမူအရာမှာ တည်တံ့ငြိမ်ငြိမ် ပြန်ဖြစ်လာလေတော့သည်။

"ဘယ်သွားနေကြတာလဲ"

စက်ခန်းမှာ တာဝန်ကျသူများကို မေးလိုက်သည်။

"အဖြစ်ကတော့ အတော်ကလေးဆန်းကြယ်ပါတယ်၊ ဆရာတို့ ဆင်းလာတော့မှာမို့ စောင့်နေကြတုန်း၊ ကပ္ပတိန်အခန်း





က တယ်လီဖုန်းဆက်ခေါ်တာနဲ့ အပေါ်ထပ်ကိုတက်သွားကြတာပါ၊ ကပ္ပတိန်အခန်းရောက်တော့ သူဖုန်းဆက်ခေါ်တာ မဟုတ်ဘူးလို့ ပြောတယ် အတော်ကလေးတော့ ထူးဆန်းတယ်၊ တယ်လီဖုန်းသံကို ကျွန်တော်တို့သုံးယောက်စလုံး ကြားကြရတယ်"

ဟု ပြောပြကြသည်။

ကျော်မင်းလည်း ဘာမှမပြောသာအောင် ရှိလေသည်။

"ဆရာ ဒီမှာ ဘာထူးခြားမှုတွေ့ရလို့လဲ"

"ဗိုင်နမိုတစ်လုံး ရှော့ဖြစ်နေတယ် အဲဒီဗိုင်နမိုကို အသုံးပြုပြီး စက်နှိုးရင် မီးလောင်ပေါက်ကွဲနိုင်တယ်၊ ဒါကြောင့် ဗိုင်ယာတွေ ဖြုတ်ထားလိုက်တယ်"

ထိုစကားကြားသောအခါ စက်ဆရာသုံးယောက်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

အကယ်၍သာ ကျော်မင်းရောက်လာချိန် နောက်ကျပါက ထိုဗိုင်နမိုနှင့်ပင် စက်နှိုးတော့မည်ဖြစ်သည်။

ကျော်မင်းတို့ ဆင်းမလာခင် စက်နှိုးဖို့ပြင်ဆင်နေကြစဉ်မှာ တယ်လီဖုန်းသံကြားရသဖြင့် မနှိုးတော့ဘဲ အပေါ်ထပ်သို့ တက်သွားကြခြင်းဖြစ်လေသည်။

နောက်တစ်ချက်က ဗိုင်နမိုကို အသုံးမပြုရသေးခင်မှာ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှာရှော့ခ်ဖြစ်နေသည်ကို ကျော်မင်းဘယ်သို့ဘယ်ပုံ သိ လေသလဲဟု သံသယရှိနေကြသည်။

"ဒီနေရာမှာ တခြားဒိုင်နမိုအသစ်တစ်လုံး အစားထိုးပြီး သုံးပါ။ ဒီဒိုင်နမိုကိုလည်း ချက်ချင်းဖွင့်ပြီး စစ်ဆေးပါ"

"ကောင်းပါပြီ ဆရာ"

ထို့နောက် ကျော်မင်းလည်း အခြားစက်ပစ္စည်းအစိတ် အပိုင်းများကို လိုက်လံကြည့်ရှုပြီး နောက်စက်ခန်းအတွင်းမှ ပြန် ထွက်သွားလေသည်။

စက်ခန်းမှာ ကျန်ခဲ့ကြသူသုံးယောက်လည်း နောက်ထပ် ဒိုင်နမိုတစ်လုံး အသစ်လဲတပ်ပြီး၊ စောစောကဖြုတ်လိုက်သော အဟောင်းကို ဖွင့်၍စစ်ဆေးကြည့်သောအခါ အတွင်း၌ ဝိုင်ယာ ကြိုးများအားလုံး ပူးနေသည်ကို တွေ့ကြရတော့မှ မျက်လုံးပြူး သွားလေသည်။

"အတွင်းမှာ ဝိုင်ယာတွေပူးနေတာကို သူဘယ်လို သိ နိုင်တာလဲ"

"သူသာမပြောရင် ငါတို့ ဒီဒိုင်နမိုနဲ့ပဲ စက်နှိုးကြမှာပဲ တကယ်လို့သာ စက်နှိုးလိုက်ရင်တော့ ပေါက်ကွဲပြီး သင်္ဘောတစ် စင်းလုံး မီးလောင်မှာအသေအချာပဲ"





ဟု ပြောဆိုနေကြလေသည်။

အခြားနေရာများမှာ လိုက်လံစစ်ဆေးနေကြသော ဦးဝမ်ရှိန်နှင့် မစ္စတာသော်မဆင်တို့လည်း ၎င်းတို့တာဝန်များ ပြီးသွားသောကြောင့် ကုန်းပတ်ပေါ်မှ ကျော်မင်းအလာကို စောင့်နေကြသည်။

သင်္ဘောထွက်ချိန်နီးပြီဖြစ်သောကြောင့် ခရီးသည်များ လည်း သင်္ဘောပေါ်သို့ ဆင်းလာကြပြီဖြစ်ရာ ဗောတံတားပေါ် မှာ ရှုပ်ထွေးနေလေသည်။

ထိုအခိုက်မှာ ကမ်းပေါ်မှလက်ပြနေသော ကျော်မင်းကို တွေ့ကြရသဖြင့် ကျန်နှစ်ယောက်ကအံ့ဩသွားကြလေသည်။

"သူက ဟိုအပေါ်ပြန်ရောက်နေပြီဗျ"

"ကျွန်တော်တို့ကို မစောင့်ပဲ ဘာကြောင့်တစ်ယောက် တည်း အပေါ်ပြန်တက်သွားတာလည်းမသိဘူး"

"အကြောင်းတစ်ခုခုရှိလို့ နေမှာပေါ့ဗျာ၊ ကိုင်း ကျုပ်တို့ လည်းသွားကြစို့"

ဟု ပြောပြီး ကျန်နှစ်ယောက်လည်း သင်္ဘောပေါ်မှ ပြန်တက်ခဲ့ကြလေသည်။

သူတို့နှစ်ယောက် ကုန်းပေါ်ရောက်တော့ ကျော်မင်းကို



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရပြန်ပေ။

သူကိစ္စရှိလို့ဖြစ်မှာပဲဟု တွေးတောမိကာ ကျန်နှစ်ယောက်လည်း ၎င်းတို့အလုပ်ကိစ္စရှိသောနေရာများသို့ အသီးသီးထွက်ခွာသွားကြလေသည်။

အင်ဂျင်နီယာကျော်မင်းတစ်ယောက်ကတော့ သူတို့ထင်သလို ကမ်းပေါ်သို့ ပြန်မရောက်လာသေးပေ။ သင်္ဘောအောက်ပိုင်းတစ်နေရာမှာပင် ရှိနေသေးသည်။ သူသည် သင်္ဘောအနောက်ဘက်သို့ ရောက်သောအခါ တစ်နေရာမှ အသံတစ်ချက် ကြားလိုက်ရသည်။

အသံမှာ အခန်းတစ်ခုခုအတွင်းမှ ကြားလိုက်ရသော အသံမျိုးဖြစ်လေသည်။

ထို့ကြောင့်အသံကြားရာဘက်သို့ လျှောက်သွားလေသည်။ ထိုနေရာမှာ စက်ကိရိယာပစ္စည်းများထားသော စတိုခန်းများရှိလေသည်။

စင်္ကြံတစ်လျှောက် မီးရောင်များထွန်းထားသဖြင့် လင်းနေသော်လည်း လူရိပ်လူခြည်တော့ မတွေ့ရပေ။

အသံကြားရသောနေရာမှာ တံခါးပိတ်ထားသော အခန်းတစ်ခုအတွင်းမှ ဖြစ်လေသည်။





"ဒုန်း . . . ဒုန်း . . . ဒုန်း . . ."

"ကယ်ကြပါ . . . တံခါးဖွင့်ပေးကြပါ"

ကြားရသောအသံမှာ အမျိုးသမီးတစ်ယောက် အသံမျိုးဖြစ်သည်။

သူသည် ထိုနေရာသို့လျှောက်သွားပြီး အခြေအနေကြည့်လိုက်သောအခါ သံဖြင့်ပြုလုပ်ထားသောတံခါးကို အထဲမှ တစ်စုံတစ်ယောက်က ထုရိုက်နေသဖြင့် လှုပ်နေသည်ကို သတိပြုမိလေသည်။

ထိုတံခါးချက်မှာ အထဲမှဖွင့်မရဘဲ အပြင်ဘက်မှ လှည့်ဖွင့်ပေးမှ ပွင့်သောတံခါးမျိုးဖြစ်သည်။

ထိုနေရာမှာလည်း အင်ဂျင်နှင့်သက်ဆိုင်သော စက်ပစ္စည်းကိရိယာများထားသော နေရာဖြစ်သော်ကြောင့်လည်း အကြောင်းကိစ္စမရှိပါဘဲနှင့် မလာကြသောနေရာလည်း ဖြစ်သည်။

ဘယ်လိုကြောင့် ထိုအခန်းထဲကို အမျိုးသမီးတစ်ယောက် ရောက်နေသည်ကိုတော့ ကျော်မင်းအနေဖြင့် မစဉ်းစားတတ်အောင် ဖြစ်နေတော့သည်။

"ဒုန်း . . . ဒုန်း . . . ဒုန်း . . ."

"ကယ်ကြပါ တံခါးဖွင့်ပေးကြပါရှင်၊ ဒီအထဲမှာ [illegible]တ်မိ



www.burmeseclassic.com

www.burmeseclassic.com



နေတာ အတော်ကြာပါပြီ”

“ဟင်”

အထဲမှ အော်ပြောနေသောအသံကို ခတ်သဲ့သဲ့သာ ကြားရသော်လည်း သူဘာပြောနေသည်ကိုတော့ သဲသဲကွဲကွဲ ကြားနေရသည်။

ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ တံခါးချက်ကိုကိုင်ပြီး လှည့်ဖွင့်လိုက်သည်။

“ကျွီ”

သံတံခါးချပ်က အလွယ်တကူပင် ပွင့်သွားလေသည်။

“ဟင်. . . ”

တံခါးပွင့်သွားတော့ အတွင်းမှာ ဘာမှမတွေ့ရပေ။ စောစောက အော်ဟစ်အကူအညီတောင်းနေသည့် အမျိုးသမီး ဘယ်ရောက်သွားလေပြီလဲ။

စက်ပစ္စည်းကိရိယာများထားသောအခန်းမှာ အတော်ကျယ်ဝန်းသည်။

အတွင်းမှမီးထွန်းမထားသော်လည်း အပြင်ဘက်မှ အလင်းရောင်တို့ကြောင့် ကောင်းစွာမြင်နေရသည်။

သူသည်မမျှော်လင့်သော မြင်ကွင်းကြောင့် တအံ့တသြ





ဖြစ်သွားလေသည်။

ထို့ကြောင့်ဘောင်းဘီအိတ်ထဲမှာ ထည့်ထားသောလက်နှိပ်ဓာတ်မီးတစ်လက်ကို ယူပြီးအပေါက်ဝမှ အထဲသို့ ထိုးကြည့်လိုက်သည်။

အတွင်းမှာလည်း ဘာမှမရှိပေ. . ။

စိတ်မကျေနပ်သောကြောင့် ထိုအခန်းထဲသို့ ဝင်ကြည့်လိုက်သည်။

သူအတွင်းသို့ရောက်သွားသည်နှင့် အခန်းတံခါးက သူ့အလိုအလျောက် ပြန်ပိတ်ကာ ချက်ပါကျသွားလေတော့သည်။

“ဝုန်း”

ကျော်မင်းအထိတ်တလန့် လှည့်ကြည့်လိုက်သောအခါ တံခါးက ပိတ်လျက်သားဖြစ်နေပြီ။

ထို့ကြောင့် စိုးရိမ်ထိတ်လန့်စွာဖြင့် တံခါးရှိရာသို့ပြန်လှည့်ပြီး တွန်းဖွင့်လိုက်သည်၊

“ဒုန်း”

အသံသာထွက်လာသော်လည်း တံခါးကမပွင့်တော့ပေ။

ထိုတံခါးမှာ အပြင်ချက်ကို တစ်ယောက်ယောက်က လှည့်ပေးမှ ပွင့်သောတံခါးမျိုးဖြစ်ရာ သူ့အတွက်အခက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။

"ငါဘယ်လိုလုပ်ရမလဲ တံခါးက အတွင်းကဖွင့်လို့ မရတော့ဘူး၊ အပြင်ဘက်ကတစ်ယောက်ယောက် ပစ္စည်းယူဖို့ လာဖွင့်တော့မှပဲ အပြင်ထွက်လို့ရတော့မှာပဲ . . ဒုက္ခပါပဲကွာ . ."

အကြိမ်ကြိမ်ကြိုးစားကြည့်သော်လည်း တံခါးအခြေအနေက မထူးသောကြောင့် စိတ်ပျက်လက်ပျက်နှင့် အတွင်းဘက်သို့ မီးရောင်ဖြင့် လှမ်းထိုးကြည့်လိုက်သည်။

အထဲမှာလည်း စက်ပစ္စည်းကိရိယာများမှလွဲပြီး အခြားဘာမှမရှိပေ။

ထို့ထက် စားစရာနှင့် သောက်စရာ ရေမရှိပေ။ ထို့ထက်ပိုဆိုးသည်က လေဝင်လေထွက်မရှိသောကြောင့် အထဲမှာ မွန်းကြပ်နေလေသည်။

ကြာကြာဆက်နေရလျှင် အသက်ရှင်နိုင်ဖို့ပင် မလွယ်ပေ။ ကျော်မင်းသည် အတွင်းဘက်သို့ မီးရောင်ဖြင့် ထိုးကြည့်လိုက်စဉ်က တွေ့လိုက်ရသောမြင်ကွင်းက တစ်မျိုးဖြစ်လေသည်။

သူ ပထမမီးရောင်ဖြင့် ထိုးကြည့်လိုက်စဉ်က မြင်ရသော မြင်ကွင်းမှာ သစ်လွင်တောက်ပသော ဆေးရောင်တို့ဖြင့် ဖေါ်ထားသော သဘော်နံရံများ၊ အခြားအစိတ်အပိုင်းများနှင့် စက်





ပစ္စည်းကိရိယာတို့ကို သစ်လွင်နေသော အနေအထားမျိုးဖြင့် တွေ့ရခြင်းဖြစ်ပေသည်။

ယခုတစ်ကြိမ် စိတ်ပျက်လက်ပျက်ဖြင့် ထပ်မံထိုးကြည့်လိုက်သောအခါ မြင်တွေ့ရသော မြင်ကွင်းက စောစောကနှင့် မတူတော့ပေ။

ကြည့်နေရင်းမှာပင် သစ်လွင်သောဆေးရောင်များက ဘဖြည်းဖြည်းနှင့် မှေးမှိန်လာပြီးနောက် နံရံများ သံချေးအကွက်များ ထလာလေသည်။ ထို့ပြင် အခန်းတွင်းမှာရှိသော ပစ္စည်းကိရိယာများမှာ မူလမြင်တွေ့ရသကဲ့သို့ မဟုတ်တော့ဘဲ သံချေးများ၊ ပင့်ကူအိမ်များ၊ ပိုးအိမ်များ ရစ်ပတ်ရှုပ်ထွေးနေသည့် ပစ္စည်းအဟောင်းများ ဖြစ်နေလေတော့သည်။

"ငါအမြင်တွေ မှားနေတာလား၊ ဒီသင်္ဘောကအသစ်ကြီးပါ၊ အထဲမှာ ဒီလိုပစ္စည်းအဟောင်းအပျက်တွေနဲ့တော့ ဖွဲ့စည်းထားတာ မဖြစ်နိုင်ပါဘူး၊ ငါဘာတွေမြင်နေတာလဲ"

'ငါမျက်စိထဲမှာ အခုမြင်နေရတာတွေကရော အမှန်တကယ်ပဲလား'ဟု တွေးတောနေစဉ်မှာပင် ပစ္စည်းအဟောင်းအပျက်များစုပုံထားသော အနောက်ဘက်မှ ရယ်သံလိုလို ညည်းသံလိုလိုအသံမျိုး ကြားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကျော်မင်းက အထိတ်တလန့်ဖြင့် မီးရောင်နှင့်ထိုးကြည့်လိုက်သောအခါ ပစ္စည်းအဟောင်းပုံများ အနောက်ဘက်မှ ဒယိမ်းဒယိုင်နှင့် အမျိုးသမီးတစ်ယောက် ထလာသည်ကို လှမ်းမြင်ရသည်။

ထိုအမျိုးသမီးမှာ အသက် (၂၅)နှစ်ကျော်ကျော်ခန့်သာရှိပြီး သူမဝတ်ဆင်ထားသော အဝတ်အစားများမှာ သင်္ဘောပေါ်မှာ အလုပ်လုပ်နေသူတို့ဝတ်ဆင်သော ဝတ်စုံမျိုး ဖြစ်သည်၊

သို့သော် အကောင်းအတိုင်းတော့ မဟုတ်တော့ပေ။ အရောင်အဆင်းပင် မပေါ်တော့ဘဲ အစိတ်စိတ်အမြွှာမြွှာ ကွဲပြဲနေလေသည်။

သူမတစ်ကိုယ်လုံးမှာလည်း ဖုန်များအလိမ်းလိမ်း ကပ်နေပြီး ဆံပင်များက ဖွာလန်ကြဲနေသည်။ ထိုအမျိုးသမီးက ဒယိမ်းဒယိုင်ဖြင့် ပစ္စည်းအဟောင်းများ အနောက်ဘက်မှထလာပြီးနောက် သူရှိရာဘက်သို့ လျှောက်လာသည်။

မနီးမဝေးရောက်လာတော့မှ သူမမှာ သာမန်မဟုတ်တော့မှန်း သိရလေသည်။ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များရှိနေပြီး အချို့နေရာများမှာ သွေးများပင် စီးကျနေသေးသည်။





မျက်နှာတစ်ခုလုံးမှာလည်း ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။

"မင်း. . မင်းဘယ်သူလဲ"

ထိုအမျိုးသမီးက ရှုံ့မဲ့ကြောင်တောင်တောင်အကြည့်မျိုးဖြင့် ကြည့်ကာ ရယ်ပြလိုက်သည်။

"ကျွန်မနာမည်က မေကျူလို့ခေါ်ပါတယ်ရှင်၊ ကျွန်မက ဂျူပီတာသင်္ဘောကြီးရဲ့ စားသောက်ခန်းမှာ တာဝန်ကျနေတဲ့သူ တစ်ယောက်ပါပဲ"

"စားသောက်ခန်းမှာ တာဝန်ကျနေတဲ့သူက ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး ဘယ်လိုကြောင့် ဒီအခန်းထဲရောက်နေရတာလဲ"

သွားများပေါ်အောင် တစ်ချက်ရယ်ပြပြန်လေသည်။

"တစ္ဆေသရဲတွေ လက်ချက်ကြောင့် ဒီအခန်းထဲရောက်နေရတာပေါ့ရှင်၊ ကျွန်မဒီအခန်းထဲရောက်နေခဲ့တာ ဆယ်နှစ်လောက်တောင် ရှိနေခဲ့ပါပြီ"

"ဟင်. . ဒါဖြင့် အရင်ဂျူပီတာသင်္ဘောက ဝန်ထမ်းတစ်ယောက်ပေါ့ ဟုတ်လား"

"အမှန်ပါပဲရှင်"

"ဒီလိုဆိုရင် မင်းသေခဲ့ပြီးတာ ဆယ်နှစ်တောင်ကြာနေ



www.burmeseclassic.com

www.burmeseclassic.com



မှပဲ ဘာကြောင့် တခြားမသွားသေးတာလဲ"

"သွားတဲ့သူတွေလည်း ထွက်သွားခဲ့ပါပြီ၊ ကျွန်မတို့က တော့ သွားလို့မရသေးဘူး၊ နောက်ထပ်လူစားလဲမယ့်သူတွေ ရောက်လာတဲ့အထိ စောင့်နေရဦးမှာပါ။ သိပ်တော့မကြာတော့ ပါဘူး သူတို့ရောက်လာတော့မှာပါ"

ထိုစကားကြောင့် ကျော်မင်းမှာ တစ်ကိုယ်လုံး ကြက်သီး ထသွားလေသည်။

"မင်းပြောတာ သိပ်ပြီးနားမလည်ဘူး"

"ဒီလိုပါ ဂျူပီတာသင်္ဘောအဟောင်းကြီးထဲမှာ မကျွတ် မလွတ်ပဲရှိနေကြတဲ့ သန္ဓေသရဲတွေ ရှိနေကြတယ်၊ သင်္ဘော ကုမ္ပဏီက အဲဒီသင်္ဘောအဟောင်းအပျက်ကြီးကို အသစ်လို ပြု ပြင်ပြီးတော့ ခရီးစဉ်တွေ ဆွဲတယ်၊ ဒါပေမယ့် ပထမအခေါက် မှာတင် သင်္ဘောပေါ်မှာရှိတဲ့ သန္ဓေသရဲတွေ ခြောက်လှန့် နှောင့်ယှက်ကြလို့ သင်္ဘောပေါ်မှာပါတဲ့ လူတွေအတော်များ များ သေခဲ့ကြရတယ်၊ အဲဒီအထဲမှာ ကျွန်မလည်းပါခဲ့ရတာပေါ့"

"မင်းအတွက် စိတ်မကောင်းပါဘူး"

"နောက်လူတွေ သေပြီး သန္ဓေသရဲဘဝရောက်လာကြ တော့ ပထမလူတွေက တခြားနေရာတွေကို ထွက်သွားခွင့်ရကြ





တယ်၊ ကျွန်မတို့က ဒီမှာနေခဲ့ရတယ်၊ မကြာခင် ဒီသင်္ဘောကြီး ပေါ်မှာ တစ္ဆေသရဲတွေ တိုးပွားလာတော့မယ်၊ အဲဒီအခါကျရင် တော့ ကျွန်မတို့က ဒီနေရာက ထွက်သွားလို့ရကြတော့မှာပါ"

"ဒီလိုတော့ မလုပ်ပါနဲ့ကွာ အပြစ်မရှိတဲ့သူတွေကို ဒုက္ခ မပေးပါကြပါနဲ့"

"ဒီကိစ္စတွေက ကျွန်မတို့လုပ်ချင်တိုင်း လုပ်လို့မှမရတာ သူတို့ရဲ့ကံကြမ္မာအတိုင်း ဖြစ်ကြရတာပဲ"

"အခုလောလောဆယ်တော့ ငါကို ဒီအထဲက အပြင် ထွက်နိုင်အောင် လုပ်ပေးပါကွာ"

မေကျူဆိုသော တစ္ဆေက ဘာမှပြန်မပြောပဲ ရယ်နေပြီး သူကို စူးစူးစိုက်စိုက် ကြည့်နေသည်။ ထိုအခိုက်မှာပင် . . .

"ဘော် . . . ဘော် . . . ဘော် . . ."

ဥသြဆွဲသံ သုံးချက်ပေါ်ထွက်လာပြီး သင်္ဘောကြီးတစ် ခုလုံး တုန်ခါလာလေတော့သည်။ ကျယ်လောင်သော သင်္ဘော စက်မောင်းသံကြီးကိုလည်း နိုးကပ်စွာကြားနေရသည်၊

ဂျူပီတာသင်္ဘောကြီးကတော့ ခရီးသည်များကို တင် ဆောင်ပြီး ဆိပ်ကမ်းမှ စတင်ထွက်ခွာခဲ့လေပြီ။

သင်္ဘောခရီးစဉ်စာရင်းမှာ မပါဝင်သော အင်ဂျင်နီယာ



www.burmeseclassic.com

www.burmeseclassic.com



ကျော်မင်းတစ်ယောက်ကတော့ သင်္ဘောအောက်ဆုံးထပ်မှာရှိသော စတိုခန်းထဲမှာ တစ္ဆေမတစ်ကောင်နှင့်အတူ ပိတ်မိနေဆဲပင် ရှိနေသေးသည်။







# အခန်း (၆)

# သင်္ဘောပေါ်မှ မိစ္ဆာကွန်ယက်များ

ဒေါက်တာမင်းထင်ကျော်တို့ သင်္ဘောပေါ်ရောက်ပြီး အတန်ကြာသောအခါ ဂျူပီတာသင်္ဘောကြီး ဗောတံတားဆိပ်ကမ်းမှ စတင်ထွက်ခွာလာခြင်းဖြစ်သည်။ အချိန်က ညနေပိုင်း အချိန်ရောက်နေပြီး နာရီလက်တံများက (၆)နာရီသို့ ညွှန်ပြနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေမျက်နှာပြင်ပေါ်မှာ အမှောင်ရိပ်များသမ်းစပြုနေပြီ ဖြစ်သည်။

စောစောပိုင်းအချိန်က အတော်များများ ရှာသွန်းထားခဲ့သောမိုးသည် ယခုတော့ ဖွဲဖွဲကလေးမျှသာ ရွာသွန်းနေတော့သည်။

သင်္ဘောဆိပ်ကမ်းမှ စတင်ခွာနေစဉ်က ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်းနှင့် ဆရာကြီးသူရဇ္ဇတို့ သုံးယောက်စလုံး ကုန်းပတ်လက်ရန်း နံဘေးမှရပ်ကာ ဆိပ်ကမ်းရှုခင်းများကို လှမ်းကြည့်နေကြသည်။

မလေးရှားဆိပ်ကမ်းမှာ ကမ်းမြောင်ဒေသဖြစ်သည်နှင့် အညီ ခရီးသည်အဝင်အထွက်များပြီး ရှုပ်ထွေးလှသော နေရာတစ်ခုဖြစ်သည်။

သင်္ဘောထွက်ကာစအချိန်တွင် ဆိပ်ကမ်းပေါ်မှာရော ဗောတံတားပေါ်မှာပါ ခရီးသည်များကြိတ်ကြိတ်တိုး ရှိနေကြပြီး သက်ဆိုင်ရာလူများကို လက်ပြနှုတ်ဆက်ရင်း ကျန်ခဲ့ကြလေသည်။

ထိုမြင်ကွင်းကို လှမ်းကြည့်ရင်းမှပင် စိတ်ခံစားမှုကို ဖြစ်ပေါ်လာစေသည်။





သင်္ဘောပေါ်မှာပါလာကြသူများကလည်း လက်ကလေး တပြပြနှင့် ရှိနေကြသည်။

ရေပြင်တစ်ခုသာခြားသေးသော အခြေအနေမျိုးမှာ ဒီလောက်ခံစားနေကြရလျှင် ဘဝတစ်ခုသာ ခြားသွားပါက အဘယ်မျှ ဝမ်းနည်းကြေကွဲစရာ ကောင်းကြလေမည်နည်း။

ဒေါက်တာမင်းထင်ကျော်တို့ ဆိပ်ကမ်းဘက်သို့လှမ်းကြည့်နေကြစဉ်မှာ ထူးခြားသောမြင်ကွင်းကို စတင်တွေ့ကြရသည်။

အခြားမဟုတ်ပေ. . .။

ဗောတံတားပေါ်မှာ ရပ်နေသော လူများကို တွန်းဖယ်ပြီးပြေးဆင်းလာကြသောသူများပင်ဖြစ်သည်။

မိန်းမယောက်ျားဆယ်ယောက်ခန့် ရှိပေလိမ့်မည်။ သူတို့ ကသာရပ်နေသည့် လူများကို တွန်းဖယ်လာသော်လည်း အခြားရပ်နေသူများက သိကြဟန်ပင်မတူကြပေ၊

လက်ပြမြဲ လက်ပြနေကြသည်။

"ဟိုလူတွေတော့ သင်္ဘောထွက်တာ မမီတော့ဘူး၊ ဒီသင်္ဘောကြီးတွေကလည်း ဆိပ်ကမ်းကခွာပြီးရင် ပြန်မကပ်ပေးကြဘူး၊ ဘယ်လိုလုပ်ကြမလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇန်ကောင်းက ရေရွတ်လိုက်တော့ ဆရာကြီးသူရဇ္ဇက ခေါင်းညိတ်ပြသည်။

"စိတ်မပူပါနဲ့ဗျာ ဒီလူတွေက ခေတ့်သူတွေ မဟုတ်ပါဘူး၊ သူတို့နည်းသူတို့ဟန်နဲ့ မီအောင်လိုက်လာပါလိမ့်မယ်"

ဆရာကြီးသူရဇ္ဇက ဘယ်လိုရည်ရွယ်ချက်မျိုးဖြင့် ပြောလိုက်သည် မသိပေ။

ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင်ပင် ထိုမြင်ကွင်းကို စိတ်ဝင်စားသောကြောင့် လှမ်းကြည့်နေမိသည်။

ကမ်းစပ်ရောက်တော့ ငှင်းခရီးသည်များက ထွက်ခွာသွားသော သင်္ဘောကြီးဆိပ်ကမ်းသို့ ပြန်ကပ်ပေးရန်လက်ဟန်ခြေဟန်ဖြင့် အော်ခေါ်နေကြသည်။

သင်္ဘောကဆိပ်ကမ်းမှ အတော်ကွာနေပြီဖြစ်သောကြောင့် ၎င်းတို့ခေါ်သံကိုတော့ မကြားရပေ. . ။

ခေါ်မရသည့်အဆုံးမှာတော့ ထိုခရီးသည်များမှာ ရေထဲသို့ခုန်ချကာ သင်္ဘောနောက်သို့ မိုက်မိုက်မဲမဲ ကူးလိုက်လာကြလေသည်။

"အတော်မိုက်တဲ့ လူတွေပဲ သူတို့ကူးလိုက်လာတော့ရော သင်္ဘောစက်ရပ်ပြီး သူတို့ကိုတင်မှာမှမဟုတ်တာ ဒီလောက်





ရေစီးကြမ်းတဲ့ရေထဲမှာ သေကုန်ကြတော့မှာပဲ"

ဟု. . ရေရွတ်လိုက်သည်။

သို့သော် သူတို့ထင်သလိုတော့ မဟုတ်ပေ. . ။

ထိုလူတစ်စု ရေထဲမှကူးလိုက်လာပုံမှာ လင်းပိုင်များကဲ့သို့ မြန်ဆန်သွက်လက်လှသည်။

မကြာမီ အရှိန်ရနေပြီ ဖြစ်သောသင်္ဘောနှင့် တဖြည်းဖြည်းနီးလာတော့သည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ သူကြားဖူးသော ဧမင် ဟုခေါ်သော ရေဘီလူးတွေများ ဖြစ်နေမလားဟု စိတ်ထဲမှ ထင်လိုက်မိသေးသည်။

သူတို့ကြည့်နေစဉ်မှာ ရေထဲမှကူးလိုက်လာ သူများက တစ်ယောက်ပြီး တစ်ယောက်သင်္ဘောကို မီလာကြသည်၊

သို့သော်ကိုင်စရာ နေရာမရှိသလို တွယ်တက်လာစရာလည်းလှေခါး မရှိပေ. . ။

ထိုလူများက သင်္ဘောနံရံကို လက်ဝါးဖြင့် ထိကပ်ထားလေရာ ပြုတ်ထွက်မသွားကြပေ. . ။

အပေါ်မှ ငုံ့ကြည့်ပါက. . အမှိုက်ပုံ၊ ဒိုက်ပုံများကျောက်ဆူးဖြင့် ချိတ်ပြီးပါလာသကဲ့သို့ တန်းလန်းကြီး ပါလာကြသည်ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်နေရသည်။

အတန်ကြာတော့. . . တစ်ယောက်ပြီးတစ်ယောက် သင်္ဘောနံရံမှ တွယ်တက်လာကြရာမှ အားလုံး အပေါ် ရောက်လာကြသည်။

ယောကျ်ား၊ မိန်းမ ဆယ်ယောက်ခန့်ရှိပြီး အားလုံးအဝတ်အစားများ စုတ်ပြတ်နေကာ လူရုပ်မပေါ်တော့သော မျက်နှာအမူအရာများ ရှိကြသည်။

သူတို့က ဒေါက်တာမင်းထင်ကျော် တို့သုံးယောက် ရပ်နေသော နေရာဘက်သို့ တစ်ချက်လှမ်းကြည့်ပြီး အနောက်ဘက်သို့ ခတ်သုတ်သုတ် ထွက်သွားကြလေသည်။

ထိုအခါ ဆရာကြီးသူရဋ္ဌက ဒေါက်တာမင်းထင်ကျော်ကိုကြည့်ရင်း ပြောလေသည်။

"ကျုပ်ပြောတယ်မဟုတ်လား၊ ဒီလူတွေဟာသူတို့ နည်းသူတို့ဟန်နဲ့ ဒီနေရာကိုရောက်အောင် လိုက်လာကြပါလိမ့်မယ်ဆိုတာ အခုတော့ ကျုပ်ပြောတာမှန်နေပြီ မဟုတ်လား မောင်ထင်ကျော်"

"မှန်ပါတယ်. . . သူတို့ဘာကြောင့် ဒီသင်္ဘောပေါ် ရောက်အောင် လိုက်လာကြတာလဲ. . "





"သူတို့ပါလာပြီဆိုမှတော့ မကြာခင် လူတွေကိုဒုက္ခပေးကြတော့မှာပေါ့၊ ကဲ. . အပြင်မှာအေးလာပြီး အခန်းထဲသွားကြရအောင်. . "

ဟု ပြောပြီးသုံးယောက်စလုံး ဒုတိယထပ်မှာရှိသော ၄င်းတို့ အခန်းရှိရာသို့ တက်လာကြလေသည်။

အပြင်ဘက်မှာတော့ အမှောင်ရိပ်များက အတော်များများနေရာ ယူထားကြလေသည်။

သို့သော်လည်း တောင်ဘက်ယွန်းယွန်းမှာတော့ ဆူမတြာ(Sumatra)ကျွန်းကြီးကို ခပ်ရေးရေး လှမ်းမြင်နေရသေးသည်။

သူတို့သည် နှစ်ယောက်ခန်းတစ်ခန်း၊ တစ်ယောက်ခန်းတစ်ခန်းရထားရာ ဆရာကြီးသူရဋ္ဌနှင့် ဦးဇန်ကောင်းတို့ လူကြီးနှစ်ယောက်ခန်းမှာ နေကြပြီး ဒေါက်တာမင်းထင်ကျော်က တစ်ယောက်တည်းအခန်းမှာ နေရာယူလေသည်။

အခန်းနှစ်ခန်းမှာ မျက်နှာချင်းဆိုင်အနေအထား ရှိလေသည်။

တိုက်တိုက်ဆိုင်ဆိုင် ထိုဒုတိယထပ်မှာပင် ထိုင်းဘုန်းကြီးကိုပါ ပြန်တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က အခန်းထဲရောက်သော အခါ ခရီးဆောင်အိတ်ကို ခုတင်အောက် ထည့်ထားလိုက်ပြီး နောက် ခုတင်ပေါ်မှာ ခြေပစ်လက်ပစ် လှဲချလိုက်သည်။

ထိုအခါ ခေါင်းထဲသို့ အတွေးပေါင်းမြောက်များစွာတို့က ဝင်လာလေတော့သည်။

(၁၉၃၅)ခု ဩဂုတ်လ (၁၅)ရက်နေ့က ပင်လယ်ပြင်မှာ ထူးဆန်းစွာ ပျက်စီးပျောက်ကွယ်သွားသော ဂျူပီတာသင်္ဘောကြီး အကြောင်းများက ခေါင်းထဲရောက်လာသည်။

ယခု သင်္ဘောထွက်လာသောနေ့မှာ (၁၉၄၅)ခု၊ ဩဂုတ်လ (၁၅)ရက်နေ့ပင်ဖြစ်ရာ တိုက်တိုက်ဆိုင်ဆိုင် ဆယ်နှစ်တင်းတင်း ပြည့်ခဲ့သောနေ့ပင် ဖြစ်ပေတော့သည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ သင်္ဘောဆိပ်ကမ်း စားသောက်ဆိုင်တွင် ထိုင်းလူမျိုး လူရွယ်တစ်ယောက်နှင့် တွေ့စဉ်က သူပြောခဲ့သောစကားများကို ပြန်လည်ကြားယောင်မိသလို. . . ထူးထူးခြားခြား တွေ့မြင်ခဲ့ရသော မြင်ကွင်းများကိုလည်း မျက်စိထဲမှာ မြင်ယောင်နေမိလေသည်။

နဖူးပေါ်လက်တင် စဉ်းစားရင်းမှပင်. . .

"အင်း. . . ဒီကနေ့ဟာ တိုက်တိုက်ဆိုင်ဆိုင် ဂျူပီတာ





သင်္ဘောကြီး ပျက်စီးပျောက်ကွယ်ခဲ့တာ ဆယ်နှစ်ပြည့်တဲ့နေ့ပဲ၊ ဘာတွေများ တွေ့ရမြင်ရဦးမလဲ မသိဘူး"

ဟု တွေးတောရင်း ခရီးပင်ပန်းလာသောကြောင့် မှေးခနဲ အိပ်ပျော်သွားလေသည်။

ထိုသို့ အိပ်ပျော်သွားစဉ်မှာ တံခါးချက်ဖွင့်သံလိုလို နားထဲမှာ ကြားလိုက်ရသဖြင့် ပြန်နိုးလာရာ မိမိအခန်းထဲဝင်လာသော ပုံရိပ်တစ်ခုကို မြင်ရသည်။

သူမဝတ်ဆင်ထားသော အဝတ်အစားများကို မြင်ရုံနှင့် သင်္ဘောမှာတာဝန်ကျနေသော အမျိုးသမီးတစ်ယောက် ဖြစ်မှန်း သိရလေသည်။

သို့သော်လည်း သင်္ဘောဝန်ထမ်း အမျိုးသမီးတစ်ယောက်ကတော့ အခြားအခန်းတစ်ခုအတွင်းသို့ ခရီးသည်ထံ ခွင့်မတောင်းပဲ ဝင်လာမည်မဟုတ်ပေ။

သူက မျက်စိဖွင့်ကြည့်လိုက်တော့ ထိုအမျိုးသမီးက ခုတင်နံဘေးသို့ရောက်ကာ ရပ်နေသည်။

အနားရောက်လာပြီး အသေအချာ ကြည့်တော့မှ သူမဝတ်ဆင်လာသော အဝတ်အစားတို့မှာ စောစောက မြင်ရသလို သစ်လွင်ခြင်း မရှိတော့ဘဲ. . တစ်ကိုယ်လုံး ဟောင်းနွမ်းစုတ်ပြဲ



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိနေသည်၊

ဒီတော့မှ စိတ်ထဲမှ သဘောပေါက်သွားလေသည်။

ထိုအမျိုးသမီးက ချိုသာသောအပြုံးဖြင့်ပြောသည်။

"ညစာ စားသုံးလိုပါက စားသောက်ခန်းမမှာ အားလုံး အဆင်သင့်ဖြစ်နေပါပြီရှင်၊ တကယ်လို့ အခန်းထဲမှာပဲ မှာယူစားသုံးမယ်ဆိုရင်လည်း ကြိုက်နှစ်သက်တဲ့ အစားအသောက်များကို မှာယူစားသောက်နိုင်ပါပြီရှင်"

ဟု လက်အုပ်ချီလျက် ပြောပြီးနောက် ပိတ်လျက်သားရှိနေသော တံခါးချပ်မှပင် အပြင်ဘက်သို့ ပြန်ထွက်သွားလေသည်။

ခဏကြာတော့ တံခါးခေါက်သံကြားရပြန်သည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

သင်္ဘောဝန်ထမ်းဝတ်စုံဖြင့် အမျိုးသမီးတစ်ယောက်ရပ်နေသည်ကို တွေ့ရသည်။

သူမက ဒေါက်တာမင်းထင်ကျော်ကိုမြင်သည်နှင့် လက်အုပ်ချီကာ ချိုသာသောအပြုံးဖြင့်ပြောသည်။

"ကျွန်မတို့ ဂျူပီတာသင်္ဘောကြီးရဲ့ ခရီးစဉ်ကို လိုက်ပါလာတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မက စားသောက်ခန်းမှာ တာဝန်ယူဆောင်ရွက်နေရတဲ့ မာရီယာဖြစ်ပါတယ်"





ဒေါက်တာမင်းထင်ကျော်က အသိအမှတ်ပြုသည့်အနေဖြင့် ပြန်ပြုံးပြကာ ခေါင်းညိတ်ပြလိုက်လေသည်။

သူမကဆက်ပြောလေသည်။

"ညစာ စားသုံးလိုပါက စားသောက်ခန်းမမှာ အားလုံး အဆင်သင့်ဖြစ်နေပါပြီရှင်၊ တကယ်လို့ အခန်းထဲမှာပဲ မှာယူစားသုံးမယ်ဆိုရင်လည်း ကြိုက်နှစ်သက်တဲ့ အစားအသောက်များကို မှာယူစားသောက်နိုင်ပါပြီရှင်"

ဟု ချိုသာယဉ်ကျေးသော အသံဖြင့်ပြောသည်၊

"ကျေးဇူးတင်ပါတယ်"

ထို့နောက်. . သူမက ထိုပတ်ဝန်းကျင်မှာရှိသော အခန်းအချို့ကို လိုက်လံပြောပြီးနောက် ထိုနေရာမှ ပြန်ထွက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က ဆရာကြီးသူရဇ္ဇတို့ နှစ်ယောက်ကိုခေါ်ရန် အခန်းအပြင်သို့ ထွက်လာတော့ သူမက အနီးမှ ဖြတ်လျှောက်သွားလေသည်။

စင်္ကြံလမ်းတစ်လျှောက်မှာ ကော်ဇောအကြမ်းများ ခင်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြက်တစ်လျှောက်မှာ မီးပွင့်များ ထွန်းထားသောကြောင့် အလင်းရောင်ကောင်းစွာရနေသည်။

ဒေါက်တာမင်းထင်ကျော်က သူမထွက်သွားရာဘက်သို့ အမှတ်တမဲ့လှမ်းကြည့်လိုက်ရာမှ မမျှော်လင့်သော မြင်ကွင်းကို တွေ့လိုက်ရသောကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

မာရီယာ ထွက်သွားသောလမ်းအတိုင်း နောက်ဘက်မှ ခြေရာတစ်ခုကို လှမ်းမြင်လိုက်ရခြင်းပင် ဖြစ်ပေတော့သည်။

ထိုခြေရာက မာရီယာအနောက်ဘက်မှ ကပ်လိုက်သွားရာ မာရီယာခြေရာက ကော်ဇောမျက်နှာပြင်ပေါ်မှာ မပေါ်သော်လည်း နောက်မှပါလာသော ခြေရာကတော့ တစ်ခုပြီးတစ်ခု အထင်းသား ထင်ကျန်ခဲ့လေသည်။

ထို့ပြင် မာရီယာက ဒေါက်ဖိနပ်စီး ထားသော်လည်း နောက်မှလိုက်သွားသော ခြေရာကတော့ ဖိနပ်မပါပေ။ သူတို့သည် အနောက်ဘက် အခန်းတစ်ခုထဲသို့ ဝင်သွားတော့မှ မမြင်ရ တော့ခြင်းဖြစ်သည်။

ထိုအခိုက်မှာပင် ဆရာကြီးသူရဇ္ဇတို့နှစ်ယောက်က အခန်းတွင်းမှ ထွက်လာကြပြီး သူ့အနားရောက်လာကြလေသည်။





“ဘာတွေများ ဒီလောက်စိတ်ဝင်တစား ကြည့်နေတာလဲ မောင်ထင်ကျော်ရဲ့”

ဒေါက်တာမင်းထင်ကျော်က သူမြင်လိုက်ရသောအခြေအနေကို ပြောပြလိုက်လေသည်။

“ဒါ ဘာများထူးဆန်းသလဲ မောင်ထင်ကျော်ရယ်၊ ဒီဂျူပီတာသင်္ဘောကြီးအပေါ်မှာ တစ္ဆေသရဲတွေ ပရလောကသားတွေ အများကြီးရှိနေသလို သူတို့ရဲ့ မိစ္ဆာကွန်ယက်တွေလည်း အများကြီး ရှိနေကြမှာပေါ့”

“မိစ္ဆာကွန်ယက်ဆိုတာ ဘယ်လိုသဘောမျိုးလည်း ဆရာကြီး”

“မိစ္ဆာကွန်ယက်ဆိုတာ ဝိညာဉ်တွေရဲ့မာယာကြိုးတွေပေါ့၊ ဝိညာဉ်ကြိုးလို့လည်း ခေါ်လို့ရပါတယ်၊ ပရလောကသားတွေက သူတို့လောကမှာ မိစ္ဆာဝိညာဉ်တွေ တိုးပွားဖို့အတွက် သူတွေကို နည်းအမျိုးမျိုးနဲ့ ဝိညာဉ်ကြိုးတွေနဲ့ ဖမ်းစားလေ့ရှိတယ်”

“ဟုတ်ကဲ့”

“တကယ်လို့ သူတို့ဆင်ထားတဲ့ မိစ္ဆာကွန်ယက်တွေထဲ ဝင်တိုးမိရင်တော့ မပြန်လမ်းကို ရောက်ကြရတော့တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်စရာပါပဲ"

"ဒီသင်္ဘောကြီးပေါ်မှာလည်း မိစ္ဆာကွန်ယက်တွေ ဘယ်လောက်တောင်ဖြန့်ကျက်ထားတယ်ဆိုတာ ကျုပ်တို့မမြင်နိုင်ဘူး မသိနိုင်ဘူး၊ ဒီတော့ သတိလေးနဲ့နေကြရင်တော့ မမှားဘူးပေါ့"

ထိုအခါ ဦးဗန်ကောင်းကပါ ဝင်ပြောလေသည်။

"ကျွန်တော်တို့က ဘုရားတရားသံဃာ ယုံကြည်ကိုးကွယ်မှုရှိကြတဲ့လူတွေပဲ၊ သိပ်တော့ စိုးရိမ်ကြောင့်ကျစရာတော့ ရှိမယ်မထင်ပါဘူး"

"ဒါတော့ ဒါပေါ့ဗျာ၊ ဒါပေမယ့် အများနဲ့ရောပြီး သွားရလာရတဲ့အခါကျတော့ အများမကောင်းရင် ကိုယ်ဘယ်လောက်ကောင်းကောင်း အနည်းနဲ့အများတော့ ခံကြရမှာပဲ၊ ဥပမာပြောရရင် ဇနက္ကမင်းသားတောင်မှ ဘုန်းကံပညာရှိပေမယ့် အများနဲ့အတူသင်္ဘောပျက်တော့ ခုနစ်ရက်ခုနစ်လီ ပင်လယ်ပြင်မှာကူးခဲ့ရသေးတယ်မဟုတ်လား"

ထိုသို့ပြောနေကြစဉ်မှာ မာရီယာဆိုသော အမျိုးသမီးက နောက်ဘက်အခန်းမှ ပြန်ထွက်လာသည်။

သူတို့အနားရောက်တော့ အပြုံးဖြင့် နှုတ်ဆက်ပြီး အခြားတစ်ဘက်သို့ ပြန်လျှောက်သွားလေသည်။





ထိုအခါ သူမလျှောက်သွားနောက်သို့ သုံးယောက်သား လှမ်းကြည့်လိုက်ကြသည်။


ဒီတစ်ခါမှာတော့ စောစောကမြင်ခဲ့ရသော ခြေရာများ ပါမလာတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၇)

## ပြေရာကောက် တစ္ဆေအန္တရာယ်

အချိန်က ညဉ့်ဦးပိုင်းအချိန် ကျော်ခဲ့လေပြီ. . . ။

အပြင်မှာ မိုးတဖွဲဖွဲ ရွာသွန်းနေဆဲပင် ရှိနေသေးသည်။ အမှောင်ထုများကတော့ ပင်လယ်ရေမျက်နှာပြင် နေရာအနှံ့ အပြားသို့ ဖုံးလွှမ်းထားသည်။

သင်္ဘောကြီးမှ မီးအလင်းရောင်များ ရောက်နိုင်သော



www.burmeseclassic.com

www.burmeseclassic.com



နေရာများလောက်သာ အလင်းရောင်ရနေပေသည်။

ဂျူပီတာသင်္ဘောကြီးသည် မလေးရှားကျွန်းဆွယ်ဆိပ်ကမ်းမှ စတင်ထွက်ခွါလာခဲ့ပြီးနောက် ကမ်းရိုးတန်းအတိုင်း အနောက်မြောက်ယွန်းယွန်းသို့ ဦးတည်ခုတ်မောင်းလျက်ရှိလေသည်။

ဆူမတြားကျွန်းစုများပင်လျှင် အနောက်ဘက်၌ ဝေး၍ ကျန်ခဲ့လေသည်။

မကြာမီ မြန်မာနိုင်ငံပိုင် ပင်လယ်ရေပြင်နယ်နိမိတ်အတွင်းမှ ဖြတ်ကျော်ခုတ်မောင်းရပေတော့သည်။

နေ့အချိန်အလင်းရောင်ရပါက မြန်မာနိုင်ငံကမ်းရိုးတန်းဒေသများနှင့် ကျွန်းစုများကို လှမ်းမြင်နိုင်ပေသည်။

သင်္ဘောကြီးကတော့ ကျွန်းစုများနှင့်ဝေးရာ အပြင်ရေလမ်းမှ ဖြတ်ကျော်ခုတ်မောင်းလျက်ရှိသည်။

ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိနေသော်လည်း ရာသီဥတုက ဆိုးဆိုးဝါးဝါးတော့မရှိပေ။

ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်မှာ စကားတပြောပြောနှင့် စားသောက်ခန်းမရှိရာဘက်သို့ ဆင်းလာခဲ့ကြသည်။





စားသောက်ခန်းမရှိသောနေရာမှာ တတိယထပ်သင်္ဘောပဲ့ပိုင်းဘက်မှာ ပြုလုပ်ထားလေသည်။

သူတို့ရောက်သွားသောအချိန်မှာ ခန်းမထဲမှာလူအတော်များများရောက်နေကြပြီး စားသောက်လျက်ရှိနေကြသည်။

စင်မြင့်ထက်မှ တီးခတ်ဖျော်ဖြေနေသောတီးဝိုင်းမှ သီချင်းသံများက ပြန့်လွင့်လာနေသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း အစွန်ဘက်မှာရှိသော စားပွဲတစ်လုံးမှာ ဝင်ထိုင်လိုက်ကြသည်။

၎င်းတို့ဝင်ထိုင်သော စားပွဲနှင့်မနီးမဝေးမှာတော့ မိသားစုသုံးယောက် ထိုင်နေကြသည်။

အမျိုးသားက ဦးကျော်ထွန်းဆိုသူဖြစ်သည်။ အသက်ငါးဆယ်ကျော်အရွယ်ခန့်သာရှိသေးပြီး မြန်မာလူမျိုးတစ်ယောက်ဖြစ်သည်။

ဇနီးဖြစ်သူ ဒေါ်မော်လီက အသက်လေးဆယ်ဝန်းကျင်အရွယ်ခန့်သာရှိသေးပြီး ခေတ်ဆန်သူဖြစ်သည်။

သူမသည် နိုင်ငံခြားသွေးပါသူတစ်ဦး ဖြစ်သဖြင့် မာနကြီးသူလည်း ဖြစ်သည်။

၎င်းတို့တွင် မာလာကျော်ဆိုသော သမီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သာရှိသေးပြီး အသက် (၁၅)နှစ်ကျော် (၁၆)နှစ်အရွယ်ခန့်သာ ရှိသေးသည်။

၎င်းတို့မိသားစုမှာ အချင်းချင်းစကားပြောရင်း မှာထားသောစားသောက်စရာများကို စောင့်နေကြသည်။ ထိုအချိန်မှာ သမီးဖြစ်သူ မာလာကျော်က လူကြီးနှစ်ယောက်ပြောနေသော စကားများကို စိတ်မဝင်စားဘဲ သင်္ဘောလက်ရန်းဘေးမှာ ဆော့ကစားနေသော ကလေးတစ်ယောက်ကို လှမ်းကြည့်နေလေသည်။

ကစားနေသောကလေးမှာ သင်္ဘောလက်ရန်းအနီးတွင်ဖြစ်ပြီး ဆယ်နှစ်အရွယ်ခန့်သာရှိသေးသည်။

သူသည် ဘောလုံးတစ်လုံးကို အပေါ် မြှောက်လိုက် ပြန်ဖမ်းလိုက်၊ လက်ဖြင့်ပုတ်လိုက် အဝေးသို့ထွက်သွားမှ ပြေးဖမ်းလိုက်နှင့်လုပ်နေသည်။

ထိုနေရာမှာ မှောင်နေသောကြောင့် သူ့မျက်နှာကိုတော့ မမြင်ရပေ။ တစ်ကြိမ်မှာတော့ ဘောလုံးကအပြင်သို့ စင်ထွက်သွားရာ လိုက်ဖမ်းရင်းနှင့် သင်္ဘောလက်ရန်းနံဘေးသို့ ရောက်သွားပြီး အောက်သို့ပြုတ်ကျလုအနေအထားမျိုးဖြစ်သွားသောကြောင့် ထိုမြင်ကွင်းကိုမြင်နေရသော မာလာကျော်မှာ အထိတ်





တလန့်ဖြစ်သွားလေသည်။

သူမအခြေအနေကိုတော့ စကားပြောနေကြသော လူကြီးနှစ်ယောက်က သတိမပြုမိလိုက်ကြပေ။ အတန်ကြာတော့ ထိုကလေးက ဘောလုံးတစ်လုံးနှင့် ထိုအစပ်နားမှာပင် မြှောက်လိုက်ဖမ်းလိုက်နှင့် ဆော့ကစားနေပြန်သည်။

“ဒီကလေးအတော်အတင့်ရဲတယ် မိုးရွာနေတော့ သင်္ဘောလက်ရန်းတွေက ချော်နေတယ်၊ မတော်တဆ အောက်ကျသွားရင်တော့ မတွေးဝံ့စရာပဲ သူ့မိဘတွေက သူဒီနေရာရောက်နေတာ မသိကြသေးဘူး ထင်ပါရဲ့”

ဟု စိတ်ထဲမှတွေးနေမိသည်။

ထိုနေရာမှ ဖြတ်လျှောက်သွားကြသောလူအချို့ရှိသော်လည်း ဘယ်သူကမှထိုကလေး လက်ရန်းနားမှာ ဆော့နေသည်ကို ဂရုမထားကြပေ။

“ဘုတ်. . ဘုတ်. . ဘုတ်. . .”

ဘောလုံးပုတ်နေသောအသံကို သူမထိုင်နေသောနေရာမှပင် ကြားနေရလျှင် ထိုအနီးမှဖြတ်လျှောက်သွားကြသူများဆိုပါက မကြားစရာ မမြင်စရာအကြောင်းတော့ မရှိပေ။

သူမကြည့်နေရင်းမှာပင် ထိုကလေးက ဘောလုံးကိုပုတ်



www.burmeseclassic.com

www.burmeseclassic.com



ရင်း. . ပုတ်ရင်းနှင့် လက်ရန်းအစပ်နားသို့ ရောက်သွားပြန်လေသည်။

"ဘုတ်. . ဘုတ်. . ဘုတ်. . "

ထိုသို့ပုတ်ရင်းနှင့် ဘောလုံးကအရှိန်လွန်ပြီး လက်ရန်းပေါ်သို့ကျော်ကာ အပြင်သို့ ခုန်ထွက်သွားလေတော့သည်။ ကလေးကလည်း သူ့ဘောလုံးကို ဆုံးရှုံးရမည်စိုးသောကြောင့် အတင်းလိုက်ဖမ်းရင်းနှင့် အရှိန်လွန်ကာ လက်ရန်းပေါ်မှကျော်ကာ အောက်သို့ကျသွားလေတော့သည်။

"အား"

"အမလေး. . သေပါပြီ"

ကလေး၏ စူးစူးဝါးဝါးအော်သံကြီး ကြားလိုက်ရပြီးနောက် မာလာကျော်က အလန့်တကြားအော်လိုက်မိသည်။

"ဟဲ့. . သမီး ဘာဖြစ်တာလဲ"

"ဟို. . ဟိုမှာ. . ကလေးတစ်ယောက် ရေထဲပြုတ်ကျသွားတာ မြင်လိုက်လို့"

လူကြီးနှစ်ယောက်က တအံ့တဩနှင့် သူမညွှန်ပြရာဘက်သို့ လှမ်းကြည့်လိုက်သည်။

သို့သော် ထူးထူးခြားခြားတော့ ဘာမှမတွေ့ရပေ။





"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် သမီး သေသေချာချာ မြင်လိုက်ရတယ်"

"အို. . အရေးစိုက်ပြီး ကြည့်မနေပါနဲ့၊ ကိုယ်နဲ့လည်း ဘာမှဆိုင်တာမှမဟုတ်တာ"

ဟု ပြောပြီးစကားပြောနေကြပြန်သည်။

မာလာကျော်ခမျာမှာတော့ စိတ်ထဲမှာတထင့်ထင့်နှင့်ဖြစ်နေရှာသည်။

ဖြစ်နိုင်လျှင် ထိုနေရာသို့ သွားကြည့်ချင်စိတ်များ ဖြစ်ပေါ်နေသည်။

သို့သော် မသွားဝံ့ပေ။

ထိုအခိုက်မှာပင်. . . .

"ဘုတ်. . ဘုတ်. . ဘုတ်. . . . "

အခြားတစ်နေရာဆီမှ ဘောလုံးပုတ်နေသံကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ အမှောင်ရိပ်ကျနေသည့်သင်္ဘောလက်ရန်းဘေးနားမှာ ဘောလုံးတစ်လုံးနှင့် ပုတ်လျက်ဆော့နေသည့် စောစောကကလေးကို ပြန်တွေ့ရသည်။

"ဟင်"

စောစောကသင်္ဘောလက်ရန်းပေါ်မှကျော်ပြီး အောက်



www.burmeseclassic.com

www.burmeseclassic.com



သို့ပြုတ်ကျသွားသောကလေးက ဘယ်လိုကဘယ်လို သင်္ဘော ပေါ်ပြန်ရောက်နေတာလဲ၊ မာလာကျော် တစ်ကိုယ်လုံး အေးစိမ့်သွားလောက်အောင် ကြက်သီးမွေးညင်းများ ထလာလေသည်။

ထိုအခိုက်မှာပင် စားပွဲထိုးတစ်ယောက်က မှာထားသော အစားအသောက်များကို လာရောက်ပို့ပေးလေသည်။

၎င်းတို့သုံးယောက်မှာထားသော အစားအသောက်တို့မှာ ကြာဇံကြော်၊ ခေါက်ဆွဲကြော်တို့ပင် ဖြစ်သည်။

အစားအသောက်များ ရောက်လာပြီဖြစ်သောကြောင့် စကားပြောခြင်းကို ရပ်ကာအစားအသောက်တို့ကို စားသောက်ရန်ပြင်ဆင်လေသည်။

ဒေါ်မော်လီကပင် ပန်းကန်ထဲမှ ကြာဇံကြော်တစ်ဇွန်းကိုယူကာ ပါးစပ်ထဲသို့ထည့်လိုက်သည်။

အခြားနှစ်ယောက်ကလည်း ၎င်းတို့အတွက်ရောက်လာသောအစားအသောက်တို့ကို စတင်စားသောက်ကြလေသည်။

အတန်ကြာတော့မှ ဒေါ်မော်လီမှာ စားပွဲပေါ်မှာရှိသော ပန်းကန်ထဲသို့ မျက်စိတစ်ချက် ရောက်သွားလေတော့သည်။

ထိုအခါ ဝါးနေသော ပါးစပ်မှာလည်း ချက်ချင်းရပ်တန့်သွားလေသည်။





"ဟင်"

သူမရှေ့မှာ ပန်းကန်ထဲမှာထည့်ထားသည်မှာ စောစောကမြင်ရသကဲ့သို့ ကြာဇံကြော်များ မဟုတ်ကြတော့ပေ။

လောက်ကောင်များ တဖွားဖွားတက်နေပြီးဖြစ်သော အစားအစာများ ဖြစ်နေပေတော့သည်။

"အမလေး"

ဒေါ်မော်လီက ထိတ်လန့်တကြားရေရွတ်ရင်းနှင့် ပါးစပ်ထဲမှအစားအစာများကို စားပွဲပေါ်သို့ ထွေးထုတ်ပစ်လိုက်သည်။

"ဝေါ့"

"ဟင်. . မော်လီ ဘယ်လိုဖြစ်တာလဲ"

"ရှင်မမြင်ဘူးလား. . ၊ ပန်းကန်ထဲမှာ လောက်တွေ တဖွားဖွား တက်နေတယ်လေ ဘာကြောင့်စားနေကြတာလဲ"

"ဟင်"

သူမစကားကြောင့် ကျန်နှစ်ယောက်က ဇဝေဇဝါနှင့် မိမိတို့ပန်းကန်ထဲသို့ ငုံ့ကြည့်လိုက်ကြသည်။

အငွေ့ပင်မပြယ်သေးသော ခေါက်ဆွဲကြော်၊ ကြာဇံကြော်များက ဘာမှထူးခြားမှုမရှိပေ။

"မင်းဘာတွေပြောနေတာလဲ ပန်းကန်ထဲမှာ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



လောက်ကောင်တွေရှိနေလို့လဲ"

သူမ ပန်းကန်ထဲမှာလောက်ကောင်တွေ တဖွားဖွား တက်နေတာ မြင်ပါလျက်နှင့် ကျန်နှစ်ယောက်က မမြင်ဘူးဆိုသောကြောင့် ပိုပြီးဒေါသထွက်သွားလေသည်။

"ဒီလောက် ပုပ်သိုးနေတဲ့ အစားအသောက်တွေကို ဘာကြောင့်လာချပေးကြတာလဲ"

ဟု ပြောပြီး စားပွဲပေါ်မှ ပန်းကန်ကို ကောက်ယူပြီး ကြမ်းပြင်ပေါ်သို့ ပေါက်ခွဲချလိုက်လေတော့သည်။

"ချွမ်း. . ."

ပန်းကန်ကွဲသံကြောင့် စကားသံများရပ်သွားသည်။

တီးဝိုင်းမှ တီးမှုတ်နေသံများလည်း ချက်ချင်းရပ်သွားလေတော့သည်။

စားသောက်ခန်းထဲမှာ ရောက်နေကြသူအားလုံးက ဒေါ်မော်လီထံသို့ ရောက်လာကြသည်။

စားသောက်ခန်းမှာ တာဝန်ကျနေသော မာရီယာလည်းရောက်လာလေသည်။

"ဘာများ ဖြစ်လို့ပါလဲရှင်"

"ဟင် နင်တို့သဘော်က အစားအသောက်ကျွေးတာ





ဒီလိုပဲ ပန်းကန်ထဲမှာလောက်ကောင်တွေ တက်နေတဲ့အစားအသောက်ကိုမှ လာချပေးရသလား"

မာရီယာက တအံ့တသြဖြစ်သွားကာ၊ ကြမ်းပြင်ပေါ်သို့ အုထောက်ထိုင်ကာ ပြန့်ကြဲနေသောအစားအစာတို့ကို ငုံ့ကြည့်လိုက်သည်။

ပုံမှန်ကြာဇံကြော်များသာ တွေ့ရပြီး မည်သည့်လောက်ကောင်ကိုမှ မတွေ့ရပေ။

အနီးမှာရောက်နေကြသည့် ဒေါက်တာမင်းထင်ကျော်ကပါ နေရာမှထလာပြီး ငုံ့ကြည့်သောအခါ ပန်းကန်ကွဲများနှင့် ပြန့်ကြဲနေသည့် ကြာဇံများကိုသာတွေ့ရပြီး လောက်ကောင် မတွေ့ရပေ။

"အခု ယူလာတဲ့အစားအစာကို မနှစ်သက်ဘူးဆိုရင် နောက်ထပ်မှာကြားနိုင်ပါတယ်"

မာရီယာက နေရာမှပြန်ထရင်း ချိုသာစွာပြောသည်။

"တော်ပြီ၊ တော်ပြီ. . . ဘာမှမစားချင်တော့ဘူး လက်ဆေးကန် ဘယ်နေရာမှာရှိသလဲ"

"ဟိုဘက်နားမှာ ရှိပါတယ်ရှင်"

သူမညွှန်ပြသောနေရာမှာ စားသောက်ခန်းမနှင့်မနီး



www.burmeseclassic.com

www.burmeseclassic.com



မဝေးရေအိမ်နှင့် တွဲထားသောနေရာ၌ ရှိလေသည်။ ဒေါ်မော်လီမှာ အစကတည်းက ရှုံရှာတတ်သူဖြစ်ပေရာ စားရင်းသောက်ရင်းနှင့် ပါးစပ်ထဲသို့ လောက်ကောင်များ ရောက်လာသဖြင့် စိတ်ထဲမှာ အော်ဂလီဆန်နေလေသောကြောင့် ဘယ်သူမှ မခေါ်တော့ဘဲ တစ်ယောက်တည်းထွက်လာလေသည်။

ထောင့်ချိုးကွေ့နားရောက်တော့ ဘယ်သူမှမတွေ့ရပေ။ ရေအိမ်နှင့် တွဲထားသော အခန်းရှေ့ရောက်တော့ အထဲမှ ရေကျသံကြားနေရသည်။

အတွင်းဝင်သွားတော့ ဘယ်သူမှမရှိပေ။ လက်ဆေးကန်ထဲသို့ ရေများတဗွမ်းဗွမ်းကျနေသော်လည်း တစ်ယောက်မှ မတွေ့ရပေ။ သို့ကြောင့် ထိုအနားသို့ လျှောက်လာပြီး ကျနေသောရေများနှင့် လက်ဆေးခြင်း၊ အာလုတ်ကျင်းခြင်းများ ပြုလုပ်နေစဉ် ရှေ့မှထောင်ထားသော မှန်ထဲတွင် နောက်မှရပ်နေသူတစ်ယောက်ကို သတိပြုမိလိုက်သည်။

"ဟင်"

လှည့်ကြည့်လိုက်တော့လည်း ဘာမှမတွေ့ရပေ။ စောစောက နောက်ဘက်မှာရပ်နေသည့် အမျိုးသမီးတစ်ယောက်၏ ပုံရိပ်ကို သေသေချာချာ မြင်လိုက်ရသည်။ တစ်ခုပဲ ရှိသည်။





ထိုအမျိုးသမီး ဝတ်ဆင်ထားသည့် အဝတ်အစားတို့မှာ ဟောင်းနွမ်းစုတ်ပြဲနေသည်ကိုတော့ သတိပြုလိုက်မိသည်။

ဘာမှမတွေ့ရတော့မှ ရှေ့ဘက်သို့ပြန်လှည့်ပြီး ငုံ့ပြီး မျက်နှာသစ်ရန်ပြင်လိုက်စဉ် မှန်ထဲမှာကြောက်မက်ဖွယ်ကောင်းသောပုံပန်းသဏ္ဌာန်တစ်ခုကို တွေ့ရပြန်လေသည်။

ဆံပင်ဖားလျားနှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် မိန်းမတစ်ယောက်၏ ပုံပင်ဖြစ်သည်။

ဒီတစ်ကြိမ်တော့ ဒေါ်မော်လီအတွက် နောက်သို့ပြန်လှည့်ကြည့်ချိန်ပင် မရတော့ပေ။

အဘယ်ကြောင့်ဆိုသော်. . . .

နောက်ဘက်မှ လက်တစ်ဖက်ထွက်လာပြီး သူမ ဦးခေါင်းကို ရေကန်ထဲသို့ ဖိချလိုက်သောကြောင့်ဖြစ်သည်။ ဒေါ်မော်လီလည်း အသက်ဘေးအန္တရာယ်ကြောင့် ခွန်အားရှိသမျှ ရုန်းကန်လေသည်။ သို့သော် ဘယ်လိုရုန်း၍မှ မလွတ်ပေ။

ရေကန်ထဲမှာလည်း ရေထွက်ပေါက်ပိတ်သွားသောကြောင့် ရေများတဖြည်းဖြည်း ပြည့်တက်လာရာ ဦးခေါင်းတစ်ခုလုံး နစ်မြုပ်လာသည်။

သူမသည် စူးစူးဝါးဝါးနှင့် အော်ဟစ်အကူအညီတောင်း



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ရေထဲနစ်နေသောကြောင့် အသံကမထွက်လာပေ။ တဖြည်းဖြည်းနှင့် အသက်ရှုကျပ်လာသည်။

ထိုအခိုက်မှာ ရေအိမ်ခန်းထဲသို့ နောက်ထပ်အမျိုးသမီး တစ်ယောက်ဝင်လာသည်။

သူမက လက်ဆေးကန်ထဲမှာ ခေါင်းစိုက်ပြီး တူးတူးဝါးဝါး ဖြစ်နေသော ဒေါ်မော်လီအဖြစ်ကို မြင်သောအခါ အထိတ်တလန့်နှင့် အော်ဟစ်လိုက်လေသည်။

"အမယ်လေး လာကြပါဦး ဒီမှာ ဘာဖြစ်နေတာလဲမသိဘူး ကယ်ကြပါဦး"

ထိုအော်သံကြားသည်နှင့် ဒေါက်တာမင်းထင်ကျော်က အရင်ပြေးသွားသည်။

"ဘာဖြစ်တာလဲ"

"ဟို. . ဟိုမှာ. ."

ထိုအမျိုးသမီးက ပြသဖြင့်ကြည့်လိုက်တော့ လက်ဆေးကန်ထဲမှာ ခေါင်းစိုက်ကြနေသော ဒေါ်မော်လီကို တွေ့ရသဖြင့် ကပျာကယာပြေးသွားပြီး ဆွဲယူလိုက်သည်။

ဒေါ်မော်လီမှာ သတိမရတော့ပေ။ ထိုအချိန်မှာပင် ဦးကျော်ထွန်းတို့သားအဖလည်း ရောက်လာသောကြောင့် ၄င်းတို့လက်ထဲသို့ ထည့်ပေးလိုက်သည်။





ဦးကျော်ထွန်းက သူ့မိန်းမကိုပွေ့ချီကာ အပြင်သို့ခေါ်ထုတ်သွားလေသည်။ ထိုအခါ သူတို့နောက်မှ လိုက်သွားသော ရေစိုနေသော ခြေရာတစ်ခုကိုပါ တွေ့လိုက်ရသည်။

အန္တရာယ်က နီးလာချေပြီ. . . ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၈)

# သင်္ဘောအနောက်မှ ခေါင်းတလားများ

အချိန်က ညဉ့်ဦးပိုင်းအချိန်ပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်မှာ အခန်းတစ်ခန်းထဲမှာစုပြီး သင်္ဘောပေါ်မှ ထူးဆန်းသောအကြောင်းအရာများကို ပြောဆိုနေကြလေသည်။

ထိုအချိန်မှာပင် ကမ်းရိုးတန်းနှင့် မနီးမဝေးမှ ဖြတ်သွားနေ



www.burmeseclassic.com

www.burmeseclassic.com



သော ဂျူပီတာသင်္ဘောကြီးမှာ စက်ရှိန်လျှော့ချလိုက်သည်ကို သတိပြုမိကြလေသည်။

အပြင်ဘက်မှ ဆူဆူညံညံနှင့် စကားပြောသံများကိုပါ ကြားရသဖြင့် အပြင်သို့ထွက်လာကြသည်။

တစ်နေရာရောက်တော့ မာရီယာနှင့်တွေ့ရလေသည်။ မာရီယာမှာ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်နေပြီး များစွာ ထိတ်လန့်ကြောက်ရွံ့နေဟန်ရှိလေသည်။

"ဘာဖြစ်လို့လဲ"

"သင်္ဘောရှေ့မှာ လှေတွေနဲ့ထွက်တားနေကြလို့ စက်ရှိန်လျှော့ချလိုက်ရတာပါ"

"ဟင်. . အဲဒီလို တားလို့မှမရတာ"

"ဒါ. . ဒါပေမယ့် ကျွန်မလှမ်းကြည့်လိုက်တော့ လှေတွေ မဟုတ်ဘူးဆရာ"

"ဘာတွေလဲ"

"ခေါင်းတလားကြီးတွေကို လှေလုပ်ပြီးစီးလာကြတာ"

"ဟင်. ."

သုံးယောက်သား စိတ်ထဲ၌ အံ့သြသွားကြလေသည်။

ထို့နောက် အရှေ့ဘက်ရေပြင်ကို လှမ်းမြင်နေရသော





သင်္ဘောဦးပိုင်းဘက်သို့ လျှောက်လာပြီးအောက်သို့ငုံ့ကြည့်လိုက်ကြလေသည်။

ရေပြင်ပေါ်မှာတော့ သင်္ဘောဆလိုက်မီးရောင်ဖြင့် ထိုးထားသောကြောင့် မြင်ကွင်းအတော်များများ လှမ်းမြင်ရလေသည်။ သင်္ဘောကြီးရှေ့တည့်တည့် ရေပြင်ပေါ်မှာတော့ ငါးဖမ်းလှေများကဲ့သို့ လှေအချို့ရှိနေပြီး လှေပေါ်မှာပါသူများက မတ်တတ်ရပ်ပြီး သင်္ဘောကိုတားနေကြသည်။

မာလိန်မှူးကြီးကတော့ သင်္ဘောကိုလုံးဝရပ်မပေးပဲ စက်ရှိန်ကိုသာ အနည်းငယ်လျှော့ချပြီး ရှေ့ဆက်သွားနေသည်။

ရှေ့မှာရှိနေသော လှေများကိုလည်း သင်္ဘောလမ်းဖယ်ပေးရန်လည်း ဆလိုက်မီးရောင်ဖြင့်သော်လည်းကောင်း၊ ဥသြသံပေး၍သော်လည်းကောင်း အချက်ပြဖယ်ရှားနေလေသည်။

"ဘော်. . ဘော်. . ဘော်. ."

သင်္ဘောဥသြသံက ကျယ်လောင်စွာဖြင့် နေရာအတော်ဝေးဝေးမှပင် ကြားနိုင်လေသည်။

သို့သော် ရှေ့မှတားဆီးနေကြသည့် လှေများကတော့ နေရာဖယ်မပေးကြပဲ လှေပေါ်မှာပါသူများက ဇွဲကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် လက်ပြပြီးတားနေကြသည်ကိုသာ တွေ့နေရသည်။

“ဒီသင်္ဘောကြီးတွေက သူတို့သတ်မှတ်ထားတဲ့ ဆိပ်ကမ်းမရောက်မချင်း ရပ်ပေးလို့မှမရတာ”

ဒေါက်တာမင်းထင်ကျော်က စိတ်ထဲမှ ရေရွတ်ပြီး အောက်သို့ ငုံ့ကြည့်လိုက်သည်။

အပေါ်စီးမှ ငုံ့ကြည့်ရသောကြောင့် လှေတွေပဲလား ဒါမှမဟုတ်မာရီယာပြောသွားသကဲ့သို့ ခေါင်းတလားကြီးတွေကိုပဲ လှေလုပ်ပြီး စီးလာခဲ့ကြလေသလား သဲသဲကွဲကွဲမမြင်ရပေ။

တစ်ခုတော့ သတိထားလိုက်မိသည်။

ထိုသူများက သာမန်ထက်ပိုရှည်သော လက်တံများဖြင့် သင်္ဘောနံရံကို ဖမ်းဆွဲရန် ကြိုးစားနေကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ ပရလောကသားများနှင့်ပတ်သက်ပြီး အတွေ့အကြုံအတော်များများ ရှိခဲ့ကြသူများဖြစ်သောကြောင့် ထိုအခြေအနေကို မြင်ရုံနှင့်ပင် သဘောပေါက်သွားကြတော့သည်။

သင်္ဘောကပ္ပတိန်ကတော့ ရှေ့မှတားဆီးနေသော လှေများကို ဖယ်ရှားပေးရန် ဝတ္တရားရှိသည့်အတိုင်း အချက်ပေးလိုက်ပြီးနောက် သင်္ဘောစက်ရှိန်ကို ပြန်မြှင့်တင်လိုက်လေသည်။





ထိုအခါ သင်္ဘောနှင့်တိုက်မိသောကြောင့် လှေအချို့မှာ မှောက်စီးနစ်မြုပ်ကာ ကျန်ခဲ့ကြသည်။

အချို့လည်း သင်္ဘောနောက်မှ အမီလိုက်လာရန် ကြိုးစားနေကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း ထိုမြင်ကွင်းများကို မကြည့်တော့ဘဲ မိမိတို့အခန်းရှိရာဘက်သို့ ပြန်လျှောက်လာခဲ့ကြသည်။

အခန်းတောင့်တစ်နေရာရောက် မျက်နှာဖြူဖပ်ဖြူရော်နှင့် တုန်လှုပ်စွာရပ်နေသော မာရီယာကိုတွေ့ရသဖြင့် ဒေါက်တာမင်းထင်ကျော်က ထိုနေရာမှာရပ်ကာ မေးလိုက်သည်။

“မင်း ဘာဖြစ်နေတာလဲ ကျွန်တော်ဘာအကူအညီ ပေးရမလဲ”

“ကျွန်မသိပ်ကြောက်နေတာပဲ သူတို့သင်္ဘောကြီးပေါ်တို ရောက်လာကြပြီထင်တယ်”

“မင်း ဂျူတီချိန်ပြီးရင် ခဏလိုက်ခဲ့ပါလား”

ဟု ခေါ်သောအခါ ဒေါက်တာမင်းထင်ကျော်နှင့်အတူ လိုက်လာလေသည်။

အခန်းထဲရောက်သောအခါ ဆရာကြီးသူရရွှေက ဘိုမကို



www.burmeseclassic.com

www.burmeseclassic.com



ရေတစ်ခွက်တိုက်လိုက်ရာ ယူပြီးသောက်သည်။ ထိုရေတစ်ခွက် သောက်ပြီးတော့မှ ပုံပန်အနေအထား ပြန်ရောက်လာတော့သည်။

"ကျေးဇူးပါတယ်ရှင်၊ စောစောက ကျွန်မနံဘေးမှာ တစ်ယောက်ယောက် ကပ်နေသလိုပါပဲ ဒီရေတစ်ခွက်သောက်လိုက်တော့မှပဲ ပြန်ထွက်သွားသလိုပါပဲ"

"သူတို့ ဒီအခန်းထဲကို မဝင်နိုင်ပါဘူး"

"ကျွန်မကိုလည်း အကူအညီပေးပါ ဆရာကြီးရယ်"

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ ကျုပ်တို့က တတ်နိုင်သလောက်တော့ အကူအညီပေးပါမယ်"

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်"

"ကျုပ်တို့က အကူအညီပေးချင်ပေမယ့် ဒီသင်္ဘောနဲ့ပတ်သက်တဲ့ ဇစ်မြစ်တွေကို မသိရင် အကူအညီပေးရင်လည်း ထိရောက်မှာမဟုတ်ဘူး၊ ဒီတော့ မင်းသိထားတဲ့ အကြောင်းတွေကို ပြောပြမယ်ဆိုရင်တော့ ပိုပြီးအဆင်ပြေပါလိမ့်မယ်"

ဆရာကြီး သူရဇ္ဇစကားကြောင့် မာရီယာမျက်နှာလေး ညှိုးကျသွားလေသည်။

"ကျွန်မ နာမည်က မာရီယာလို့ခေါ်ပါတယ်၊ ကျွန်မက





ဂျူပီတာသင်္ဘောကုမ္ပဏီမှာ အလုပ်ဝင်ခဲ့တာ နှစ်အတော်ကြာခဲ့ပါပြီ"

"ဒါဖြင့် လွန်ခဲ့တဲ့ဆယ်နှစ်လောက် ပျက်စီးပျောက်ကွယ်သွားတဲ့ သင်္ဘောကြီးရဲ့ ခရီးစဉ်မှာလည်း မင်းလိုက်ခဲ့ရတယ်မဟုတ်လား"

"မှန်ပါတယ် ဆရာကြီး"

"အဲဒီတုန်းက ဘယ်လိုအန္တရာယ်မျိုးတွေနဲ့ တွေ့ခဲ့ရတယ်ဆိုတာ နည်းနည်းလောက်ပြောပြပေးပါလား"

"အရင်တစ်ခေါက်ထွက်တဲ့ ဂျူပီတာသင်္ဘောကြီးပေါ်မှာ ခရီးသည်တွေနဲ့အတူ မကောင်းဆိုးဝါးတွေလည်း ပါလာကြပါတယ်၊ အဲဒီမိစ္ဆာဝိညာဉ်တွေက လူတွေကိုပူးကပ်ကြပါတယ်၊ အဲဒီလို ပူးကပ်ခံရတဲ့လူတွေက ကျန်တဲ့လူတွေကို အမြင်မှားပြီး သတ်ကြပါတယ်"

"ဘယ်လို အမြင်မှားတာလဲ"

"သူတို့ မျက်စိထဲမှာ တစ္ဆေသရဲတွေလို့မြင်ပြီး သတ်ကြတာပါပဲ သတ်ပြီးမှ မဟုတ်မှန်းသိကြရတော့တာပါပဲ၊ အဲဒီလို သတ်ကြရင်းနဲ့ သင်္ဘောတစ်စင်းလုံး သေကုန်ကြရတာပါပဲ ဆရာကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြရာ ဦးဇန်ကောင်းက ဝင်ပြောသည်၊

"ပင်လယ်ပြင်မှာ ပင်လယ်စုန်းဝင်ကပ်လို့ တစ်ယောက်နဲ့တစ်ယောက် အမြင်မှားပြီး သတ်ကြရင်းက စက်လှေတစ်စင်းလုံးပါတဲ့သူတွေ သေကြတာ ဒီလိုအဖြစ်မျိုးလိုပဲ ဖြစ်မှာပေါ့"

"အမှန်ပါပဲ ပရလောကသားတွေက သူတို့ကိုယ်တိုင် မလုပ်နိုင်ကြတော့ လူတွေကို ပူးကပ်ပြီး သူတို့လုပ်စေချင်တာတွေကို လုပ်ကြတာပါပဲ"

မာရီယာကလည်း ခေါင်းညိတ်ပြသည်။

"အဲဒီအတိုင်းပါပဲရှင်"

"နောက်တော့ ဘယ်လိုတွေ ဆက်ဖြစ်ကြသလဲ"

"အဲဒီလို သတ်လိုက်ကြတော့ သင်္ဘောတစ်စင်းလုံး သေကြတော့တာပါပဲ၊ သင်္ဘောဝန်ထမ်းတွေအားလုံးလည်း သေခဲ့ကြရတယ်၊ အဲဒီအထဲမှာ ကျွန်မတစ်ယောက်ပဲ ကံကောင်းထောက်မလို့ အသက်အန္တရာယ်ဘေးက လွတ်မြောက်ခဲ့ရပါတယ်"

"တိုက်တိုက်ဆိုင်ဆိုင်ပဲပေါ့၊ မင်းက အရင်တစ်ခေါက် ဂျူပီတာသင်္ဘောထွက်တုန်းကလည်း ပါခဲ့တယ် ဒီတစ်ခေါက်ထွက်တော့လည်း လိုက်ခွင့်ရခဲ့ပြန်တယ်၊ ဒါထက် ဒီသင်္ဘောပေါ်မှာရော အရင်လူဟောင်းတွေထဲက ဘယ်နှစ်ယောက်လောက်ပါလာကြသေးလဲ"





"ကျွန်မသိရသလောက်တော့ အရင်သင်္ဘောမှာ လိုက်ခဲ့ဖူးတဲ့ လူဟောင်းတွေထဲကဆိုရင် ကျွန်မတစ်ယောက်ပဲ ပါတော့တယ်ထင်တယ်"

"ဒါထက် သင်္ဘောပေါ်မှာ ဝိညာဉ်တွေ သွားလာလှုပ်ရှားနေတာတွေကို မင်းမျက်စိထဲမှာ မြင်နေရတယ်မဟုတ်လား"

မာရီယာက ခေါင်းညိတ်ပြသည်။

"မြင်နေရတယ်"

"ဘယ်လိုပုံသဏ္ဍာန်မျိုးတွေနဲ့ တွေ့နေရတာလဲ၊ သိသလောက်မြင်သလောက် ပြောပြပါဦး"

"အခု ဒီသင်္ဘောပေါ်မှာ တွေ့နေရတဲ့ ဝိညာဉ်တွေက တခြားတွေမဟုတ်ပါဘူး၊ အရင်ဆယ်နှစ်လောက်က ဂျူပီတာသင်္ဘောပေါ်မှာ ကျွန်မနဲ့အတူတူ လိုက်ခဲ့ကြတဲ့ သင်္ဘောဝန်ထမ်းတွေချည်းပါပဲ"

"ဒါဖြင့် သူတို့ကို မင်းသိနေသလို သူတို့ကလည်း မင်းကို မှတ်မိနေကြမှာပေါ့နော်"

"မှန်ပါတယ်၊ သူတို့ကို ရုပ်ပျက်ဆင်းပျက် ပုံသဏ္ဍာန်မျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ တွေ့မြင်နေရတော့ အတော့်ကို စိတ်မကောင်းဖြစ်မိပါ တယ်၊ နောက်ပြီး ကြောက်လည်းကြောက်လန့်မိပါတယ်”

“ဒီလောက်လည်း မကြောက်ပါနဲ့၊ ကျွန်တော်တို့က တတ်နိုင်သလောက် ကူညီပေးပါမယ်၊ သင်္ဘောပေါ်မှာ ပရလောကသားတွေနဲ့ ပတ်သက်ပြီး အကြောင်းထူးတွေ ပေါ်လာရင်သာ ကျွန်တော်တို့ကို လာပြောပေးပါ”

“ကျေးဇူးတင်ပါတယ် ဆရာရယ်”

“ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ခေါ်ပါ တယ်၊ ဒါက ဆရာကြီးသူရဋ္ဌ၊ ဒါက ဦးဗန်ကောင်းလို့ခေါ်ပါ တယ်”

“အခုလို ဆရာတို့နဲ့ တွေ့ရတာ ကံကောင်းတယ်လို့ပဲ ဆိုရမှာပါပဲ၊ ကျွန်မသွားလိုက်ပါဦးမယ်”

ဟု ပြောပြီး အခန်းတွင်းမှ ပြန်ထွက်သွားလေသည်။ ဒေါက်တာမင်းထင်ကျော်တို့လည်း ထိုညက ကောင်းစွာမအိပ် ကြပဲ သင်္ဘောပေါ်မှာ တစ္ဆေသရဲများအကြောင်းကို ပြောနေကြ သည်။

ဒေါက်တာမင်းထင်ကျော် အတော်ညဥ့်နက်တော့မှ သူ့ အခန်းသို့ပြန်လာပြီး တစ်ရေးအိပ်လေသည်။ အချိန်မည်မျှ ကြာ





အောင် အိပ်ပျော်သွားသည် မသိပေ။ အခန်းတံခါးခေါက်သံ ကြားရတော့မှ ပြန်နိုးလာလေတော့သည်။ နာရီကြည့်လိုက်တော့ နံနက်ပိုင်း (၈)နာရီအချိန်ခန့် ရှိနေချေပြီ။

အိပ်ရာမှထသွားကာ တံခါးဖွင့်ပေးလိုက်တော့ ဦးဗန် ကောင်းကိုတွေ့ရသည်။

“သင်္ဘောနောက်ဘက်မှ ထူးခြားတာတွေ တွေ့နေကြရ တယ်လို့ ပြောသံကြားတယ်၊ သွားကြည့်ရအောင်”

ဟုပြောသဖြင့် မျက်နှာပင်မသစ်တော့ပဲ အပြင်သို့ထွက် လာခဲ့သည်။

သင်္ဘောအနောက်ပိုင်း လက်ရန်းနံဘေးမှာတော့ သင်္ဘောသားများနှင့် ခရီးသည်အတော်များများ ရောက်နေ ကြပြီး ဆူဆူညံညံပြောဆိုနေကြသော အသံများကို အတိုင်းသား ကြားနေရသည်။

“ပင်လယ်ရေကြောင်းခရီးသွားကြတဲ့အချိန်မှာ ဒါမျိုး တွေမြင်တွေ့ရတာ အတိတ်နိမိတ်မကောင်းတာတော့ အမှန်ပဲ”

ဒေါက်တာမင်းထင်ကျော်တို့လည်း လူကြားထဲမှ တိုး ကာ နောက်ဘက်သို့ ထွက်ကြည့်လိုက်သည်။ မြင်ရသော မြင် ကွင်းက မကောင်းပေ။ သင်္ဘောနောက်ဘက်တွင် ခေါင်းတွေ သား



www.burmeseclassic.com

www.burmeseclassic.com



ကြီးများကို ကြိုးဖြင့်တန်းလန်းဆွဲထားရာ သင်္ဘောသွားရာသို့ လှေများတွဲချည်ဆွဲထားသကဲ့သို့ အတိုင်းလိုက်ကြီး ပါလာခြင်းပင် ဖြစ်သည်။

စုစုပေါင်း ခေါင်းတလား ဆယ်လုံးခန့်ရှိပေမည်။

"ဘယ်လိုဖြစ်ပြီး ဒါကြီးတွေက ချိတ်ပါလာတာလဲ"

"မသိဘူး၊ မနက်လင်းတော့မှပဲ နောက်ဘက်မှာ အတန်းလိုက်ကြီးပါလာတာကို မြင်ကြရတော့တာပဲ"

"ဒါကြီးတွေကို ဖြုတ်ပစ်မှကောင်းမယ်၊ အတိတ်နိမိတ် မကောင်းဘူး"

"သင်္ဘောကသွားနေတာ ဘယ်လိုဖြုတ်ပစ်မလဲ"

"သင်္ဘောကပ္ပတိန်ကို အကြောင်းကြားပြီး သင်္ဘော အရှိန်လျှော့ချလိုက်ပြီး ဖြုတ်ရမှာပေါ့"

ထိုသို့ ခရီးသည်များက တစ်ယောက်တစ်မျိုး ပြောနေကြစဉ် အရှိန်ဖြင့် ခုတ်မောင်းနေသော သင်္ဘောစက်သံက တဖြည်းဖြည်းလျော့ကျသွားသည်။ ထို့အတူ သင်္ဘောအရှိန်လည်း တဖြည်းဖြည်း နှေးသွားလေသည်။

ထို့နောက်မှာတော့ သင်္ဘောတာဝန်ရှိသူအချို့နှင့် သင်္ဘောသားအချို့ သင်္ဘောကုန်းပတ်ပေါ်သို့ ဆင်းလာကြလေ





သည်။ ထို့နောက် အောက်သို့ကြိုးလှေခါးတစ်ခုချပြီး သင်္ဘောသားတစ်ယောက် အောက်သို့ဆင်းသွားလေသည်။ ထိုသင်္ဘောသားက အသက်ကယ်ဇောတပ်ထားသလို ခါးမှာလည်း အသက်ကယ်ကြိုးတစ်ချောင်း တပ်ဆင်ထားသည်။ ထိုသင်္ဘောသားမှာ သင်္ဘောအရာရှိက စေခိုင်းသဖြင့်သာ ကြိုးလှေခါးမှ အောက်သို့ ဆင်းသွားရသော်လည်း ခေါင်းတလားကြီးများကို ကြည့်ပြီး အတော်ကလေး ထိတ်လန့်ကြောက်ရွံ့နေကြဟန်ရှိသည်။

နိုင်ငံခြားခေါင်းတလားပုံသဏ္ဌာန်၊ အပေါ်ပိုင်းကားပြီး အောက်ပိုင်း ရှုံးသောပုံသဏ္ဌာန်မျိုးဖြစ်ပြီး တစ်လုံးမှအဖုံးမပါဘဲ ဖက်လက်အနေအထားဖြစ်သည်။ သစ်သားဖြင့်ပြုလုပ်ထားသောကြောင့်လည်း လှေတစ်စင်းကဲ့သို့ ရေပေါ်ပေါ်နေခြင်းဖြစ်သည်။ ပင်လယ်ရေလှိုင်းများက တဝုန်းဝုန်းနှင့် လာရောက်ပုတ်ခတ်နေသော်လည်း မှောက်သွားခြင်း၊ မြုပ်သွားခြင်း မဖြစ်သည်မှာတော့ အတော်ကလေး ဆန်းကြယ်လေသည်။

အောက်သို့ ဆင်းသွားသော သင်္ဘောသားက မနီးမဝေး ရောက်တော့ အောက်သို့တစ်ချက်ငုံ့ကြည့်လေသည်။ နောက်ဆက်မှာရှိသော ခေါင်းတလားများထဲမှာတော့ ထူးထူးခြားခြား ဘာမှ မတွေ့ရပေ။ ရှေ့ဆုံးမှာရှိနေသော ခေါင်းကိုကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ ခေါင်းကြီးသွားတော့သည်။ ခေါင်းတလားအတွဲကြီးမှာ ကြိုးဖြင့် တွဲထားခြင်းမဟုတ်ကြပေ။

ခေါင်းတစ်လုံးနှင့်တစ်လုံး မပြုတ်စေရန် အရိုးပြိုင်းပြိုင်း ထနေသည့် လက်တစ်ဖက်စီက ဆွဲထားကြခြင်းဖြစ်ပေသည်။ ရှေ့ဆုံးမှာရှိသော ခေါင်းတလားတွင်းမှလည်း အရိုးကျနေပြီ ဖြစ်သောလက်တစ်ဖက်ထွက်နေပြီး ထိုလက်က သင်္ဘောသံ ကွင်းတစ်ခုကို လှမ်းဆွဲထားခြင်းဖြစ်သည်။

အောက်သို့ဆင်းသွားသော သင်္ဘောသားမှာ ထိုမြင် ကွင်းကို မြင်သောအခါ များစွာထိတ်လန့်ကြောက်ရွံ့သွားသော ကြောင့် ဘာလုပ်ရမှန်းမသိတော့ပေ။

သူနှင့်အတူ ဓားတစ်ချောင်းပါသွားသည်။ အကယ်၍ အခြားကြိုးများဖြင့် ပတ်မိနေပါက ခုတ်ဖြတ်ပစ်ရန် ဖြစ်သော် လည်း လူအရိုးစုလက်များကို မြင်သောအခါ ခုတ်ဖို့မဆိုထားနှင့် အနားကိုပင် မကပ်ဝံ့တော့သဖြင့် အပေါ်ပြန်တက်ရန်ချက်ပေး လိုက်သဖြင့် ကုန်းပတ်ပေါ်မှ စောင့်နေကြသော သင်္ဘောသား များက အပေါ်သို့ပြန်ဆွဲတင်ပေးကြသည်။ အပေါ်ရောက်တော့ သူ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေလေသည်။

"ဘယ်လိုဖြစ်လာတာလဲ၊ ဘာကြောင့် ဟိုဟာတွေကို





ခုတ်မဖြတ်ခဲ့တာလဲ"

"ကြိုး . . ကြိုးနဲ့ ချည်ဆွဲထားတာမဟုတ်ဘူး"

"သံကြိုးနဲ့ ချည်ထားလို့လား"

"မဟုတ်ဘူး၊ လက်တွေနဲ့ ဆွဲထားတာ"

"ဟင် ဘယ်သူတွေက ဆွဲထားတာလဲ၊ ဒီလိုဆွဲလိုက်လို့ ရေဘူးဆိုတာ မသိကြဘူးလား၊ ဆွဲထားတဲ့လက်ကို ဘာကြောင့် ဓားနဲ့ ခုတ်မဖြတ်ခဲ့တာလဲ"

"ကျွန်တော်၊ ကျွန်တော် ကြောက်တယ်"

ပထမဆိုင်းသောသူ အခြေအနေမကောင်းမှန်း သင်္ဘောအရာရှိက သဘောပေါက်သွားသောကြောင့် အခြား တစ်ယောက်ကို ဆင်းခိုင်းပြန်လေသည်။

ထိုတစ်ယောက်ကလည်း သင်္ဘောအရာရှိခိုင်းသော ကြောင့်သာ ဆင်းရသော်လည်း ပထမဆင်းသူ၏ အမူအရာ ကြည့်ပြီး သူလည်းကြောက်လန့်နေသည်။

စိတ်တင်းပြီး ဆင်းသွားရာ အောက်သို့ရောက်တော့ ပထမလူပြောသကဲ့သို့ အရိုးပြိုင်းပြိုင်းကျနေသောလက်တစ်ဖက် က သင်္ဘောသံကွင်းကို ဆွဲထားသည်ကို တွေ့ရသဖြင့် မျက်စိမှိတ် ပြီး ဓားဖြင့်ခုတ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်"

ဟုမြည်ရမည့်အစား သင်္ဘောနံရံကို ဓားဖြင့်ခုတ်မိရာမှ ထွက်လာသော ဒေါင်ခနဲမြည်သံကြားရသဖြင့် မျက်စိဖွင့်ကြည့်လိုက်သည်။

"ဟင်"

သူ ဓားဖြင့် အားရှိသလောက်ခုတ်ချလိုက်သော်လည်း ဆွဲထားသောလက်ကတော့ ပြုတ်ထွက်မသွားပေ၊ ရှိမြဲတိုင်းရှိနေသေးသည်။

"ဒီလောက်ရှိလှတာ. . ကဲကွာ. . ကဲကွာ"

ဟု မျက်စိမှိတ်ထားရင်းမှ ဓားဖြင့်အချက်ပေါင်းများစွာ ခုတ်လေရာ တစ်ကြိမ်မှာတော့ အရှိန်လွန်၍တစ်ပတ်လည်သွားပြီးနောက် ဓားချက်က သူ့ကိုဆွဲထားသည့်ကြိုးကို ခုတ်မိသွားတော့သည်။

"ဒုတ်"

"ဝုန်း"

ကြိုးပြုတ်သွားသည်နှင့် အောက်မှာရှိနေသော ခေါင်းတလားတစ်လုံးအတွင်းသို့ ကျသွားလေတော့သည်။ ထိုအခိုက်မှာပင် သံကွင်းကိုဆွဲထားသော လက်တစ်ဖက်လည်း ပျောက်





သွားပြီး အတွဲလိုက်ကြီးပါလာသော ခေါင်းတလားကြီးများက ရေစီးကြောင်းနှင့် မျောပါသွားရာ အချိန်ခဏလေးအတွင်းမှာပင် လှိုင်းလုံးများကြားမှာ ကွယ်ပျောက်သွားလေတော့သည်။

သင်္ဘောပေါ်မှ ကြည့်နေကြသူများမှာ ခေါင်းတလားအတွဲကြီး ပြုတ်ကျမျောသွားသည်ကို သာလျှမ်းမြင်လိုက်ကြရပြီး သူတို့လူတစ်ယောက် ပါသွားသည်ကိုတော့ ဘယ်သူမှမမြင်လိုက်ကြပေ။

အတန်ကြာ၍ ကြိုးစကို ဆွဲတင်ကြည့်သောအခါမှ တိတိရိရိပြတ်နေသော ကြိုးစကိုသာ တွေ့ရပြီး လူမပါတော့မှန်း သိကြရသည်။

ထိုအခါမှ ပင်လယ်ပြင်အနှံ့ ကြည့်ကြသော်လည်း အစအနမျှပင် မတွေ့ကြရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

# တာစွေအခြောက်ဆုံး သင်္ဘောနှင့် သူ့ပြဿနာမြား

ဂျူပီတာ သင်္ဘောကြီးကတော့ ခရီးစဉ်အတိုင်း မှန်မှန်ပင်ခုတ်မောင်းလျက်ရှိနေသည်။

မြန်မာနိုင်ငံပိုင် ရေပိုင်နက်နယ်နိမိတ်မှ အိန္ဒိယနိုင်ငံပိုင် ရေပိုင်နက်နယ်နိမိတ်သို့ ဦးတည်ခုတ်မောင်းနေသည်။ ၎င်း၏ ခရီးစဉ်အဆုံးမှာ အိန္ဒိယနိုင်ငံ ဘုံဘေမြို့ဖြစ်သောကြောင့်မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ ကမ်းရိုးတန်းဘက်မှ အနောက်မြောက်ဘက်ပင်လယ်ပြင်ကို ဦးတည်ခုတ်မောင်းနေခြင်းဖြစ်သည်။

ခရီးစထွက်လာကတည်းက ထူးခြားဆန်းကြယ်သော အန္တရာယ်များနှင့် တစ်ခုပြီးတစ်ခု တွေ့နေကြရသောကြောင့် သင်္ဘောပေါ်မှာ လိုက်ပါလာကြသည့် ခရီးသည်များမှာ စိတ်တထင့်ထင့်ရှိနေကြသော်လည်း သင်္ဘောကြီးကတော့ သူဦးတည်ချက်ခရီးစဉ်အတိုင်း မှန်မှန်ပင်ခုတ်မောင်းနေလေသည်။

အကယ်၍သာ ရာသီဥတု၊ မုန်တိုင်းနှင့် အခြားအနှောင့်အယှက်များနှင့် မတွေ့ရပါက နောက်ထပ်နှစ်ညအိပ်ခရီးလောက်သွားလျှင် ဘုံဘေသို့ရောက်သွားကြမည်ဖြစ်ပေသည်။

သို့သော်လည်း သင်္ဘောကြီးပေါ်မှာတော့ ထူးဆန်းမှုနှင့် ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာများကတော့ သင်္ဘောကြီးပေါ်မှာရှိသော တစ်နေရာရာတွင်မှာတော့ ဖြစ်နေခဲ့လေသည်။

ဥပမာ သင်္ဘောဝန်ထမ်းစာရင်းမှာရော အခြားခရီးသည်များစာရင်းမှာပါ မပါသော အင်ဂျင်နီယာကျော်မင်းတစ်ယောက် သင်္ဘောအောက်ဆုံးထပ်၌ရှိသော စတိုခန်းထဲမှာ ပိတ်မိလျက်သားပါလာသော အဖြစ်ကိုပင် သင်္ဘောဝန်ထမ်းများရော အရာရှိများပါ မသိကြသေးချေ။





သူသည် အစာမစား ရေမသောက်ရပဲ လေအနည်းငယ်သာရသော အခန်းထဲမှာ ရက်အတန်ကြာအောင် ရောက်နေရသောကြောင့် မလှုပ်နိုင်တော့ပေ။

သေလုမြောပါး အခြေအနေသို့ ရောက်နေရလေပြီ။

ဒေါက်တာမင်းထင်ကျော်တို့လည်း မနက်ပိုင်းက ခေါင်းတလားကြီးများမြင်တွေ့ခဲ့ရပြီး နောက်ပိုင်းသင်္ဘောသားတစ်ယောက် ပျောက်ချင်းမလှပျောက်သွားရသည်ကိုသိပြီး စိတ်မကောင်း ဖြစ်နေမိကြသည်။

တကယ်တော့ ပင်လယ်ပြင်ပေါ်မှာ သွားလာနေကြသောသင်္ဘောတိုင်း ရေပေါ်မှာ မျောပါလာတတ်သော ခေါင်းတလားကြီးများနှင့် တွေ့ရမြင်ရသည်ကတော့ အဆန်းမဟုတ်ကြပေ။ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရသူများအဖို့ကတော့ အန္တရာယ်ဆိုးများနှင့် ကြုံတွေ့ကြရလေ့ ရှိသည်။

ပင်လယ်ကမ်းခြေနှင့် နီးသောနေရာများမှာ နေထိုင်ကြသူများမှာ အချို့သေသူကို ရေလုံသောခေါင်းတလားထဲသို့ထည့်ကာ ရေမျောတတ်ကြသောကြောင့်လည်း တွေ့ရတတ်သည်။

ကမ်းခြေနှင့်နီးသော နေရာမှာရှိသော သချိုင်းဟောင်းများ ကမ်းပါးပြိုကျသောကြောင့် ထိုနေရာမှ ခေါင်းတလားများ



www.burmeseclassic.com

www.burmeseclassic.com



လည်း မျောပါလာတတ်ကြသည်။

ပင်လယ်ရေပြင်ပေါ်မှာ ခေါင်းတလားကြီးများ မျောပါနေသည်ကို တွေ့ရမြင်ရတာ အဆန်းမဟုတ်သော်လည်း တွေ့မြင်ရသူများမှာတော့ ကံကောင်းလှမရှိကြပေ. . ။

(၁၉၀၆) ခုနှစ်လောက်က ဝလာငှက်တလိုင်း(The Sky Plover)အမည်ရှိ ကုန်တင်သင်္ဘောကြီးတစ်စင်းမှာ အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်၊ မီယာမီဆိပ်ကမ်းသို့ ဦးတည်ခုတ်မောင်းလာစဉ် အတွဲလိုက်မျောပါလာသော ခေါင်းတလားကြီးလေးလုံးနှင့် တိုက်တိုက်ဆိုင်ဆိုင် တွေ့ခဲ့ရသည်။

ထိုခေါင်းတလားထဲမှာ ပြဇာတ်မင်းသားချားလိ(စ) ဖရန့်စစ်ကော့လင်း၏ ရုပ်အလောင်းထည့်ထားသော ဆိုက်ပရပ်သားခေါင်းတစ်လုံးလည်း ပါဝင်လေသည်။

ဖရန့်စစ်ကောလင်းမှာ (၁၉၀၀)ပြည့်နှစ်၊ ဩဂုတ်လ (၂၇)ရက်နေ့တွင် တိုက်ခိုက်သော မုန်တိုင်းဒဏ်ကြောင့် သေဆုံးသွားခဲ့ရခြင်းဖြစ်ပြီး၊ ၄င်း၏ခေါင်းတလားလည်း ပင်လယ်ရေထဲ မျောပါလာခြင်းဖြစ်သည်။

(ထိုအကြောင်းကို အခြားစာအုပ်တွင် ထည့်သွင်းရေးသားခဲ့ပြီးဖြစ်သောကြောင့် အသေးစိတ်မရေးတော့ပြီ)





ပင်လယ်ပြင်မှာတွေ့ရသော အခြားအန္တရာယ်တစ်ခုမှာ တစ္ဆေသင်္ဘော အများအပြားရှိပေရာ ထိုအထဲမှာမှ တစ္ဆေအခြောက်ဆုံး တစ္ဆေသင်္ဘောအချို့ကို ဗဟုသုတရစေရန် ဖော်ပြပေးလိုက်ပါသည်။

ကမ္ဘာပေါ်တွင် တစ္ဆေခြောက်သည့် သင်္ဘောများစွာ ရှိပေသည်။

ယခုဖော်ပြမည့် တစ္ဆေခြောက်သော သင်္ဘောများမှာ ပင်လယ်ခုနစ်ခုတွင် ပေါ်လိုက်ပျောက်လိုက်ဖြင့် ခြောက်လှန့်နေသည့် သင်္ဘောများဖြစ်သည်။

➢ ပထမဦးစွာ ဖော်ပြမည့် သင်္ဘောမှာ "အင်နီဘုရင်မ၏ ကလဲ့စား"ဟု မြန်မာလိုအစိပ္ပါယ်ရသည့် (Queen Anne's Revenge) သင်္ဘောဖြစ်သည်။

ထိုသင်္ဘောကို မုတ်ဆိတ်မဲနှင့် ပင်လယ်ဓားပြစီးသော သင်္ဘော(The FLagship of BLackbeard the Pirate)ဟုလည်း လူသိများသည်။

(၁၈၁၇)တွင် အဆိုပါသင်္ဘော မနစ်မြုပ်မီ (၁၈၀၀) ပြည့်နှစ်အတွင်းတွင် အမေရိကန်ပြည်ထောင်စု၏ အရှေ့ပိုင်းရေပြင်၌ တစ္ဆေခြောက်လှန့်သော(Queen Anne's Revenge)



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောသည် အလွန်ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ မြင်ကွင်းများကို ဖြစ်ပေါ်စေခဲ့သည်။

အဆိုပါ သင်္ဘော၏ကပ္ပတိန်မှာ ဝီလျံတိ(ချ) (WiLLiam Teach) ဖြစ်သည်။

သူသည် “မုတ်ဆိတ်မဲနှင့်ပင်လယ်ဓားပြ” (BLack-beard the Pirate) ဟုလူသိများခဲ့သည်။

ကပ္ပတိန်မုတ်ဆိတ်မဲသည် ကာလီဖိုးနီးယား မြောက်ပိုင်းကမ်းခြေတွင် ကွယ်လွန်ခဲ့သည်။

သူကွယ်လွန်ခဲ့သည့် ပင်လယ်ကမ်းခြေတွင် ထိုခေတ်ထိုအချိန်မှစ၍ ယနေ့ထက်တိုင် ကပ္ပတိန်မုတ်ဆိတ်မဲသည် တစ္ဆေဘဝဖြင့် ခြောက်လှန့်လျက်ရှိသည်။

(၁၇၁၀)ပြည့်နှစ်တွင် တည်ဆောက်ခဲ့သော ဗြိတိသျှကုန်တင်သင်္ဘော ကွန်ကော့(ဒ)(Concord)သည် ပြင်သစ်တို့၏ သိမ်းပိုက်ခြင်းကိုခံရပြီးသည့်နောက်တွင် လာကွန်ကော့(ဒ) ( La Concorde )ဟု အမည်ပြောင်းခြင်းခံရသည်။

ပြင်သစ်တို့သည် ကျွန်ဈေးကွက်သို့ ကျွန်များပို့မိုသယ်ပို့နိုင်ရန် လာကွန်ကော့(ဒ) သင်္ဘောကို ယခင်ကထက် ပို၍ကြီးမားခိုင်ခန့်အောင် ပြုပြင်မွမ်းမံခဲ့သည်။





(၁၇၁၆)တွင် ကျွန်များကို တင်ဆောင်လာသော လာကွန်ကော့(ဒ)သင်္ဘောသည် ပင်လယ်ဓားပြ ဘင်ဂျမင်ဟော်နီဂိုး (Benjamin HornigoLd)နှင့် ရင်ဆိုင်တွေ့ကြုံရကာ အမြောက်ဖြင့် အချက်(၂၀)ခန့် ပစ်ခတ်၍ သင်္ဘောကို သိမ်းယူခဲ့သည်။

ထိုအချိန်က ပင်လယ်ဓားပြ ဘင်ဂျမင်ဟော်နီဂိုးသည် ဘဟာမား(စ) (Bahamas)နှင့် အမေရိကတိုက်များ (Ameri-cas)ကို ကြီးစိုးခြင်းမပြုမီ ဂီနီကမ်းခြေတွင် စိုးမိုးခဲ့သူဖြစ်သည်။

မုတ်ဆိတ်မဲ(Blackbeard)သည် သူပါဝင်ခဲ့သည့် “အင်နီဘုရင်မ၏စစ်ပွဲ” ဟူသော သင်္ဘော၏အမည်မှ အရင်းအမြစ်ပြု ဆင်းသက်လာသည်ဟု တွေးတောယူဆခဲ့ကြသည်။

(၁၇၁၇) တွင် ဘင်ဂျမင်ဟော်နီဂိုးသည် သူ၏သင်္ဘောကို သူ၏သင်္ဘောသားတစ်ဦးဖြစ်သော ဒက်ဒဝပ်တိ(ချ) (Edward Teach) အားလွှဲပြောင်းပေးအပ်ခဲ့သည်။

ကပ္ပတိန် အက်ဒဝပ်တိ(ချ)သည် အဆိုပါသင်္ဘောကို အင်နီဘုရင်မ၏ကလဲ့စား (Queen Anne's Revenge)ဟု နာမည်အသစ် မှည့်ခေါ်ခဲ့သည်။

ထိုသင်္ဘောကို အမြောက်နှစ်ချက်ပစ်၍ အချက်ပေးကာ စတင်ပြေးဆွဲခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ် ထိုအခါက လုယက်တိုက်ခိုက် ဓားပြတိုက်ခြင်းကိစ္စများဖြင့် ပင်လယ်ပြင်တွင် ခြိမ်းခြောက်မှုအရှိဆုံး ပင်လယ်ဓားပြသင်္ဘောတစ်စင်းဖြစ်ပြီး လက်နက်ကောင်းများကို သုံးစွဲ၍ လုယက်တိုက်ခိုက်သဖြင့် နာမည်ကြီးခဲ့သည်။

(Queen Anne's Revenge)သင်္ဘောသည် သင်္ဘောငယ်လေးများကို အုပ်စုဖွဲ့ကာ လက်အောက်ခံအဖွဲ့အဖြစ် အရန်အင်အားဖြည့်ဆည်းထားခဲ့သည်။

ကပ္ပတိန် အက်ဒဝပ်တိ(ချ)၏ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းသော သွင်ပြင်ဟန်ပန်တွင် ကျစ်ဆံမြီးကျစ်ထားရလောက်အောင် ရှည်လျားသော မုတ်ဆိတ်မဲပါ ထပ်ဖြည့်ထားသဖြင့် သူသည် မုတ်ဆိတ်မဲ (Blackbeard)ဟု နာမည်ပြောင်ဖြင့် ထင်ရှားကျော်ကြားခဲ့သည်။

ကပ္ပတိန်အက်ဒဝပ်တိ(ချ) (မုတ်ဆိတ်မဲ)သည် နာမည်ကြီးပင်လယ်ဓားပြခေါင်းဆောင်ဖြစ်ပြီး သူ့ကိုခုခံသည့် သင်္ဘော(သို့မဟုတ်) လူတို့ကို အပြီးအပြတ် ရှင်းလင်းဖျောက်ဖျက်တတ်သူဖြစ်ပေသည်။

တစ်ခါသော် ရက်ရက်စက်စက် ပင်လယ်ဓားပြတိုက်သည့် မုတ်ဆိတ်မဲနှင့် နတ်ဆိုးကဲ့သို့ မကောင်းမှုများကို ဆောင်





ရွက်လေ့ရှိသော သူ၏ပင်လယ်ဓားပြ သင်္ဘောအုပ်စုသည် ဖမ်းဆီးပိတ်ဆို့ခြင်း ခံကြရသည်။

ထိုနေရာမှာ ကာရိုလိုင်းနားတောင်ပိုင်းရှိ ချာလက်စတန်မြို့အနီးတွင် ဖြစ်သည်။

ကပ္ပတိန်အက်ဒဝပ်တိ(ချ)(မုတ်ဆိတ်မဲ)သည် သူ၏လွတ်မြောက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းခဲ့ရသည်။

သူသည် သူပိုင်ဆိုင်သော(Queen Anne's Revenge) သင်္ဘောဖြင့် ကသုတ်ကရက်မောင်းနှင်ထွက်ပြေးလာရာ ကာရိုလိုင်းနားမြောက်ပိုင်း ဗျူးဖို့(ထ)အင်လက်(ထ) (Beaufort Inlet)သို့ ဝင်ရောက်ခိုလှုံရန် ကြိုးစားစဉ်တွင် သင်္ဘောနစ်မြုပ်ခဲ့သည်။

သို့ဖြစ်၍ သူ၏ပင်လယ်ဓားပြသင်္ဘောအလံသည် သူပိုင်သော "စွန့်စားမှု"ဟု မြန်မာလိုအမည်ရှိသည့် (Adventure) သင်္ဘောတွင် ပြောင်းလဲလွင့်ထူခဲ့ရသည်။

ထိုနည်းဖြင့် ပင်လယ်ဓားပြသင်္ဘော(Queen Anne's Revenge)သည် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာအဖြစ်ဆုံးဖြစ်ရပ်ဖြင့် အဆုံးသတ်ခဲ့ရသည်။

ဟာဂျီးနီးယားကမ်းရိုးတန်းအလွန် ဝှိုက်(စ)ကရိ(White



www.burmeseclassic.com

www.burmeseclassic.com



Creek) တွင်တစ္ဆေခြောက်သော သင်္ဘောများစွာရှိသည့်အနက် ကပ္ပတိန်မုတ်ဆိတ်မဲနှင့် သူ၏သင်္ဘောသားများလည်း တစ္ဆေအဖြစ်ခြောက်လှန့်ကြသည်ဟု လူအချို့ကဆိုကြသည်။

ပင်လယ်ဓားပြကြီးဖြစ်သော ကပ္ပတိန်အက်ဒဝပ်တိ(ချ)(မုတ်ဆိတ်မဲ)သည် သူ၏ရတနာများကို ထိုကမ်းခြေရှိသစ်တောများအတွင်းတွင် မြှုပ်နှံထားခဲ့ခြင်းကြောင့် တစ္ဆေဘဝသို့ ကူးပြောင်းသွားသည့်တိုင်အောင် သူထားခဲ့သည့် ရတနာများလုံခြုံမှုရှိ မရှိကို သူသင်္ဘောဖြင့် မကြာခဏလာရောက်ကြည့်ရှုလေ့ရှိသည်ဟု အချို့သော သူများကပြောကြပြန်သည်။

(၁၉၉၆)တွင် သုတေသနအဖွဲ့တစ်ဖွဲ့သည် ရှာဖွေလေ့လာကြရာ ကာရိုလိုင်းနားမြောက်ဘက်ကမ်းရိုးတန်းအလွန်တွင် နစ်မြုပ်ခဲ့သည့် (Queen Anne's Revenge)သင်္ဘောမှ အမြောက်တစ်လက်၊ ကျောက်ဆူးနှင့်အခြားစက်ပစ္စည်းအချို့ကို ဆယ်ယူရရှိခဲ့သည်။

ဆယ်ယူရရှိလာသည့် ပစ္စည်းများကို ကာရိုလိုင်းနားမြောက်ပိုင်းရှိ ရေကြောင်းပြတိုက်တွင် ပြသထားပေသည်။

ပင်လယ်အောက်သို့ နစ်မြုပ်သွားခဲ့သော (Queen Anne's Revenge)သင်္ဘောနှင့် မဝေးကွာလှသောနေရာတွင်





အောကရာကိုကီကျွန်း(Ocracoke Island)ရှိသည်။

ထိုကျွန်းပေါ်တွင် အလွန်တစ္ဆေခြောက်သည်ဟု လူပြောများသည်။

ခြောက်လှန့်သည့် တစ္ဆေများတွင် သူအသက်ရှင်စဉ်ကဓားပြတိုက်၍ရယူထားသော ရတနာများစွာကို ထိုကျွန်းပေါ်တွင် မြှုပ်နှံထားခဲ့သော ကပ္ပတိန်အက်ဒဝပ်တိ(ချ)(မုတ်ဆိတ်မဲ)တစ္ဆေလည်းပါဝင်ခဲ့သည်။

ကပ္ပတိန်မုတ်ဆိတ်မဲ၏ တစ္ဆေဝိညာဉ်သည်သူမြှုပ်နှံခဲ့သည့် ရတနာများကိုတူးဖော်မရမချင်း ထိုကျွန်းပေါ်တွင် ခြောက်လှန့်နေဦးမည်သာဖြစ်ပေသည်။

➤ ဒုတိယဖော်ပြမည့် သင်္ဘောမှာ "လီဂရစ်ဖွန်" (Le Griffon) ဖြစ်သည်။

ဝီကွန်ဆင်၊ ဂရင်းပင်လယ်ကွေ့၊ ဝါရှင်တန်ကျွန်းအနီးရှိ မစ်ချီဂန်ရေအိုင်ကြီးရှိ တစ္ဆေခြောက်သည့်သင်္ဘောဟု ခေါ်ဆိုသတ်မှတ်ကြသည့် လီဂရစ်ဖွန်သင်္ဘောတွင်လည်း နောက်ကြောင်းသမိုင်းရှိပေသည်။

(၁၆၇၉)တွင် ပြင်သစ်လူမျိုးလေ့လာရှာဖွေ ဖော်ထုတ်သူဖြစ်သူ ရီနီရောဘတ်ကာဗီလီယာ (Rene-Robert Cavelier)



www.burmeseclassic.com

www.burmeseclassic.com



ဆီယာဒီလာဆေလီ (Sieur de La Salle)ဆိုသူသည် လီဂရစ်ဖွန် ရေအိုင်ကြီးတွင် ရွက်လွှင့်ရန် ပထမတန်းစားအရွယ်အစား မီး သင်္ဘောကြီးတစ်စင်းကို တည်ဆောက်ခဲ့ကြသည်။

အဆိုပါသင်္ဘောကြီးသည် ပထမဦးဆုံး ပွဲဦးထွက်ရေ ကြောင်းခရီးမှ အပြန်ခရီးတွင် ခရီးမဝေးကွာလှတော့သဖြင့် မှန် မှန်မောင်းနှင်လာခဲ့သည်။

သို့သော် ထိုခရီးတွင် လီဂရစ်ဖွန် သင်္ဘောကြီးသည် ရေအောက်သို့ စုန်းစုန်းမြုပ်သွားခဲ့ပေရာ မည်သည့်အခါမှ ထို သင်္ဘောကြီးကို မတွေ့ရတော့ပေ။

ရာစုနှစ်ပေါင်းများစွာအတွင်း မျက်မြင်သက်သေများ၏ အဆိုအရ အဆိုပါကံကြမ္မာဆိုးဝါးလှသည့် သင်္ဘောကြီးသည် ဂရင်းပင်လယ်အော်ထဲတွင် ရွက်လွှင့်သွားလာနေသည်ကို တွေ့ မြင်ခဲ့ကြသည်။

လီဂရစ်ဖွန်သင်္ဘောသည် နိုင်ရာဂရာမြစ်မှ ထွက်ခွာလာ ခဲ့ပြီး ယခင်အခါက ထိုကဲ့သို့သော သင်္ဘောအမျိုးအစားများ တစ်ကြိမ်မျှသွားလာခဲ့ခြင်း မရှိခဲ့သော ဂရင်းပင်လယ်အော်သို့ ရှေ့ရှုထွက်ခွာလာခဲ့သည်။

ရှေးအခါက ဂရိတ်(ထ)လိတ်(စ)(The Great Lakes)





ရေပြင်တွင် ကနူးလှော်လှေများဖြင့်သာ သွားလာခဲ့ကြသည်။

ဒေသခံအမေရိကန်လူမျိုးများက ကပ္ပတိန်လာဆေလီ နှင့် သူ၏သင်္ဘောသားများကို ၎င်းတို့၏သင်္ဘောမှာ ကုန်အလေး ချိန်များနေကြောင်း သတိပေးစကားပြောကြားခဲ့သည်။

သို့သော် ထိုသင်္ဘောကပ္ပတိန်နှင့် သင်္ဘောသားများက သတိပေးစကားကို အလေးမမူခဲ့ပေ။

အနောက်မြောက်ဘက်စွန်းတစ်နေရာ အရောက်တွင် ကပ္ပတိန်သည် လီဂရစ်ဖွန်သင်္ဘောကို ကျောက်ဆူးချထားရန် ညွှန်ကြားခဲ့သည်။

ထိုနေရာတွင် သူတို့၏ရှေ့ဆက်ရမည့် ခရီးအတွက် လေကြောင်းကောင်းမွန်လာမှသွားရန် သင်္ဘောကို ကျောက်ချ ရပ်နားပြီး အချိန်စောင့်နေခဲ့ကြသည်။

ကပ္ပတိန်လာဆေလီသည် သူ၏သင်္ဘောသားအဖွဲ့တစ် ဖွဲ့ကို ရှေ့ပြေးစေလွှတ်လိုက်ပြီး ၎င်းတို့၏သင်္ဘော ဂရင်းပင် လယ်အော်သို့ ရောက်လာချိန်တွင် အဆင်သင့်ဖြစ်စေရန်လုပ် ငန်းအဝဝကို ကြိုတင်စီစဉ်စေခဲ့သည်။

နောက်ဆုံးတွင် လေကြောင်းမှန်လာသောအခါ ခက်ခဲ ကြမ်းတမ်းသော ရေကြောင်းခရီးရှည်ကြီးကို ကြိုးစားမောင်းနှင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသည်။

ထိုသို့ မောင်းနှင်လာရာ မက်ကီနေ့(စ)ပင်လယ်ရေလက်ကြားမှဖြတ်၍ အောင်မြင်စွာ ခရီးဆက်နိုင်ခဲ့ကြသည်။

သင်္ဘောကပ္ပတိန် လာဆေလီနှင့်သူ၏သင်္ဘောသားများသည် ဂရင်းပင်လယ်အော်ရှိ ဝါရှင်တန်ကျွန်းသို့ ရောက်ခဲ့ကြသည်။

ဒေသခံလူများက သူတို့ကို လှိုက်လှဲစွာကြိုဆိုခဲ့ကြသည်။

ကပ္ပတိန်လာဆေလီ ကြိုတင်စေလွှတ်လိုက်သည့် ရှေ့ပြေးသင်္ဘောသားအဖွဲ့သည် သူတို့နှင့် လာရောက်ပေါင်းဆုံခဲ့သည်။

ရှေ့ပြေးသင်္ဘောသားအဖွဲ့သည် ထိုသင်္ဘောဖြင့်တင်၍ နိုင်ရာဂရာရာသို့ ပြန်ရန် သားမွေး(၆)တန်ကျော်ခန့်ကို ဝယ်ယူစုဆောင်းထားနှင့်ခဲ့ကြသည်။

ထိုသင်္ဘောပြန်လည်မထွက်ခွာမီ ကပ္ပတိန်လာဆေလီသည် ထိုသင်္ဘောဖြင့် ပြန်မလိုက်ဘဲ ကနူးလှေဖြင့်လာသည့်အဖွဲ့ဖြင့် ပြန်လိုက်ရန်ဆုံးဖြတ်ခဲ့သည်။

ကပ္ပတိန်လာဆေလီ၏ ရည်ရွယ်ချက်မှာ မစ္စစ္စပီမြစ်သို့ ထွက်နိုင်မည့်လမ်းကြောင်းကိုရှာပြီး ကူးသန်းသွားလာနိုင်မည့် ကမ်း





ခြေဒေသသစ်ကို ထပ်မံရှာဖွေရန်ဖြစ်သည်။

သို့ဖြစ်၍ သူသည် လီဂရစ်ဖွန်သင်္ဘောကို သင်္ဘောသား(၆)ဦးဖြင့် အပြန်ခရီးကိုသွားရန် စီစဉ်ညွှန်ကြားခဲ့သည်။

ထိုအပြန်ခရီးတွင် ပင်လယ်ထဲသို့ နစ်မြုပ်ပျောက်ကွယ်သွားသည့် လီဂရစ်ဖွန်သင်္ဘောနှင့်အတူ ပါသွားသည့်သင်္ဘောသားများကို နောက်ထပ်တစ်ဖန်မတွေ့ရတော့ပေ။

➢ တတိယသင်္ဘောမှာ အယ်(လ)ကလူချီ (El Caleuche) ဖြစ်သည်။ ချီလီနိုင်ငံ တောင်ပိုင်းရှိ ချီလိုကျွန်းတွင်ရှိသော သင်္ဘောဖြစ်သည်။

ချီလိုကျွန်းရှိ ရှေးဟောင်းပုံပြင်ဒဏ္ဍာရီများအရ ဒေသခံလူများ၏ ပြောစကားများမှတစ်ဆင့် ပြန်လည်ကြားသိရခြင်းဖြစ်ပေသည်။

ဆန်တီယာဂို၏တောင်ဘက်၊ မိုင် (၆၀၀)ခန့်အကွာတွင် တည်ရှိသည့် ချီလိုကျွန်းမှ သင်္ဘောအယ်(လ)ကလူချီသည် ကမ္ဘာပေါ်တွင် ကျယ်ပြန့်နက်ရှိုင်းလှသော ပင်လယ်သမုဒ္ဒရာများထဲတွင် ရွက်လွှင့်သွားလာရာမှ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

သင်္ဘောကပ္ပတိန်နှင့် သင်္ဘောသားအားလုံး သေဆုံးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ချီလိုကျွန်းသားတို့ ပြောဆိုခဲ့သည့် ရှေးဟောင်းပုံပြင် ဒဏ္ဍာရီများအရ ပင်လယ်ရေအောက်သို့ နစ်မြုပ်ပျောက်ကွယ်သွားသည့် အယ်(လ)ကလူချီသင်္ဘောကို မီးရောင်များ ထိန်ထိန်လင်းလျက်၊ ရွက်လွှင့်သွားလာနေသည်ကို ပင်လယ်ထဲတွင် ပြန်လည်တွေ့မြင်ခဲ့ကြရသည်ဟု ဆိုပါသည်။

ထိုသင်္ဘောသည် ကမ်းခြေသို့တဖြည်းဖြည်းချဉ်းကပ်လာသောအခါ ကြောက်စရာကောင်းသည့် သတ္တဝါကြီးတစ်ကောင်အဖြစ်သော်လည်းကောင်း၊ သက်မဲ့အရာဝတ္ထုအဖြစ်လည်းကောင်း ရုတ်တရက်ပြောင်းလဲသွားတတ်သည်။

တစ်ခါတစ်ရံတွင်မူ ထိုသင်္ဘောသည် မည်သူမျှမမြင်တွေ့နိုင်သည့် ပင်လယ်ရေအောက်မှ ခုတ်မောင်းသွားတတ်လေသည်။

အဆိုပါဒေသခံများ၏ အဆိုအရ ချီလိုတီရှေးဟောင်းဒဏ္ဍာရီများတွင် တစ္ဆေသူရဲ(၃)ကောင်သည် အယ်(လ)ကလူချီသင်္ဘောကို ရေအောက်သို့ ဆွဲနှစ်သွားသည်ဟု ပါရှိသည်။

ထိုတစ္ဆေသူရဲ(၃)ကောင် အနက်နှစ်ကောင်မှာ ညီမများဖြစ်ပြီးတစ်ကောင်မှာ အစ်ကိုကြီးဖြစ်သည်ဟု ဆိုကြသည်။

အဆိုပါ (၃)ကောင်အနက် လာပင်ကိုယာ(La Pincoya) သည် ရေသူရဲမဖြစ်ပြီး လာဆီရီနာ(La Sirena)သည် ရေသူမဖြစ်သည်။ အစ်ကိုဖြစ်သော အယ်(လ)ပင်ကိုနီ (El Pincony) သည် ရေသူရဲထီးဖြစ်သည်ဟု ရှေးဟောင်းဒဏ္ဍာရီများတွင် ပြောပြခဲ့ကြသည်။





တစ်ခါကမူ ထိုမကောင်းဆိုးဝါးများသည် ရေနစ်သေဆုံးခဲ့သူများကို အယ်(လ)ကလူချီသင်္ဘောပေါ်သို့ တင်ပေးလိုက်ရာ ရေနစ်သေဆုံးခဲ့သူများသည် တစ်ဖန်ပြန်လည် အသက်ဝင်လာကြပြီး အခြားသင်္ဘောသားများနှင့်အတူ ပျော်ပွဲရွှင်ပွဲများတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်ဟူ၍လည်း ဆိုကြသေးသည်။

ထိုသူတို့သည် သူတို့၏ ကျန်ရစ်ခဲ့သော မိသားစုနှင့်တွေ့ဆုံရန် တစ်နှစ်လျှင်တစ်ခါသာ အလည်သွားကြပြီး ရေထဲမှာသာ အမြဲနေကြသည်ဟုလည်း သိရှိရပေသည်။

အယ်(လ)ကလူချီသင်္ဘောသို့ လာရောက်တတ်သည့် အခြားသင်္ဘောသားတစ်မျိုးမှာ ဘရူဂျို(Brujo)တို့ဖြစ်သည်။

၎င်းမှာ နတ်ဝိဇ္ဇာ၊ စုန်းကဝေကဲ့သို့သော အမျိုးအစားတွင်ပါဝင်ပြီး အယ်(လ)ကလူချီသင်္ဘောကကို ကာဘော်လိုမရီနို၏ ကျောပေါ်တင်၍သော်လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာထဲတွင် နေထိုင်ကျက်စားတတ်ကြသည့် ပင်လယ်မြင်းကဲ့သို့သော



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါး၏ ကျောပေါ်တင်၍သော်လည်းကောင်း၊ သယ်ဆောင်ကာ ရေထဲသို့ နစ်မြုပ်ပစ်လိုက်ခြင်းဖြစ်သည် ဟူ၍လည်း ဆိုကြပေသည်။

ထိုသို့ အယ်(လ)ကလူချိုသင်္ဘောရှိရာသို့ လာရောက်သူများသည် မကောင်းဆိုးဝါးများသာဖြစ်၍ မကောင်းမှုမိစ္ဆာလုပ်ငန်းများကိုသာ ဆောင်ရွက်ခဲ့ကြသည်ဟု ဆိုကြသည်။

ဆက်လက်၍ဖော်ပြမည့်အကြောင်းအရာမှာ (၁၉)ရာစုတွင် ပေါ်ပေါက်ခဲ့သည့်အဖြေ ရှာမရနိုင်သော တစ္ဆေသင်္ဘောများအကြောင်းဖြစ်သည်။

(၁၈၄၅)တွင် ဆာဂျွန်ဖရန်ကလင် (Sir John Franklin) နှင့် သင်္ဘောသား (၁၂၉)ဦးပါဝင်သော သင်္ဘောနှစ်စင်းသည် အနောက်မြောက်ဘက်ရှိ ရေလက်ကြားကို ရှာဖွေလေ့လာရန် ထွက်ခွာခဲ့ကြရာ သင်္ဘောနှစ်စင်းလုံးသည် သဲလွန်စမျှမကျန်ရစ်အောင်နစ်မြုပ်ခဲ့ကြသည်။

နစ်မြုပ်သွားသည့် သင်္ဘောနှစ်စင်းမှာ အိပ်(ချ)အမ်(မ) အက်(စ)အီးရီဘတ်(စ) (HMS Erebus)နှင့် အိပ်(ချ)အမ်(မ) တာရား(HMS Terror)တို့ဖြစ်ပေသည်။

အနောက်မြောက် ရေလက်ကြား၏ ပတ်ဝန်းကျင်





အခြေအနေသည် ဆိုးဝါးလှသည်။

ထိုနေရာဒေသသည် ကျယ်ပြန့်၍ ဂျူပီတာဂြိုဟ်ကဲ့သို့ လူသူအရောက်အပေါက် နည်းပါးသည်ဟု ခိုင်းနှိုင်းပြောရမလိုဖြစ်သည်။

ဆောင်းရာသီတွင် ထိုဒေသသည်ရာသီဥတုဆိုးဝါးပြင်းထန်လှပြီး ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသည်။

ဖရန်ကလင်နှင့် သူ့အဖွဲ့သားများ ထိုဒေသသို့ ရောက်နေချိန်တွင် ပြင်းထန်ဆိုးဝါးလှသည့် ရာသီဥတုနှင့် ကြုံတွေ့ရပြီး ထူထပ်သိပ်သည်းစွာကျဆင်းလာသည့် ဆီးနှင်းမုန်တိုင်းလည်း မိကြသည်။

သင်္ဘောနှစ်စင်းလုံးသည် သံမဏိများဖြင့် ပြန်လည်တည်ဆောက်ထား၍ ခိုင်ခန့်သည်ဟု ဆိုနိုင်သော်လည်း နောက်ဆုံးတွင် ဘုရားသခင်၏အလိုတော်အတိုင်းသာ ဖြစ်ရပေသည်။

ဆီးနှင်းထု၏သဘောမှာလည်း မကြာခဏသဘောထားပြောင်းလဲတတ်ပေရာ ဆိုးဝါးလှသော ရာသီဥတု၏ တိုက်ခိုက်ချေဖျက်မှုအောက်တွင် အဆိုပါသင်္ဘောနှစ်စင်းမှာ ရှာမတွေ့နိုင်လောက်အောင် နစ်မြုပ်ပျောက်ကွယ်ခဲ့ရသည်။

ရှာဖွေရေးအဖွဲ့များက ကာလကြာရှည် အချိန်ယူပြီး



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ပေါင်းများစွာ ကြိုးစားရှာဖွေခဲ့သော်လည်း ထိုသင်္ဘောနစ်စင်းကို ရှာမတွေ့ခဲ့ပေ။

ထပ်မံဖော်ပြမည့် အကြောင်းအရာမှာ ယူနိုက်တက်စတိတ်(US) ကမ်းရိုးတန်းတွင် နစ်မြုပ်ခဲ့သော "ဆူနာမီ" တစ္ဆေသင်္ဘောအကြောင်းဖြစ်သည်။

ပစ္စိဖိတ်သမုဒ္ဒရာကို ဖြတ်သန်းမောင်းနှင်ခဲ့သည့် ဂျပန်ငါးဖမ်းသင်္ဘောတစ်စင်းသည် ယူနိုက်တက်စတိတ်(US)ကမ်းရိုးတန်းတွင် (၂၀၁၁)(လွန်ခဲ့သည်နှစ်)မတ်လက တိုက်ခတ်ခဲ့သည့် ဆူနာမီကြောင့် နစ်မြုပ်ခဲ့သည်။

(၁၆၄ပေ-၅၀မီတာ)ရှည်သော အဆိုပါ တစ္ဆေသင်္ဘောသည် မီးတောက်မီးလျှံများကြောင့် ပေါက်ကွဲမှုများဖြစ်ကာ အလာစကာကမ်းရိုးတန်းမှ (၁၈၀)မိုင်အကွာရှိ ပင်လယ်ပြင်အောက်သို့ ပေ(၁၀၀၀)ကျော်ခန့်ထိ နစ်မြုပ်သွားခြင်းဖြစ်သည်။

သို့သော် ထိုသင်္ဘောသည် ပင်လယ်ရေမျက်နှာပြင်ထက်တွင် ပြန်လည်ပေါ်လာပြီး မျောပါလျက်ရှိနေပေသည်။

အဆိုပါသင်္ဘောသည် ဂျပန်နိုင်ငံ၏ မြောက်ဘက်အကျဆုံး ကျွန်းဖြစ်သော ဟော်ကိုင်းဒိုးကျွန်းတွင် မှတ်ပုံတင်ထားခဲ့သည်။





ထိုသို့ ရုတ်တရက်တွေ့ကြုံရသော ဘေးအန္တရာယ်ဆိုးနှင့် မကြုံကြိုက်မီကပင် ထိုသင်္ဘောသည် အသုံးမဝင်ဟု ဆုံးဖြတ်ပြီး စွန့်ပစ်ရန် လျာထားပြီး ဖြစ်ပေသည်။

ပင်လယ်သမုဒ္ဒရာများအတွင်း ခြောက်လှန့်လျက်ရှိသော တစ္ဆေသင်္ဘောများစွာ ရှိပေသည်။

(၁၅၀)ပေ အရှည်ရှိသော ပြည်ကြီးငါးဖမ်းသင်္ဘောတစ်စင်းသည် ဂျပန်နိုင်ငံ၊ ဟာချီနိုဟီ ဆိပ်ကမ်းမှ ထွက်ခွာလာရာ ကနေဒါနိုင်ငံ၏ အနောက်ဘက်ကမ်းခြေမှ မိုင်(၄၇၀၀)ကျော်အကွာနေရာ၌ (ယခင်နှစ်)(၂၀၁၁)မတ်လတွင် ဖြစ်ပွားခဲ့သည့် ဆူနာမီကြောင့် နစ်မြုပ်ခဲ့သည်။

ငါးဖမ်းသင်္ဘော၏ အမည်မှာ " မေရီဆီလက်(စ)တီ " (Mary CeLeste)ဖြစ်ပြီး ကမ္ဘာအရပ်ရပ်မှ ထိုသတင်းကို ကြားသိခဲ့ကြပြီး ဖြစ်သည်။

ပင်လယ်တစ်ကြောတွင် ထာဝစဉ်မျောပါလျက်ရှိသော တစ္ဆေသင်္ဘောတစ်စင်းလည်း ရှိပေသေးသည်။ ထိုသင်္ဘော၏ အမည်မှာ " ပျံသန်းနေသောဒတ်(ချ်) အမျိုးသား" ဟုမြန်မာလို အမည်ရှိသော(The FLying Dutchman) ဖြစ်သည်။

ထိုတစ္ဆေသင်္ဘောနှင့် ဆက်စပ်သည့် ကဗျာများ၊ ဇာတ်ကား



www.burmeseclassic.com

www.burmeseclassic.com



ပြေများ၊ အော်ပရာများ၊ ကာရေဗီယန်ပင်လယ် ဓားပြများအကြောင်းစသည့်တို့ကို ဖွဲ့ဆိုရေးသားမှုသည် (၁၇၀၀)ပြည့်နှစ်ကတည်းက စတင်ခဲ့သည်။

အခြားတစ္ဆေသင်္ဘော တစ်စင်းမှာ (၁၈၇၂)တွင် ဂျီဘရော်(လ)တာ ရေလက်ကြားကို ရွေ့ရှုမောင်းနှင်ခဲ့သည့် "မေရီဆီလက်(စ)တီ"(Mary CeLeste) ဖြစ်သည်။

(၁၉၂၁)တွင် နှစ်ပင်တိုင်ရွက်သင်္ဘောငယ် "ကာရိုးအေဒီးယားရင်း" (CarroLL A Deering)သည် ကာရိုလိုင်းနားမြောက်ပိုင်းတွင် ရွက်လွှင့်ထွက်ခွာခဲ့ပြီး နစ်မြုပ်ခဲ့ရာ အကြောင်းရင်းမှန်မပေါ်ခဲ့ပေ။

(၁၉၅၅)တွင် ပစ္စိဖိတ်သမုဒ္ဒရာအတွင်း၌ ရွက်လွှင့်ထွက်ခွာခဲ့သော ကုန်တင်သင်္ဘော " ဂျိုရီတာ" (Joyita)သည် သင်္ဘောသားများအပြင် ခရီးသည်(၂၅)ဦးလိုက်ပါလာရာ အားလုံးနစ်မြုပ်ပျောက်ဆုံးခဲ့သည်။

အဆိုပါအဖြစ် အပျက်နှင့်ပတ်သက်၍ ရှင်းလင်းဖော်ပြခြင်း၌ မစွမ်းနိုင်သော ဖြစ်ရပ်တစ်ခုဟု ဝန်ခံထားပေသည်။ စုံစမ်းရေးအဖွဲ့သည် ထိုဖြစ်ရပ်နှင့် ပတ်သက်၍ အကြောင်းရင်းမှန်ကို မဖော်ထုတ်နိုင်ခဲ့ပေ။





(၂၀၀၆)တွင် ဩစတြေးလျနိုင်ငံ၊ ကွင်း(စ)လန်ကမ်းခြေအပြင်ဘက်တွင် လောင်စာဆီတင်သည့်သင်္ဘော "ဂျီယန်ဆင်း" (Jian Seny)သည်လည်း အဖြစ်ဆိုးနှင့်ကြုံကြိုက်ခဲ့ရသည်။

သင်္ဘောနှင့်အတူ သင်္ဘောပေါ်ရှိလူအားလုံး အသက်ဆုံးရှုံး ပျက်စီးခဲ့သည်။

ထိုနှစ် (၂၀၀၆)မှာပင် ကမ်းရိုးတန်းအစောင့်ပုဂ္ဂိုလ်များသည် ဆာဒီးနီးယားကမ်းခြေအပြင်ဘက်၌ ပင်လယ်ထဲတွင် မျောပါနေသော နှစ်ပင်တိုင်သင်္ဘော"ဘဲ(လ)အမိကာ"(Bel Amica) ကိုတွေ့ခဲ့ကြ သည်။

ထိုသင်္ဘောပေါ်တွင် တစ်ဝက်တစ်ပျက် စားလက်စဖြစ်သော အီဂျစ်အစားအသောက်များ၊ အာဖရိကန်မြောက်ပိုင်း ပင်လယ်များပါရှိသော ပြင်သစ်မြေပုံများနှင့် လူဇင်းဘတ်နိုင်ငံ အလံတစ်ခုကိုသာတွေ့ရပြီး အသက်ရှင်နေသူ တစ်ဦးမျှမတွေ့ခဲ့ရပေ။

(၂၀၀၇)တွင် ဂရိတ်ဘာရီယားကျောက်ဆောင် (Great Barrier Reef)အနီး၌ (၁၂)မီတာရှည်သော ငါးဖမ်းသင်္ဘော "ကေ့(ဇ)၂" (Kaz II)၏ ထူးဆန်းဖွယ်ဖြစ်ရပ်ကို ဖော်ပြလိုပါသည်။

ထိုသင်္ဘောရှိ အင်ဂျင်စက်များသည် စက်နှိုးကာ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်လျက်ရှိသည်။ သင်္ဘောရေဒီယိုနှင့် အသံဖမ်းစက်များလည်း အကောင်းပကတိအတိုင်းရှိသည်။

စားသောက်ပြီးစ အစားအသောက်ပန်းကန်များမှာ ခင်းကျင်းထားသည့်အတိုင်း ရှိနေသည်။

သင်္ဘောပေါ်တွင် အသက်ကယ်ဂျာကင်များနှင့် ပစ္စည်းကိရိယာများမှာ ထားသည့်မူလ အခြေအနေအတိုင်း ရှိနေကြသည်။

သင်္ဘောပေါ်တွင် ပါသွားသောသင်္ဘောသား သုံးဦးမှာ အရိပ်အယောင်မျှ ရှာမရပဲပျောက်ဆုံးနေပေသည်။

ဖြစ်ရပ်ဆန်းတစ်ခုကို ထပ်မံဖော်ပြပါမည်။ လွန်ခဲ့သည့် လေးနှစ်ခန့် (၂၀၀၇)က ပစ္စိဖိတ်သမုဒ္ဒရာမှ စတုရန်းမိုင်ပေါင်း (၂၁,၀၀၀)အကွာရှိ ကီရီဘာတီ(Kiribati)အနီးတွင် ပင်လယ်ပြင်၌ မျောပါနေသော တိုင်ဝမ်ငါးဖမ်းသင်္ဘော " တိုင်ချင်း ၂၁ "(Tai ching 21)ကို တွေ့ရှိခဲ့ရသည်။

ထိုသင်္ဘောပေါ်တွင် ပါလာသည့် ကပ္ပတိန်နှင့် သင်္ဘောသား(၂၈)ဦးတို့မှာမူ ပျောက်ဆုံးနေပေသည်။

ထူးဆန်းလှသော တစ္ဆေခြောက်သည့် သင်္ဘောများသည် ပင်လယ်သမုဒ္ဒရာများအတွင်းတွင် များစွာရှိပေသည်။





ထိုကဲ့သို့ ပင်လယ်သမုဒ္ဒရာရေပြင်များပေါ်တွင် ပေါ်လိုက်ပျောက်သွားလိုက်နှင့် ရှိနေကြသော တစ္ဆေသင်္ဘောများစွာတို့ထဲတွင် လွန်ခဲ့သောဆယ်နှစ် (၁၉၃၅)ခု ဩဂုတ်လအတွင်းက နာနာဘ၀များ ခြောက်လှန့်မှုကြောင့် ပျက်စီးသွားရသော ဂျူပီတာသင်္ဘောကြီးလည်း တစ်စီးအပါအဝင် ဖြစ်ပေသည်။


ယခု ဂျူပီတာသင်္ဘောကုမ္ပဏီမှ မူလရှိခဲ့သော သင်္ဘောနှင့် အရွယ်တူ၊ဆိုက်တူ၊ ပုံစံတူသည့်အပြင် နာမည်ပါတူအောင် ပေးထားသော ဂျူပီတာသင်္ဘောအသစ်ကြီးကို တည်ဆောက်ကာ မူလခရီးစဉ်အတိုင်း ပြန်လည်အသုံးပြုခဲ့ရာ ယခုစထွက်သော ခရီးစဉ်အစမှာပင် မမျှော်လင့်သော အန္တရာယ်များနှင့် တွေ့နေကြရပြီဖြစ်သည်။

ရှေ့တွင်မည်သို့မည်ပုံ ဆက်လက်ကြုံတွေ့ရဦးမည်ကတော့ ရှေ့အခန်းများတွင် တွေ့ရမည်ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၀)

# သွေးချောင်းစီးသောပါတီပွဲ

ဂျူပီတာသင်္ဘောကြီး၏ တတိယထပ်တွင် အခန်းကျယ်တစ်ခုရှိသည်။ ထိုအခန်းမှာ သီးသန့်ထားသော အခန်းတစ်ခန်းဖြစ်ပြီး သင်္ဘောပေါ်တွင် လိုက်ပါလာသောခရီးသည်များထဲမှ ပါတီပွဲကျင်းပလို၍သော်လည်းကောင်း၊ အခြားအခမ်းအနားတစ်ခုခုပြုလုပ်လိုကြလျှင်သော်လည်းကောင်း ထိုသီးသန့်အခန်း



www.burmeseclassic.com

www.burmeseclassic.com



ကိုအသုံးပြုခွင့်ပေးလေသည်။ ယခုလည်း တတိယမြောက် အထပ်၏ သီးသန့်ခန်းထဲမှာ ပါတီပွဲကျင်းပနေလေသည်။

သင်္ဘောကြီးပေါ်မှာ လိုက်ပါလာသော ခရီးသည်အချို့က စုပေါင်းကျင်းပြကြခြင်းဖြစ်သည်။ အခန်းထဲမှာတော့ သီးသန့်ဖိတ်ကြားထားသော လူအချို့ရှိနေကြသည်။ ထိုအခန်းထဲမှာ ထိုင်းလူရွယ်တစ်ဦးဖြစ်သော ချန်ထွန်းနှင့် နိုင်ငံခြားသူတစ်ဦးတို့လည်းရှိနေကြသည်။ ထိုအမျိုးသမီးမှာ စင်သီယာဖြစ်သည်။ နှစ်ယောက်စလုံး အသက်(၂၅)နှစ်ဝန်းကျင်အရွယ်ခန့်သာရှိကြသေးပြီး လွတ်လွတ်လပ်လပ် နေကြသူများဖြစ်သောကြောင့် အချင်းချင်းအသိမိတ်ဆွေ ဖြစ်နေကြလေသည်၊

၎င်းတို့က စားပွဲတစ်လုံးမှာပင် အတူတူထိုင်နေကြကာ အရက်အနည်းငယ်စီ သောက်နေကြသည်။ သူတို့သည် သင်္ဘောပေါ်ရောက်မှ တွေ့ကြသော်လည်း ယခင်ကတည်းက အသိအကျွမ်းများကဲ့သို့ ဆက်ဆံကြသည်။ ချန်ထွန်းကလည်း ခရီးသွားရင်းနှင့် အမျိုးသမီးတစ်ယောက်နှင့် ရင်းနှီးအောင် ကြံစည်ပြီး အခွင့်အရေးပေးလျှင်ပေးသလို အသုံးချရန် တွေးနေသလို. . . စင်သီယာကလည်း ခရီးသွားဖော်အဖြစ် ယောကျ်ားလေးတစ်ယောက်ကို တွဲထားခြင်းမှာ အရေးအကြောင်း ပေါ်





လာပါက အသုံးချနိုင်ရန် ရည်ရွယ်ချက်နှင့် ဖြစ်လေသည်။

စင်သီယာမှာ နိုင်ငံခြားသူတစ်ယောက်ဖြစ်သော်လည်း ကမ္ဘာ့နေရာအတော်များများသို့ လှည့်လည်ဖူးပြီး ဘာသာစကားအတော်များများကိုလည်း တတ်ကျွမ်းလေသည်။ ထို့ပြင် ရုပ်ရည်ချောမောပြီး ခန္ဓာကိုယ်က အချိုးအဆစ်ပြေပြစ်သူ ဖြစ်သောကြောင့် ရောက်လေရာနေရာမှာ သူမအတွက်ကတော့ အဖော်မရှားလှပေ။ ယခုလည်း ဂျူပီတာသင်္ဘောခရီးစဉ်နှင့်လိုက်လာရင်းနှင့်ပင် ချန်ထွန်းနှင့် တွဲမိသွားလေသည်။

ပါတီပွဲကျင်းပရန် ပြင်ဆင်ထားသောအခန်းမှာ သီးသန့်ခန်းဖြစ်သောကြောင့် ဝင်ပေါက်ထွက်ပေါက်အဖြစ် အသုံးပြုသောလမ်းတစ်ခုသာရှိသည်။ အပေါက်ဝများကိုလည်း ခန်းဆီးများဖြင့် ကာရံထားသည်။ အခန်းထဲမှာ မီးရောင်ခပ်မှိန်မှိန်သာထွန်းထားသည်။ တစ်နေရာမှ တီးလုံးနှင့်သီချင်းသံအချို့ကို တိုးတိုးကလေး ဖွင့်ပေးထားသည်။

အခန်းတွင်းသို့ ရောက်နေသူများကတော့ ကိုယ့်အဖွဲ့နှင့်ကိုယ်၊ ကိုယ့်အတွဲနှင့်ကိုယ် စားပွဲအသီးသီး၌ နေရာယူထားကြသည်။ အချင်းချင်း တီးတိုးစကားပြောဆိုနေကြလေသည်။ ပါတီပွဲကျင်းပရန် သတ်မှတ်ထားသောအချိန်မှာ ညဉ့်ဦးပိုင်းမိုးနှစ်



www.burmeseclassic.com

www.burmeseclassic.com



နာရီဖြစ်သောကြောင့် အနည်းငယ်လိုနေသေးသည်။

"မင်းက ဘယ်အထိခရီးဆက်မှာလဲ"

ချန်ထွန်းက အရက်ကိုစိမ်ပြေနပြေ သောက်ရင်း မေးလိုက်လေသည်။

"အိန္ဒိယရောက်ရင် ဟိမဝန္တာအထိသွားမယ်လို့ စိတ်ကူးထားတာပဲ"

"ဘာကြောင့် ခရီးရှည်တွေကို တစ်ယောက်တည်းသွားနေတာလဲ"

"တစ်ယောက်တည်း ခရီးသွားတော့ လွတ်လပ်တာပေါ့ ငါက မဂ္ဂဇင်းတစ်စောင်မှာ ခရီးသွားအတွေ့အကြုံတွေကို ဆောင်းပါးရေးပေးရတဲ့ စာရေးဆရာတစ်ယောက်ပဲ၊ ဒါကြောင့် ထူးထူးဆန်းဆန်း အတွေ့အကြုံတွေ ရနိုင်မယ့်နေရာတွေကို ရွေးပြီးသွားလာနေရတာပေါ့"

ထိုအခါမှ ချန်ထွန်းမှာ သဘောပေါက်သွားလေသည်၊ စင်သီယာမှာ သူထင်သလို အပေါစားမိန်းကလေးတစ်ယောက် မဟုတ်မှန်းလည်း သဘောပေါက်လိုက်မိသည်။ ထိုသို့ပြောနေစဉ် အစားအသောက်များတင်သောတွန်းလှည်း တွန်းလာသံကို ကြားကြရသည်။





"ကျွီ . . ကျွီ . . ကျွီ . . "

လှည်းဘီးမှ ထွက်နေသောအသံက အတော်ကျယ်နေသောကြောင့် အခန်းထဲမှာရှိနေသူများက အသံကြားရာသို့ လှည့်ကြည့်လိုက်ကြသည်။

"ကျွီ . . ကျွီ . . ကျွီ . . ကျွီ . . "

အသံက တဖြည်းဖြည်းနှင့် နီးလာပြီးနောက် ခန်းဆီးကလှုပ်ရှားသွားလေသည်။ ထိုနေရာမှ တွန်းလှည်းတစ်စီး ဝင်လာသည်။ သို့သော် သူတို့မျှော်လင့်ထားသလို အစားအသောက်တင်လာသော လှည်းတော့မဟုတ်ပေ။

ဟောင်းနွမ်းစုတ်ပြတ်ပြီး သံချေးများတက်လျက် မည်းနေသော တွန်းလှည်းဟောင်းတစ်ခုပင် ဖြစ်ပေတော့သည်။ ထိုတွန်းလှည်းဟောင်းကြီးကို မြင်ရသောအခါ အခန်းထဲမှာ ရောက်နေကြသူများမှာ စကားသံများတိတ်သွားပြီး တအံ့တသြ ဖြစ်သွားကြသည်။ ငြိုင်တူလိုလို ထိုတွန်းလှည်းဟောင်းကြီးကို လှမ်းကြည့်နေကြသည်၊

ထိုတွန်းလှည်းအဟောင်းကြီးကို ဘယ်သူက တွန်းယူလာသည်တော့ မသိရပေ။ ခန်းဆီးကွယ်နေသောကြောင့်လည်း မမြင်ကြရပေ။ ကျက်သရေမဲ့လှသော တွန်းလှည်းဟောင်းကြီးက



www.burmeseclassic.com

www.burmeseclassic.com



တော့ အခန်းထဲသို့ ရောက်လာပြီး ရပ်တန့်သွားသည်။

"ပါတီပွဲကျင်းပနေပါတယ်ဆိုမှ ဒီလောက်ကျက်သရေကင်းမဲ့တဲ့ တွန်းလှည်းအဟောင်းအစုတ်ကြီးကို ဘယ်သူက တွန်းယူလာပြီး ဒီအခန်းထဲ လာထည့်သွားတာလဲ"

အမျိုးသမီးတစ်ယောက်အသံက စူးစူးဝါးဝါးပေါ်ထွက်လာသည်။

"ဒီလောက်စုတ်ပြတ်နေတဲ့ ပစ္စည်းမျိုးက ဒီသင်္ဘောအသစ်ကြီးမှာ ဘယ်လိုပါလာတာလဲ"

"ပျော်ဖို့ကောင်းနေတဲ့အချိန်မှာ ဒါကြီးရောက်လာတာတော့ အတိတ်နိမိတ်မကောင်းလှဘူး၊ ဒါကြီးကို အခန်းထဲက ပြန်တွန်းထုတ်လိုက်ဖို့ကောင်းတယ်"

တစ်ယောက်က ပြောသော်လည်း ဘယ်သူမှ ထိုနေရာရောက်အောင်မသွားဝံ့ကြပေ။

"ငါသွားလုပ်လိုက်မယ်"

ချန်ထွန်းသောက်လက်စ အရက်ခွက်ကိုချပြီး နေရာမှထရပ်သည်။

"ဖြစ်ပါ့မလား"

"ငါတစ်ခုခုဖြစ်သွားရင် နင့်အတွက် ထူးထူးဆန်းဆန်း





ခတ်ပုံမှတ်တမ်းတစ်ခု ရနိုင်တာပေါ့"

ဟုပြောပြီး တွန်းလှည်းကြီးရှိသော နေရာဘက်သို့လျှောက်သွားသည်။ အမှန်တော့ စင်သီယာရှေ့မှာ အထင်ကြီးစေရန် ပြုလုပ်ခြင်းဖြစ်သော်လည်း ထိုနေရာနှင့် မနီးမဝေးရောက်တော့မှ အံ့ဩသွားသည်။ တွန်းလှည်းပေါ်မှာ ပန်းကန်ခွက်များ၊ ပန်းကန်အထပ်များနှင့် ဓား၊ ဇွန်းခက်ရင်းများ ပါလာကြသည်။

သို့သော် သစ်သစ်လွင်လွင် မဟုတ်ပဲ ညစ်ပေလျက်ရှိနေသည်။

"ဒါတွေက ပစ္စည်းအဟောင်းတွေပဲ ဘယ်နေရာကနေ ဒီအခန်းထဲရောက်လာတာလဲ၊ ဘယ်သူတွေကများ တွန်းယူလာပြီး ဒီအပေါက်ဝလာထားသွားတာလဲ"

ဟုတွေးရင်း ရပ်နေသည်။

ထိုအခိုက်မှာပင် သူ့နံဘေးသို့ လူနှစ်ယောက်ရောက်လာကြသည်။"

"ဘာဖြစ်လို့လဲ"

"ဒါကြီးက ဒီသင်္ဘောက အသုံးပြုနေတဲ့ ပစ္စည်းတွေမဟုတ်နိုင်ဘူး၊ သင်္ဘောပျက်တစ်စင်းစင်းက ပစ္စည်းဟောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ ဖြစ်ရမယ်"

ချန်ထွန်းက တိုးတိုးပြောသည်။

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ပြန်တွန်းထုတ်ရမှာပေါ့။ ဒါပေမယ့် ကျွန်တော်တစ်ယောက်တည်းတော့ မလုပ်ဝံ့ဘူး"

"ငါတို့လည်း ဝိုင်းကူပေးမှာပါ"

ဟုပြောပြီး သုံးယောက်သား ကြောက်ကြောက်ရွံ့ရွံ့နှင့် အနားသို့ တိုးကပ်သွားကြလေသည်။

သူတို့ မနီးမဝေးရောက်သောအခါ တွန်းလှည်းဟောင်းကြီးမှ တကျွိကျွိနှင့် အသံကြားနေရသည်။ တလှုပ်လှုပ်နှင့် ဖြစ်နေသည်ကိုလည်း မြင်နေရသည်။

အခန်းထဲသို့ သုံးပုံနှစ်ပုံရောက်နေပြီး တစ်ပုံကအခန်းအပြင်ဘက်၌ပင် ရှိနေသေးသည်။

ကြားထဲမှာ ခန်းဆီးရှိနေသောကြောင့်အပြင်ဘက်ကိုလည်း လှမ်းမမြင်ရပေ။

ထိုသို့ မမြင်ရခြင်းကပင် ပိုပြီးထိတ်လန့်စရာဖြစ်နေတော့သည်။

"အဲဒါကြီးကို အပြင်ဘက်မြန်မြန်ရောက်အောင်တွန်း





ထုတ်လိုက်ကြစမ်းပါ။ ကြည့်ရတာနဲ့တင် စိတ်ထဲမှာကြောက်လာသလိုပဲ. ."

နောက်ဘက်မှာရပ်နေသော အမျိုးသမီးတစ်ယောက်ကလှမ်းပြောသည်။

ထို့ကြောင့် ချန်ထွန်းတို့သုံးယောက်မှာ မရဲတရဲနှင့်ရှေ့တိုးသွားပြီး တွန်းလှည်းကြီးကို တွန်းထုတ်ရန်ဟန်ပြင်လိုက်စဉ်မှာ ခန်းဆီးက တစ်ချက်ဟသွားလေသည်။

"ဟင်"

အမှောင်ထဲမှာရပ်နေသော မည်းမည်းသဏ္ဌာန်ကြီးကို ချန်ထွန်းမြင်လိုက်ရသောကြောင့် မျက်လုံးပြူးသည်။

တွန်းလှည်းအဟောင်းကြီးကို လက်တစ်ဖက်ဖြင့်ကိုင်ကာရပ်နေသော မကောင်းဆိုးဝါးတစ်ကောင်ကို မြင်လိုက်ရသည်နှင့် ခြေလှမ်းက တန့်သွားသလို လှမ်းနေသော လက်မှာလည်း ပြန်ရုတ်သွားသည်။

"ဘာဖြစ်တာလဲ"

နောက်မှပါလာသော တစ်ယောက်ကမေးသည်။

"ဘာမှမဟုတ်ဘူး၊ ပြေး. . ပြေးပေတော့"

ထိုသို့ပြောပြီး ချန်ထွန်းက အရင်လှည့်ပြေးသည်။ ကျန်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်က ဘာလုပ်ရမှန်းမသိသဖြင့် ကြောင်တောင်တောင်နှင့် ထိုနေရာမှာ ရပ်ကျန်ခဲ့ကြသည်။

ထိုအခိုက်မှာပင် အခန်းပေါက်ဝမှာရောက်နေသော တွန်းလှည်းကြီးမှာ တစ်စုံတစ်ယောက်ကနောက်မှ ဆောင့်တွန်းလိုက်သကဲ့သို့ဖြစ်ကာ အပြင်သို့ဝေါခနဲ ထိုးထွက်လာသည်။

"ပြေး . . ပြေး . . မြန်မြန်ပြေးကြ . . ."

ချန်ထွန်းကအော်သဖြင့် လူနှစ်ယောက်မှာထွက်ပြေးရန် ကြိုးစားသော်လည်း တစ်ယောက်ကလွတ်သွားပြီး ကျန်တစ်ယောက်ကိုတော့ တည့်တည့်ဝင်တိုက်မိလေတော့သည်။

"ဝုန်း"

"အား"

အတိုက်ခံရသူမှာ ကြမ်းပြင်ပေါ်သို့ ပစ်လဲကျသွားသည် အရှိန်ဖြင့် ထွက်လာသောတွန်းလှည်းကြီးက တစ်စုံတစ်ခုဖြင့် တိုက်မိသောအခါ ရုတ်တရက်အရှိန်တန့်သလိုဖြစ်သွားကာ အပေါ်မှာ တင်ထားသောပစ္စည်းများက ခုန်ပျံထွက်လာကြလေသည်။

ပန်းကန်ပြားအကွဲများ၊ ဇွန်း၊ ခက်ရင်းနှင့် သားလှီးဓားများကလေထဲသို့ အရှိန်ဖြင့် ပျံဝဲလာကာ ရပ်နေသူအတော်





များများကို စိုက်ဝင်သွားကြလေတော့သည်။

"ဝှစ်. . ဝှစ်. . ဝှစ်. ."

"ဒုတ်. . ဒုတ်. . ဒုတ်"

"အား. . . အား. . ."

ပစ္စည်းများထိမှန်သံ၊ အော်သံများက တဆက်တည်း လိုလိုပေါ်လာတော့သည်။ စောစောကတေးသံများဖြင့် ပျော်ရွှင်ကြည်နူးစရာကောင်းသောအခန်းထဲမှာ ယခုတော့ ငရဲပွက်သံအလား ဆူညံသွားလေတော့သည်။

ထိုနေရာမှာ အရှိန်ပြင်းပြင်းနှင့် လိမ့်ထွက်သွားသော တွန်းလှည်းကြီးမှာ နံရံတစ်နေရာမှာ ကြောက်ကြောက်လန့်လန့် ရပ်နေသော အမျိုးသမီးတစ်ယောက်ကို ဆောင့်တိုက်ချလိုက်ပြီးမှ ရပ်တန့်သွားတော့သည်။

အတိုက်ခံရသော အမျိုးသမီးမှာလည်း ထိုနေရာမှာပင် မရှုမလှ သေဆုံးသွားလေသည်။

ထိုနေရာမှ ထွက်လာသော သွေးများကလည်း ကြမ်းပြင်ပေါ်အထိ စီးကျလာလေပြီး မမျှော်လင့်သော အဖြစ်အပျက်ကြောင့် အခန်းတွင်းမှာ ကျန်ခဲ့သူများမှာလည်း မှင်တက်မိကာ ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေကြစဉ်မှာ အခန်းထဲသို့ လူတ



www.burmeseclassic.com

www.burmeseclassic.com



ချို့ဝင်လာကြသည်။

သင်္ဘောဝန်ထမ်းဝတ်စုံများနှင့် ဖြစ်သော်လည်း အဝတ်အစားများမှာ အစိတ်စိတ်အမြွာမြွာကွဲလျက်ရှိပြီး အားလုံးမှာလည်း ရုပ်ပျက်ဆင်းပျက်ဖြစ်နေကြသည်။

၎င်းတို့ဝင်လာတာမြင်တော့ ချန်ထွန်းကအော်ပြောသည်။

"အဲဒါ လူတွေကို ဖမ်းစားဖို့ တစ္ဆေသရဲတွေဝင်လာနေတာ ဒီအခန်းထဲက အမြန်ဆုံးထွက်ပြေးကြပေတော့"

ဟုပြောရင်း စားပွဲတစ်လုံးနောက်မှာရှိနေသော စင်သီယာရှိရာသို့ ပြေးသွားလေသည်။

"စင်သီယာ ဘာလုပ်နေတာလဲ အမြန်သွားကြမှဖြစ်မယ်"

ဟုပြောပြောဆိုဆိုနှင့် စင်သီယာလက်တစ်ဖက်ကို ဆွဲကာ အခြားအပေါက်တစ်ခုမှ ထွက်ပြေးသွားလေသည်။

အခန်းထဲမှာကျန်နေသူများမှာ အချို့လည်းထွက်ပြေးသွားကြသော်လည်း အချို့မှာ အကြောက်လွန်ပြီး မပြေးနိုင်ဘဲရှိနေကြသည်။

ထိုအခါ မကောင်းဆိုးဝါးများက ၎င်းတို့အနီးသို့ရောက်





လာကာ သတ်ဖြတ်ဖမ်းစားကြတော့သည်။

သေဆုံးသွားသူတို့မှာလည်း ကြမ်းပြင်ပေါ်သို့လဲကျသွားသော်လည်း ခဏချင်းမှာပင် ပြန်ထလာကာ မသေပဲကျန်နေသူများကို လိုက်လံသတ်ဖြတ်ကြပြန်သည်။

အချို့မှာအသက်မသေသေးသော်လည်း သရဲတစ္ဆေများ ဝင်ရောက်ပူးကပ်ခြင်းကို ခံကြရသည်။

ထိုသို့ပူးကပ်ခံလိုက်ရပါက ပင်ကိုယ်စိတ်ပျောက်သွားပြီး မျက်စိထဲမှာတွေ့သမျှ မကောင်းဆိုးဝါးများကဲ့သို့ ဖြစ်နေတော့သည်။ ထိုအခါ တွေ့သမျှ လက်နက်များကိုယူပြီး လိုက်လံသတ်ဖြတ်လေတော့သည်။ အချို့က ဓား၊ ခက်ရင်းချွန်များ ယူလာပြီး ထိုးသတ်ခြင်း၊ အချို့လည်း တွန်းလှည်းကြီးဖြင့် လိုက်လံတိုက်သတ်နေလေသည်။ တွန်းလှည်းဖြင့် ဖိတိုက်ခံရသူများမှာ မရှုမလှဖြင့် အသက်ပျောက်ကြရသည်။

ထိုအုပ်စုထဲမှာ လူတစ်ယောက်က သေနတ်တစ်လက်ပါလာလေရာ ထိုသေနတ်နှင့် တွေ့သမျှလူများကို လိုက်လံပစ်သတ်ရာ ကျည်ဆံကုန်တော့မှ ရပ်တန့်သွားလေသည်။ ဒီတော့မှ သတိရလာပြီး လက်ထဲမှ သေနတ်ကိုငုံ့ကြည့်နေစဉ် နောက်မှတစ်ယောက်က ဓားဖြင့်ဝင်ထိုးသဖြင့် သေရပြန်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ထွက်ပြေးနိုင်သူအချို့လောက်သာ အသက်ရှင်ရကြသော်လည်း လူအတော်များများကတော့ ထိုအခန်းထဲမှာပင် သေကျေပျက်စီးကြရလေသည်။ သွေးများက ကြမ်းပြင်ပေါ်မှာ နေရာအနှံ့စီးကျနေတော့သည်။ မိစ္ဆာများ၏ အန္တရာယ်များက ထိုမျှနှင့်မပြီးသေးပါချေ။





# အခန်း (၁၁)

## သေမင်းကျော့ကွင်းမှ ရုန်းထွက်ရခြင်း

ဂျူပီတာသင်္ဘောကြီးပေါ်မှာ ကြောက်မက်ဖွယ်ကောင်းသောအန္တရာယ်များနှင့် တွေ့ရပြီးလူအတော်များများ သေခဲ့ရပြီးနောက်တွင် သင်္ဘောပေါ်မှာ ပါလာကြသူတို့မှာ များစွာထိတ်လန့်ကြောက်ရွံ့နေကြလေသည်။

အားလုံးမှာ ညအချိန်ရောက်လာမည်ကိုပင် စိုးရိမ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ အချို့လည်း မိမိတို့နေရာများမှာ သီးခြားမနေဝံ့ကြသဖြင့် အဖွဲ့လိုက်စုနေကြရလေသည်။

ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်က ဒုတိယထပ်အခန်းများမှာပင် အခြားအထပ်မှလူများ လာရောက်စုနေကြသည်။

၎င်းတို့အထဲတွင် ထိုင်းလူမျိုးဘုန်းကြီးတစ်ပါး၊ ချန်ထွန်းစင်သီယာ၊ ဦးကျော်ထွန်း၊ ဒေါ်မော်လီ၊ မာလာကျော်တို့ ပါဝင်ကြလေသည်။

ထိုလူများမှာ သင်္ဘောမထွက်ခင် ဆိပ်ကမ်းမှာကတည်းက တစ်ဦးနှင့်တစ်ဦး မျက်မှန်းတန်းမိနေကြသူများ ဖြစ်ကြလေသည်။

အချို့ကလည်း ဆရာကြီးတို့အခန်းမှာ ဝင်နေကြပြီး အချို့က ဒေါက်တာမင်းထင်ကျော်အခန်းထဲမှာ ဝင်နေကြလေသည်။

"ကျွန်မတို့မိသားစုတော့ ဒီလောက်ဖြိုဟ်မွှေတဲ့ သင်္ဘောမျိုးနဲ့ လိုက်လာမိတာကိုက မှားတာပါပဲ၊ ဘုံဘေဆိပ်ကမ်းကို မြန်မြန်လေးရောက်စေချင်လှပါပြီ၊ မဟုတ်ရင်တော့ အသက်ရှင်ရက်နဲ့မှ ရောက်ပါတော့မလားမသိပါဘူး"





ဒေါ်မော်လီက စိုးရိမ်သောကရောက်နေသောအသံဖြင့် ပြောလေသည်။

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့တော့၊ တစ်ညနှစ်ညဆိုရင် ဘုံဘေကိုရောက်သွားမှာပါ၊ အခုမြန်မာရေပိုင်နက် နယ်နိမိတ်ကိုတောင် ကျော်လာခဲ့ပါပြီ"

ဒေါက်တာမင်းထင်ကျော်က ပြောပြသည်။

"မြန်မြန်ရောက်လေ ပိုကောင်းလေပါပဲရှင်၊ ကျွန်မလည်း နေရာအနှံ့ ခရီးသွားနေတာပါပဲ၊ ဒီလောက်ကြောက်စရာကောင်းတဲ့အဖြစ်မျိုးတော့ မတွေ့ကြုံခဲ့ရသေးပါဘူး"

စင်သီယာကပါ ဝင်ပြောသည်။

"ဘာမှ မစိုးရိမ်ပါနဲ့ဗျာ၊ ကျွန်တော်တို့ တတ်နိုင်သလောက် အကူအညီပေးသွားမှာပါ"

ဟုပြောပြီး တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်လိုက်ကြသည်။

ထိုင်းလူမျိုး ဘုန်းကြီးကတော့ ခုတင်ပေါ်မှာထိုင်လျက် မျက်စိမှိတ်ကာ ပုတီးစိပ်နေလေသည်။

ညနေပိုင်းအချိန်ရောက်တော့ သူကပြောသည်။

"ဒကာကြီး၊ သူတို့ သင်္ဘောကြီးတစ်စင်းလုံးကို မျက်ဆီး



www.burmeseclassic.com

www.burmeseclassic.com



ပစ်ဖို့လုပ်နေကြပြီ"

"ဘယ်သူတွေလဲ ဘုရား"

"မိစ္ဆာတွေပေါ့ အရင်ကဒီသင်္ဘောပေါ်မှာ မိစ္ဆာဟောင်းတွေပဲရှိကြတယ်၊ အခုတော့သူတို့တွေလက်ချက်နဲ့ သေရတဲ့လူတွေကပါ မိစ္ဆာဘ၀ရောက်သွားကြပြီး သူတို့ပူးပေါင်းမိသွားပြီ"

"ဘယ်လိုလုပ်ရင်ကောင်းမလဲ ဘုရား"

"ကျုပ်တို့အနေနဲ့ ကိုယ့်ဘာသာကာကွယ်ရုံကလွဲပြီး ဘာမှ မတတ်နိုင်ကြတော့ဘူး၊ ဒီတော့ ကယ်လို့ရသလောက်ပဲ ကယ်ကြရမှာပဲ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်က ဘာမှသိပ်မထူးခြားသော်လည်း အတွေ့အကြုံမရှိသော အခြားသူများကတော့ များစွာကြောက်ရွံ့ကြလေသည်။

"ဒကာကြီးတို့သုံးယောက်က မြန်မာလူမျိုးတွေလည်းဖြစ်ကြတော့ ပရလောကသားတွေနဲ့ပတ်သက်တဲ့ အတွေ့အကြုံမျိုးတွေတော့ ရှိကြမှာပေါ့နော်"

"ရှိသင့်သလောက်တော့ ရှိကြပါတယ်ဘုရား၊ တပည့်တော်တို့က ဗဟုသုတအဖြစ်နဲ့ နေရာအနှံ့သွားလာနေကြတော့





ဒါမျိုးတွေနဲ့ ကြုံဖူးတွေ့ဖူးပါတယ်"

"ဒါဖြင့် သူတို့နဲ့တွေ့ရင် ဘယ်လိုရင်ဆိုင်ကာကွယ်ရမယ်ဆိုတာတော့ သိကြမှာပေါ့နော်"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က ရှည်ရှည်ဝေးဝေးပြောပြမနေတော့ပဲ အတိုချုပ်လောက်သာ ပြောပြလိုက်လေသည်။

"ပရလောကသားတွေ မိစ္ဆာလောကသားတွေဟာ လူတွေရဲ့ခံနိုင်ရည်ပေါ်မှာ ကြည့်ပြီးတော့မှ ပူးကပ်နှိပ်စက်ကြတာပါ၊ စိတ်မာတဲ့လူတစ်ယောက်ထက် စိတ်ပျော့တဲ့လူတစ်ယောက်ကို ပိုပြီးပူးကပ်နိုင်ပါတယ်၊ သူတို့ကို ကြောက်လန့်နေရင်ပိုပြီးကြောက်စရာကောင်းလာတတ်သလို သူတို့ကို မကြောက်ရင်တော့ သာမန်ထက်ပိုပြီး ကြောက်စရာမရှိနိုင်ပါဘူး"

"ဒကာကြီးတို့ကိုပဲ အားကိုးရတော့မှာပဲ၊ သတ္တဝါတွေဘေးအန္တရာယ်ကင်းပြီး ကျန်းမာချမ်းသာကြပါစေ"

ဟု လက်အုပ်ချီလျက် မေတ္တာပို့နေလေသည်။

ညဥ့်ဦးပိုင်းအချိန်ရောက်သောအခါ သင်္ဘောကြီးမှာအရှိန်မှန်မှန်ဖြင့် ခုတ်မောင်းနေရာမှ စက်သံများ လုံးဝရပ်တန့်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောစက်နိုးထားပြီး မီးစက်ဖွင့်သင်္ဘောတစ်စင်းလုံး မီးအလင်းရောင်ပေးထားရာ သင်္ဘောအင်ဂျင်စက် ရပ်သွားသောအခါ မီးများငြိမ်းကျသွားပြီး သင်္ဘောတစ်စင်းလုံး မည်းမှောင်သွားတော့သည်။

သင်္ဘောပေါ်မှာ မီးရောင်ရှိနေသောအချိန်မှာပင် ကြောက်စရာကောင်းနေရာ ယခုကဲ့သို့မည်းမှောင်ကျသွားသောအခါ ပို၍ချောက်ချားစရာဖြစ်လေတော့သည်။

"မကြာခင် အန္တရာယ်တွေ ရောက်လာတော့မယ်၊ ဘာမှ မကြောက်ကြနဲ့. . သတိနဲ့ ထိမ်းပြီးနေကြပါ"

ထိုသို့ပြောပြီး အချို့ကို အခန်းထဲထည့်ထားပြီး ဒေါက်တာမင်းထင်ကျော်တို့က အခန်းအပြင်ဘက်စင်္ကြံလမ်းမှာထွက်ပြီး အခြေအနေကြည့်နေကြသည်။

ပထမတော့ သတိမထားမိပေ။ မီးမှောင်နေသောကြောင့် အမြင်တစ်မျိုးပြောင်းနေသည်ဟု ထင်နေမိသည်။

နောက်အသေအချာကြည့်တော့မှ အံ့သြစရာမြင်ကွင်းကို မြင်ကြရတော့သည်။

သင်္ဘောကြီးတစ်စင်းလုံးမှာ အသစ်မဟုတ်တော့ပေ။ သံချေးအထပ်ထပ်တက်ကာ လွန်ခဲ့သောနှစ်ပေါင်းများစွာက





ပျက်စီးနေသော သင်္ဘောပျက်စီးတစ်စင်းပေါ်သို့ ရောက်နေကြလေတော့သည်။

"ဒါ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ပျောက်သွားခဲ့တဲ့ ဂျူပီတာသင်္ဘောပျက်ကြီးဖြစ်မယ်"

"မှန်ပါတယ် သင်္ဘောပျက်ကြီးပေါ် ရောက်နေပြီဆိုတော့ မကြာခင်မှာ ဒီသင်္ဘောပေါ်မှာရှိကြတဲ့ မိစ္ဆာဟောင်းတွေနဲ့ တွေ့ကြရတော့မှာပါ"

ဟု အချင်းချင်း တိုးတိုးပြောနေကြစဉ် အောက်ဘက်အထပ်များမှ ဆူဆူညံညံအသံများကို စတင်ကြားကြရလေသည်။

အတန်ကြာတော့ အပေါ်ထပ်သို့ ပြေးတက်လာသောခြေသံကို အရင်ကြားရသည်။

ကြည့်နေရင်းမှပင် သူတို့ရှိရာဘက်သို့ ပြေးလာသောအမျိုးသမီးတစ်ယောက်ကို လှမ်းမြင်ရသည်။

မနီးမဝေးရောက်လာတော့မှ မာရီယာဖြစ်မှန်းသိရတော့သည်။

မာရီယာက သူတို့ရှိရာသို့ အားကိုးတကြီးပြေးလာ... အနားရောက်တော့ ဒေါက်တာမင်းထင်ကျော်က ဆီး...



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှ ရပ်သွားတော့သည်။

"ဘာဖြစ်လာတာလဲ"

ထိုသို့မေးသော်လည်း တော်တော်နှင့်ပြန်မဖြေနိုင်ဘဲ အသက်ကိုပင် ကြိုးစားရှူနေရလေသည်။

ဒေါက်တာမင်းထင်ကျော်က ရေတစ်ခွက်တိုက်လိုက်တော့မှ အနည်းငယ်သက်သာသွားလေသည်။

"ဘာဖြစ်လာတာလည်း မာရီယာ"

"အောက်မှာတော့လူတွေ အတော်များများ သေကုန်ကြပြီ စက်ခန်းထဲကလူတွေလည်း အားလုံးသေကုန်ကြပြီလို့ ပြောသံကြားတယ်"

ဟု မောဟိုက်နေသော အသံဖြင့်ပြောသည်။

"ဘယ်လိုကြောင့် သေကုန်တာလဲ"

"သရဲတစ္ဆေတွေ သတ်လို့သေကြတာပဲ ကျွန်မနောက်ကလည်း သူတို့လိုက်လာကြတယ်၊ ကယ်ပါဦး ဆရာရယ်"

"ဘာမှ မကြောက်နဲ့ ဟိုအခန်းထဲမှာ ဝင်နေပါ"

ဟုပြောပြီး မာရီယာကို အခန်းတစ်ခုထဲသို့ ထည့်ပေးထားလိုက်သည်။

ထိုအခိုက်မှာပင် အမှောင်ထဲမှ လိုက်လာသော ပုံရိပ်





အချို့ကို လှမ်းမြင်ရသည်။

အခန်းအပြင်ဘက်မှာတော့ ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်အပြင် ချန်ထွန်းနှင့်ထိုင်းဘုန်းကြီးတို့ပါ အတူရှိနေကြသည်။

"သူတို့လာနေကြပြီ"

"ဘာမှ မကြောက်ကြနဲ့၊ တစ္ဆေသရဲဆိုတာ ကြောက်တတ်တဲ့သူကိုပဲ ဖမ်းစားတာ မကြောက်တဲ့သူဆိုရင် အနားမကပ်ဝံ့ဘူး"

ဒေါက်တာမင်းထင်ကျော်က နောက်မှာရှိနေကြသူများ ကြောက်ရွံ့မှုကင်းစေရန် အားပေးစကားပြောလိုက်လေသည်။ အတန်ကြာတော့ နောက်မှတက်လိုက်လာသော မည်းမည်းသဏ္ဍာန်များက မနီးမဝေးရောက်လာကြသည်။ သင်္ဘောဟောင်းကြီးမှ တစ္ဆေသရဲဘဝ ရောက်နေကြသူများပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့က ထွက်မပြေးဘဲ နေရာမှာ ရပ်နေကြသောအခါ ရှေ့တိုးမလာဘဲ မနီးမဝေးမှာပင် ကြောက်လန့်ဖွယ်ရာ ပုံပန်းသဏ္ဍာန်ဖြင့် ခြောက်လှန့်နေကြသည်။

ဆရာကြီးသူရရှ၊ ထိုင်းဘုန်းကြီးနှင့် ဦးဇနတောင်းတို့ကတော့ မျက်စိမှိတ်ကာ မေတ္တာပို့ပေးနေကြလေသည်။ ဒေါက်



www.burmeseclassic.com

www.burmeseclassic.com



တာမင်းထင်ကျော်ကတော့ သူတို့ခြောက်လှန့်နေသမျှကို မမှိတ်မသုန်ကြည့်နေသည်။ သူ့အမူအရာကိုမြင်တော့မှ နံဘေးနားမှာရှိနေသော ချန်ထွန်းလည်း အတန်အသင့်အားရှိလာလေသည်။ အတန်ကြာတော့ ဒေါက်တာမင်းထင်ကျော်က ပြောသည်။

"မင်းတို့ ခြောက်လှန့်နေလည်း အပိုပဲ၊ မင်းတို့ ဘယ်လောက်ခြောက်ခြောက် ငါတို့က ကြောက်မှာမဟုတ်ဘူး၊ နောက်ပြီး မင်းတို့ကိုယ်ကိုရော သတိထားမိကြရဲ့လား"

ထိုသို့ပြောလိုက်သောအခါ ခြောက်လှန့်မှုများ ရပ်တန့်သွားပြီး မျက်လုံးအပြူးသားနှင့် ကြည့်နေကြသည်၊

"မင်းတို့က သေပြီးတာ နှစ်အတော်ကြာနေပြီ၊ ဒီသင်္ဘောက ဝန်းထမ်းတွေလည်း မဟုတ်ကြတော့ဘူး၊ ဒါကြောင့် ဒီသင်္ဘောကြီးက မင်းတို့နဲ့ ဘာမှမသက်ဆိုင်တော့ဘူး၊ တခြားဘုံဘဝကို သွားကြပေတော့၊ ငါတို့ပြုခဲ့တဲ့ ကောင်းမှုတွေကိုရော မင်းတို့ကို အမျှဝေပေးလိုက်မယ်. . .

အမျှ. . အမျှ. . အမျှ. . ယူကြပေတော့"

ဟု. . အမျှဝေပေးလိုက်တော့ ကြည့်နေရင်းမှပင် ရုံးရုံးဝါးဝါးနှင့် အရိပ်စုများအသွင် ပြောင်းသွားပြီး တဖြည်းဖြည်း ကွယ်ပျောက်သွားလေတော့သည်။





ထိုမြင်ကွင်းကို မြင်သောအခါ ချန်ထွန်းကမျက်လုံးပြူးသွားလေသည်။

"တယ်. . ဟုတ်ပါလား"

မာရီယာနောက်မှလိုက်လာသော တစ္ဆေသရဲများ ရှင်းသွားသောအခါ ဒေါက်တာမင်းထင်ကျော်က ပြောသည်၊

"ကျွန်တော်တို့ အောက်ထပ်ကို ဆင်းပြီးအခြေအနေကြည့်မှဖြစ်မယ်"

"ဘာကြောင့်လဲ"

"စက်မကောင်းပဲ. . ရေစီးကြောင်းနဲ့ ဒီအတိုင်းမျောပါနေရင်း အန္တရာယ်ရှိတယ်. . ကျောက်ဆောင်တွေနဲ့ တိုက်ပြီးမြှောက်သွားနိုင်တယ်"

"ဘယ်လိုလုပ်ကြမလဲ"

"သင်္ဘောအင်ဂျင်တွေကို ပြန်နိုးနိုင်အောင် ကြိုးစားကြရမယ်. . ဒါမှမီးအလင်းရောင်လည်း ပြန်ရမယ် ဒါကြောင့် အင်ဂျင်ခန်းကို ဆင်းကြည့်ရင် ပိုကောင်းမယ်"

"အင်ဂျင်ခန်းမှာ တာဝန်ကျသူတွေ တစ္ဆေသရဲတွေ သတ်လို့ သေကုန်ပြီလို့ ပြောကြတယ်"

မာရီယာက ဝင်ပြောသည်၊



www.burmeseclassic.com

www.burmeseclassic.com



"သူတို့သေသွားရင်လည်း အခြေအနေကြည့်ပြီး လုပ်သင့်တာ လုပ်ရမှာပဲ"

ဟု ပြောပြီး ဒေါက်တာမင်းထင်ကျော်က သေနတ်တစ်လက်ကို ခါးမှာထိုးသည်။

ထို့ပြင်လက်နှိပ်မီးနှင့်အတူ လိုရမယ်ရ ဓားတစ်လက်ကို ပါဆောင်လာသည်။ သူသွားရန်ပြင်တော့ ချန်ထွန်းနှင့်မာရီယာတို့ကပါ လိုက်ခဲ့ရန်ပြင်လေသည်။

"ကျွန်တော်လည်း လိုက်ခဲ့မယ်"

"ကျွန်မလည်း လိုက်ခဲ့မှဖြစ်မယ်၊ ဒီသင်္ဘောအကြောင်းကို ကျွန်မကသိတာဆိုတော့ ကျွန်မပါရင် ပိုပြီး အဆင်ပြေနိုင်တယ်"

"ဖြစ်ပါမလား. . . တစ္ဆေသရဲတွေနဲ့ ထပ်ပြီးတွေ့ရနိုင်တယ် . . ."

"စောစောကတော့ အတော်ကလေး ကြောက်တယ်အခုတော့ သိပ်မကြောက်တော့ပါဘူး"

"ဘယ်လိုကြောင့်လဲ"

"သင်္ဘောကြီး တစ်ခုခုဖြစ်လို့ နစ်သွားရင်အားလုံး သေကြရမှာဆိုတော့ ကြောက်နေလို့လည်း မထူးတော့ပါဘူး"





ဟု ပြောလေသည်။

"ဒါဖြင့်လည်း အောက်ထပ်ဆင်းကြရအောင်. ."

ဟု ပြောပြီးသုံးယောက်သား အောက်ထပ်သို့ ဆင်းခဲ့ကြလေသည်။

သုံးယောက်စလုံး လက်နှိပ်ဓာတ်မီးတစ်လက်စီ ပါလာသောကြောင့် ထိုမီးရောင်များဖြင့်အားပြုကာ သွားကြလေသည်။

စင်္ကြံလမ်းပေါ်မှာတော့ လဲကျနေသော ခရီးသည်အချို့ကို တွေ့ရသည်။ အပေါ်ထပ် အောက်ထပ်မှာလည်း ရှူးရှူးဝါးဝါးအော်သံများက အဆက်မပြတ်ကြားနေရသည်။

သင်္ဘောကြီးတစ်စင်းလုံးမှာလည်း မီးရောင်လုံးဝမရှိဘဲ မှောင်မည်းနေလေသည်။ ထို့ပြင် စက်မောင်းမထားသောကြောင့် ရေစီးကြောင်းနှင့်အတူ အောက်ဘက်သို့ မျောပါလေသည်။ အကယ်၍သာ ရေပြင်မှာရှိနေသော ကျောက်ဆောင်ကျောက်စွန်းတစ်ခုခုနှင့် တိုက်မိပါက လိမ့်မှောက်သွားမည်မှာ သေချာသည်။

သုံးယောက်သား မီးရောင်ကို အသုံးပြု၍ အောက်ထပ်သို့ ဆင်းခဲ့ကြသည်။

ယခုသူတို့ရောက်နေသော သင်္ဘောကြီးမှာ ဆိပ်ကမ်း



www.burmeseclassic.com

www.burmeseclassic.com



မှ ထွက်လာစဉ်ကလို သစ်လွင်တောက်ပနေသည့် သင်္ဘောကြီး မျိုး မဟုတ်တော့ပေ။

သင်္ဘောတစ်စင်းလုံး သံချေးများ အထပ်ထပ်တက်ကာ ပေါက်ပြဲစုတ်ပြတ်နေသော သင်္ဘောဟောင်းကြီး တစ်စင်း ဖြစ်နေတော့သည်။ ကုန်းပတ်ပေါ်ရောက်သည်အထိတော့ အနှောင့်အယှက်များနှင့် မတွေ့ကြရသေးပေ။ စက်ခန်းသို့ ဆင်းရန်ပြင်တော့မှ လှေခါးထိပ်မှာ လူတစ်ယောက်ရပ်နေသည်ကိုလှမ်းမြင်ရသည်။ သူကတော့ သရဲမဟုတ်ပေ။ တစ်ကိုယ်လုံး သွေးများစွန်းပေကာ သေနတ်တစ်လက်ကိုင်ထားသူ တစ်ယောက်ပင်ဖြစ်သည်။

သူ့အခြေအနေကြည့်ရသည်မှာ ပုံမှန်တော့ရှိဟန်မတူပေ။ ဒေါက်တာမင်းထင်ကျော်တို့ကိုမြင်တော့ မျက်လုံးအပြူးသားနှင့် လှမ်းကြည့်နေသည်။ ထိုသူမှာ ပါတီပွဲခန်းမထဲမှ လူအချို့ကို သေနတ်ဖြင့်ပစ်သတ်ပြီး အပြင်ထွက်လာသူဖြစ်သည်။ သူတို့လျှောက်သွားသော ကြောက်လန့်တကြားနှင့် အော်လေသည်။

"မကောင်းဆိုးဝါးတွေ ငါ့နားမလာကြနဲ့ မကပ်ကြနဲ့"

ဟုပြောပြီး သေနတ်ဖြင့် ထိုးချိန်သည်။





"ဟေ့. . လူ. . သတိထား. . မပစ်နဲ့"

ထိုသို့ သတိပေးသော်လည်း မရတော့ဘဲ သေနတ်ဖြင့် ပစ်သည်။

"ချောက်. . ချောက်. . ချောက်. . "

တော်သေးသည်။ သူ့သေနတ်ထဲမှာ ကျည်ဆံကုန်နေသောကြောင့်သာ အားလုံးသက်သာရာရသွားခြင်းဖြစ်သည်။

"မကောင်းဆိုးဝါးတွေ ငါ့နားမလာကြနဲ့"

ဟု အော်ဟစ်ပြောဆိုရင်း တဖြည်းဖြည်းနောက်ဆုတ်သွားရာ ဆွေးနေသော လှေခါးထစ်တစ်ခုကို နင်းမိရာမှ အောက်သို့ ပြုတ်ကျသွားလေတော့သည်။

"အား"

မတတ်နိုင်တော့ပေ။

သုံးယောက်သား ထိုလှေခါးမှပင် အင်ဂျင်ခန်းရှိရာ အောက်ထပ်သို့ ဆင်းခဲ့ကြသည်။ လှေခါးများက ဆွေးမြေ့နေသောကြောင့် သတိဖြင့် ဆင်းကြရလေသည်။

အောက်ရောက်တော့ အင်ဂျင်ခန်းအနီးမှာ ရပ်နေကြသော မည်းမည်းသဏ္ဌာန်များကို လှမ်းမြင်ရသည်။

"သူတို့ရှိနေကြတယ်၊ သတိထားကြ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆင်းလာတာမြင်တော့ အင်ဂျင်ခန်းအနီးမှာရှိနေကြသော မည်းမည်းသဏ္ဌာန်များက ရှေ့တိုးလာကြသည်။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကို သဘောပေါက်သဖြင့် သေနတ်ကို ဆွဲထုတ်လိုက်သည်။ ထိုသဏ္ဌာန်များမှာ စက်ခန်းထဲမှသေဆုံးနေသူများအား မကောင်းဆိုးဝါးများ ဝင်ရောက်ပူးကပ်နေကြခြင်းဖြစ်သည်။

"တစ်ခါသေပြီးတာတောင် မပြီးသေးတော့ နောက်တစ်ခါသေကြဦးပေါ့"

လက်ကားရားခြေကားရားဖြင့် အနားရောက်လာသူများကို ဦးခေါင်းကို သေနတ်နှင့်ပစ်တော့မှ ကြေမွသွားပြီး လဲကျသွားကြလေသည်။ အင်ဂျင်ခန်းတစ်ခုလုံးမှာလည်း ပျက်စီးနေလေပြီ။ ထို့ပြင် အင်ဂျင်များအကြောင်းကိုလည်း သူတို့ နားမလည်ကြပေ။

"အင်ဂျင်တွေအကြောင်းကို သိတဲ့လူတစ်ယောက်ယောက်ရှိမှ ဖြစ်မယ်"

"ကျွန်တော် နည်းနည်းပါးပါး နားလည်တယ်"

ဟုပြောပြီး ချန်ထွန်းက လက်နက်ဓာတ်မီးတစ်လက်နှင့် အင်ဂျင်များကို လိုက်ကြည့်နေသည်။ အတန်ကြာတော့မှ . . .





"အင်ဂျင်တွေကတော့ အခြေအနေ မဆိုးလှသေးဘူး၊ ကောင်းတဲ့ အစိတ်အပိုင်းတွေ လဲနိုင်ရင်တော့ ပြန်နိုးလာနိုင်တယ်"

"စက်ပစ္စည်းတွေ အခန်းကဘယ်မှာလဲ"

"ဟို အနောက်ဘက်မှာ"

ထိုနေရာသို့ မာရီယာကပင် ဦးဆောင်ခေါ်သွားလေသည်။ စတိုခန်းရှေ့ရောက်တော့ ချက်ကိုလှည့်ဖြုတ်ဖွင့်ပြီး မီးရောင်ဖြင့် ထိုးကြည့်လိုက်တော့ အပေါက်ဝနားမှာ လဲကျနေသော လူတစ်ယောက်ကို တွေ့ကြရသည်။

သဘောစထွက်ကတည်းက ပိတ်မိနေသော အင်ဂျင်နီယာကျော်မင်းပင် ဖြစ်ပေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၂)

## ဂျူပီတာနှင့် မိစ္ဆာတစ်ကျော့ပြန်

ကျော်မင်းမှာ ကံကောင်းထောက်မစွာဖြင့် အသက်မသေသေးသော်လည်း အချိန်အတော်ကြာအောင်ပြုစုမှ သတိပြန်ရလာလေသည်။

"ကျွန်တော်တော့ သေပြီလို့ မှတ်ထားတာ ခင်ဗျားတို့ကိုကျေးဇူးတင်ပါတယ်ဗျာ၊ သင်္ဘောကြီးတစ်စင်းလုံးလည်း မှောင်မည်းနေတာပါလား ဘာတွေဖြစ်နေကြတာလဲဟင်"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တအံ့တသြမေးသဖြင့် ဒေါက်တာမင်းထင်ကျော်က အခြေအနေများကို အတိုချုပ်ပြီး ပြောပြလိုက်သည်။

"ဟင်. . ဒါဖြင့် သင်္ဘောတစ်စင်းလုံးမှာ တစ္ဆေသရဲတွေ ရှိနေကြမှာပေါ့၊ ဒါကြောင့် ထင်ပါရဲ့သင်္ဘောကြီးကို ကြည့်ရတာ အဟောင်းအစုတ်ကြီး ဖြစ်နေတာကိုး၊ ဘယ်လိုလုပ်ကြမလဲဟင်"

"အင်ဂျင်တွေ နှိုးအောင်ပြန်လုပ်ရမယ်၊ ဒါမှအသက် ချမ်းသာရာရမယ် ဒီအတိုင်းသာသွားနေရင်တော့ မိုးမလင်းခင် အားလုံးသေကြမှာအမှန်ပဲ"

"ကျွန်တော်လည်း တတ်နိုင်သလောက်တော့ လုပ်နိုင်ပါတယ်၊ ဒါပေမယ့် ဒီသင်္ဘောဟောင်းကြီးနဲ့သက်ဆိုင်တဲ့ အင်ဂျင်နီယာတစ်ယောက်လည်း ရှိသေးတယ်"

"သူဘယ်သူလဲ"

"အင်ဂျင်နီယာ ပီတာလို့ခေါ်တယ်၊ ကျွန်တော်သူ့ကို တစ်ခါတွေ့လိုက်တယ်၊ သူကယ်လို့ သင်္ဘောကြီးမီးလောင်ခံရတဲ့ ဘေးကလွတ်သွားခဲ့တာ"

"သူဘယ်မှာလဲ"

"အင်ဂျင်နီယာ ပီတာက တစ္ဆေဘဝရောက်နေပြီ၊ ဒါပေမယ့်သူရောက်လာရင်တော့ ပိုကောင်းမှာပဲ"





"သူမရောက်လာလည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားကြရမှာပဲ အချိန်ရှိတုန်း လုပ်ကြရအောင်"

ထိုသို့ပြောပြီး စတိုခန်းထဲမှ လိုအပ်သော ပစ္စည်းများကို ရွေး ထုတ်နေကြလေသည်။

ထိုအချိန်မှာပင် အမှောင်ရိပ်ထဲမှ လျှောက်လာသော ဖြူဖြူသဏ္ဌာန်ကို တွေ့ကြရသည်။ ထိုသူမှာ အင်ဂျင်နီယာဝတ်စုံကိုပင် ဝတ်ထားသော်လည်း သူ့အဝတ်အစားများက ဟောင်းနွမ်းစုတ်ပြဲလျက်ရှိလေသည်။

"သူရောက်လာပြီ"

"ပီတာဆိုလာလား"

"ဟုတ်တယ် သူက အရင်သင်္ဘောက အင်ဂျင်နီယာတစ်ယောက်ပဲ"

ပီတာက သူတို့နှင့် မနီးမဝေးမှာ ရပ်နေသည်။

"ကျွန်တော်တို့ကို အကူအညီပေးပါ"

ကျော်မင်းက လှမ်းပြောလိုက်သောအခါ ဘာမှမပြောဘဲ သင်္ဘောစက်ခန်းရှိရာဘက်သို့ လျှောက်သွားလေသည်။ ဒေါက်တာမင်းထင်ကျော်တို့ လိုအပ်သောပစ္စည်းများကို ယူဆောင်ပြီး နောက်မှလိုက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် အပေါ်ထပ်မှဆင်းလာသော ခြေသံများကို အတိုင်းသားကြားနေရသည်။

"သူတို့လိုက်လာပြီထင်တယ်၊ မြန်မြန်လေးလုပ်ကြမှ ဖြစ်မယ်"

ဒေါက်တာမင်းထင်ကျော်က လေသံတိုးတိုးဖြင့် သတိပေးလိုက်သည်။

စက်ခန်းရှိရာသို့ဆင်းသော လှေခါးမှာတော့ အောက်သို့ဆင်းလာသော မည်းမည်းသဏ္ဌာန်များကို မြင်ရလေသည်။ ၎င်းတို့က သူတို့ရှိရာဘက်သို့ လာနေကြလေပြီ။ တစ္ဆေဘ၀ ရောက်နေသောပီတာခမျာ မကောင်းဆိုးဝါးများကို မြင်သောအခါ မျက်စိမျက်နှာမကောင်းလှပေ။ သို့သော် စက်ခန်းတွင်းသို့ ရောက်သောအခါ စက်ကိရိယာများကို မည်သို့မည်ပုံပြုလုပ်ရမည်ကို အသေးစိတ်ပြောပြနေသည်။

"ကိုကျော်မင်းခင်ဗျားက စက်နှိုးအောင်သာကြိုးစားပေတော့၊ မကောင်းဆိုးဝါးတွေဝင်ပြီး မနှောင့်ယှက်နိုင်အောင် ကျွန်တော်တို့ ကြိုးစားတားပေးမယ် "

ပီတာပြောသမျှကို ကျော်မင်းနှင့်ချန်ထွန်းတို့နှစ်ယောက်က ပြုလုပ်နေကြလေသည်။ မာရီယာကတော့ ဒေါက်





တာမင်းထင်ကျော်နောက်နားမှာ ကပ်ရပ်နေလေသည်။

"သူတို့အနားရောက်လာရင် သူတို့မျက်နှာတွေကို မကြည့်မိစေနဲ့၊ အထူးသဖြင့် သူတို့နဲ့ မျက်လုံးချင်းမဆိုင်မိစေနဲ့၊ မျက်လုံးချင်းဆိုင်မိတာနဲ့ ကိုယ်ထဲကိုဝင်လာပြီး ပူးကပ်ခံလိမ့်မယ်၊ မျက်လုံးမှိတ်ပြီး ဘုရားတရားသာ အာရုံပြုထားပေတော့"

မာရီယာက ကြောက်ကြောက်ရွံ့ရွံ့နှင့် ခေါင်းညိတ်ပြပြီး မျက်စိမှိတ်ထားလေသည်။ စက်ခန်းတွင်းအထိ ရောက်လာသော မကောင်းဆိုးဝါးများက ဒေါက်တာမင်းထင်ကျော်တို့ကို ရန်မူရန်ထက် ပီတာ၏ဝိညာဉ်ကို ဝင်ရောက်ဆွဲခေါ်ကြရန် ကြိုးစားနေသည်။

ဒေါက်တာမင်းထင်ကျော်က ရှေ့မှရပ်နေသောကြောင့် အနားမဝင်သာသော်လည်း မနီးမဝေးမှလက်တံရှည်များဖြင့် လှမ်းဆွဲကြလေသည်။

ပီတာကလည်း ထိုအခြေအနေမှာပင် ကျော်မင်းကို မည်သို့မည်ပုံပြုလုပ်ရမည်များကို ပြောပြရုံမကပဲ ချိတ်ယွင်းပျက်စီးနေသော စက်ကိရိယာများကိုပင် ပြောပြနေလေသည်။

ထိုအခိုက်မှာပင် မကောင်းဆိုးဝါးများနှင့် တစ္ဆေသရဲများက တစ်သုတ်ပြီးတစ်သုတ် ရောက်လာကြရာ တဖြည်းဖြည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



များလာရာ မတားဆီးနိုင်တော့ပေ။

နောက်ဆုံးတော့ ပီတာ၏ဝိညာဉ်ကို ဆွဲခေါ်သွားကြ လေတော့သည်။

အမှောင်ရိပ်ထဲမှာ ခြေကားရားလက်ကားရားနှင့် ပါ သွားသည်ကို လှမ်းမြင်လိုက်ရသော်လည်း မည်သို့မှမတက်နိုင် တော့ပေ။ ထိုအချိန်မှာပင် လေးဘက်လေးတန်မှ ရောက်လာ ကြသောတစ္ဆေသရဲများ တဖြည်းဖြည်းနှင့် ဝိုင်းအုံလာကြလေပြီ။ ဒေါက်တာမင်းထင်ကျော်လည်း မာရီယာကိုယ်ကလေးကို ဖက် ထားရင်း မျက်စိမှိတ်ထားကာ ဘုရားတရားကိုသာ အာရုံပြုနေရ တော့သည်။ ထိုအခိုက်မှာပင်. . .

"ဟူး. . . ဟူး. . . ဟူး. . ."

အင်ဂျင်စက်နိုးသံကို ကြားလိုက်ရပြီး မီးများပြန်လင်း လာလေတော့သည်။ မီးရောင်လင်းလာသောအခါ သူတို့ပတ် ဝန်းကျင်မှာဝိုင်းအုံနေကြသော မကောင်းဆိုးဝါးများလည်း ကွယ် ပျောက်သွားကြလေတော့သည်။

ထိုအခါမှပင် မျက်စိဖွင့်ကြည့်ဝံ့တော့သည်။

"ဟာ. . သင်္ဘောအင်ဂျင် ပြန်နိုးလာပြီ၊ ငါတို့အန္တရာယ် ကလွတ်တော့မယ်. . ."





ဝမ်းသာအားရ ပြောနေကြသည်။

သင်္ဘောကြီးတစ်စင်းလုံး မီးများလင်းလာသောအခါ သင်္ဘောနေရာအနှံ့အပြားမှာ ရှိနေကြသော မကောင်းဆိုးဝါး များလည်း ကွယ်ပျောက်သွားကြသည်။

ထို့အတူ စောစောက အမှောင်ထဲမှာ သံချေးအထပ် ထပ်တက်ကာ သင်္ဘောပျက်ကြီးအသွင် မြင်နေရသည့် ဂျူပီတာ သင်္ဘောကြီးမှာလည်း တဖြည်းဖြည်းနှင့် ဆေးရောင်များ ပြန်ပေါ် လာကာ ယခင်အတိုင်း သစ်လွင်တောက်ပသောအနေအထား သို့ ပြန်လည်ရောက်ရှိသွားတော့သည်။

ထိုအခါမှပင် သင်္ဘောကပ္ပတိန်မှာ သင်္ဘောစက်ခန်းကို အဆက်အသွယ်ပြုလုပ်ပြီး သင်္ဘောကြီးကို ရှေ့ဆက်မောင်းနိုင် လေတော့သည်။

အင်ဂျင်ခန်းမှာတော့ ကျော်မင်းနှင့်ချန်ထွန်းတို့နှစ် ယောက်ကပင် တာဝန်ယူမောင်းနှင်ပေးနေကြသည်။ အင်ဂျင်နီ ယာကျော်မင်းတစ်ယောက် မမျှော်လင့်ဘဲ သင်္ဘောစတိုခန်းထဲ မှာ ပိတ်မိပြီးပါလာသည်ကပင် သူတို့အားလုံးအတွက် ကံ ကောင်းသည်ဟု ဆိုရလေမည်လား မပြောတတ်တော့ပါချေ။

"ကျွန်တော်တို့ အန္တရာယ်စက်ကွင်းက လွတ်မြောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ"

ဒေါက်တာမင်းထင်ကျော်ကပြောလိုက်တော့ မာရီယာက ကျေးဇူးတင်သောအကြည့်ဖြင့် မော့ကြည့်သည်။

"ဒီသင်္ဘောပေါ်မှာပါလာတဲ့ ခရီးသည်တွေရဲ့ အသက်တွေကို ဆရာတို့ကယ်ပေးကြတာပါပဲ. . ဒီအတွက်အများကြီး ကျေးဇူးတင်ပါတယ်. . "

"ကြုံကြိုက်လို့ အကူအညီပေးခွင့်ရတာကိုပဲ ကျေနပ်နေရမှာပါပဲ. . ဒီသင်္ဘောက ဘုံဘေရောက်ရင်လည်း ဒီအဖြစ်အပျက်တွေကြောင့် ချက်ချင်းပြန်ထွက်နိုင်မယ် မထင်ဘူး၊ မင်းကောဘယ်လိုလုပ်မလဲ"

"ကျွန်မက သင်္ဘောဝန်ထမ်းတစ်ယောက်ဆိုတော့ သင်္ဘောပေါ်မှာပဲ ဆက်နေရဦးမယ်ထင်ပါတယ် "

ဟု. . . ညှိုးငယ်သော မျက်နှာဖြင့် ပြောလေသည်။

"မင်းဒီသင်္ဘောနဲ့ ပြန်လိုက်သွားရင်လည်း တစ္ဆေသရဲတွေနဲ့ ထပ်တွေ့ရဦးမှာလဲ"

"ကျွန်မလည်း ဒီလိုအဖြစ်မျိုးတွေနဲ့ နှစ်ကြိမ်တောင် ကြုံခဲ့ရပြီးပြီဆိုတော့ ဘယ်လိုက်ချင်ပါတော့မလဲ "

"မာရီယာအနေနဲ့ ဒီအလုပ်ကိုတကယ် မလုပ်ချင်တော့





ဘူးဆိုရင်တော့ တစ်ခုခုစဉ်းစားပါလား. . ၊

ဥပမာ. . သင်္ဘောလိုင်းမှာ အလုပ်လုပ်ရတာကို ဝါသနာပါရင် တခြားသင်္ဘောလိုင်းတစ်ခုခုကို ပြောင်းသင့်တယ်၊ ဒါမှမလုပ်ချင်တော့ရင်လည်း တခြားအလုပ်မျိုးပြောင်းလုပ်နိုင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က စေတနာဖြင့်အကြံပေးလေသည်။

"ကျွန်မစိတ်ထဲမှာရှိတာကို ပြောရရင်တော့ သင်္ဘောနဲ့ပတ်သက်တဲ့ အလုပ်တွေကို စိတ်ကုန်သွားပါပြီ. . . အဆင်ပြေရင်တော့ တခြားအလုပ်တစ်ခုခုပဲ ပြောင်းပါတော့မယ်၊ ဒါပေမယ့် တစ်ခုခက်တာက အခုတော့ဘာလုပ်ရမှန်း မသိသေးပါဘူး"

"ဒါထက် မာရီယာက ဘယ်မှာနေတာလဲ"

"ကျွန်မက မလေးရှားကကုမ္ပဏီခွဲမှာပဲ နေတာပါ၊ မူလဇာတိကတော့ မီဂါဂိုကပါ. . "

"ဒီလိုလုပ်ပါလား သင်္ဘောအလုပ် မလုပ်တော့ပဲ အခြားအလုပ်လုပ်မယ် ဆိုရင်တော့ အကူအညီပေးနိုင်ပါတယ်"

"ဘယ်လိုအလုပ်မျိုးလည်းဟင်"

"ရန်ကုန်မှာ ကျွန်တော်တို့ပိုင်တဲ့ ကုမ္ပဏီတစ်ခုရှိပါတယ်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာလိုက်ပြီးလုပ်ရင်တော့ အဆင်ပြေနိုင်ပါတယ်"

မာရီယာက အတန်ကြာအောင် စဉ်းစားနေသည်။

အတန်ကြာမှ. . .

"လောလောဆယ်တော့ကျွန်မလည်း ဘာလုပ်ရမှန်း မသိပါဘူး၊ ဆရာပြောတဲ့အလုပ်ကို စိတ်ဝင်စားပါတယ်၊ ဘာကြောင့်လည်းဆိုတော့ ကျွန်မက မြန်မာပြည်ကို စိတ်ဝင်စားလို့ပါပဲ. . ဆရာသင့်တော်သလိုသာ စီစဉ်ပေးပါ"

ဟု. . ပြောရာဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက်ညိတ်ပြလိုက်လေသည်။

နောက်တစ်နေ့ညနေပိုင်း အချိန်မှာတော့ ဂျူပီတာသင်္ဘောကြီး ဘုံဘေဆိပ်ကမ်းသို့ ချောမောစွာဖြင့် ဆိုက်ကပ်နိုင်ခဲ့လေသည်။ တန္တေသင်္ဘောကြီး ဆိုက်ကပ်လာတော့မည်ဆိုသောသတင်းကြောင့် လာရောက်ကြည့်နေကြသူတို့မှာ ဆိပ်ကမ်းတစ်လျှောက် ပြည့်လျှံနေသည်။

မီးသတ်ကားများ၊ လူနာတင်ယာဉ်များနှင့် ဆိပ်ကမ်းအာဏာပိုင်တို့ကလည်း အဆင်သင့်စောင့်နေကြသည်။

သင်္ဘောဆိုက်ကပ်ပြီးသည်နှင့် သေဆုံးသူများ၊ ဒဏ်ရာရသူများကို ဦးစွာသယ်တင်နေကြသည်။





ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်ကတော့ ဗောဓ်တားနှင့် မနီးမဝေးမှာရပ်ရင်း ထိုမြင်ကွင်းများကို စိတ်မကောင်းစွာနှင့် လှမ်းကြည့်နေကြသည်။

ခဏကြာတော့ ထိုင်းဘုန်းကြီးတက်လာသည်။ သူကဒေါက်တာမင်းထင်ကျော်တို့ကိုမြင်တော့ လက်အုပ်ချီလျက် နှုတ်ဆက်ကာ အပေါ်သို့တက်သွားတော့သည်။ နောက်တော့ ဦးကျော်ထွန်းတို့ မိသားစုသုံးယောက်တက်လာပြီး သူတို့ကိုမြင်တော့ ကျေးဇူးတင်စကား ဆိုသွားကြသည်။

ခဏကြာတော့ ချန်ထွန်းနှင့် စင်သီယာတို့တစ်ဦးနှင့်တစ်ဦးဖေးမလျက် တက်လာကြကာ သူတို့ကိုနှုတ်ဆက်ပြီး ကမ်းပေါ်တက်သွားကြသည်။

ထို့ပြင် အခြားသူ အတော်များများကိုလည်း တွေ့ရသည်။ သူတို့နှင့်အတူ သေဆုံးသွားကြပြီဖြစ်သော သူတို့၏ ဝိညာဉ်ပုံရိပ်များကိုလည်း လူအုပ်များနှင့်ရောနှောပြီး တွေ့မြင်ရသည်။

ထိုဝိညာဉ်များကို အခြားသူများက မြင်ရဟန်မတူသော်လည်း ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်ကတော့ အရှင်းသား တွေ့မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုမြင်တော့ ဝိညာဉ်များက ရယ်ပြသူရယ်
လက်ပြနှုတ်ဆက်သူက နှုတ်ဆက်နှင့် အခြားသူများနှင့်ရောနှော
ကာ ကမ်းပေါ်သို့ တက်သွားကြလေတော့သည်။

နောက်တစ်ကြိမ် ဂျူပီတာသင်္ဘောကြီး ဘုံဘေမြို့ဆိပ်
ကမ်းမှ ပြန်လည်ထွက်ခွာကာနီးလျှင်တော့ ထိုဝိညာဉ်များအား
လုံး တစ်ကျော့ပြန်ဆင်းလာကြလေဦးမည်လား မသိနိုင်တော့
ပါချေ. . ။

ထိုအခိုက်မှာပင် မာရီယာက ခရီးဆောင်အိတ်နှင့်အတူ
သူတို့ရှိရာသို့ ရောက်လာလေသည်။

"ကျွန်မတို့ သင်္ဘောပေါ်ဆင်းလာတုန်းက သူငယ်ချင်း
သုံးယောက်ပေမယ့် အခုတော့ဟိုနှစ်ယောက်က လိုက်မလာနိုင်
ကြတော့ပါဘူး"

ဟု ဝမ်းနည်းသံဖြင့် ပြောလေသည်။

"မာရီယာနဲ့အတူ မလိုက်လာနိုင်တော့ပေမယ့် သူတို့က
တော့ သင်္ဘောပေါ်က တက်လာနေကြပါပြီ. . ဟိုမှာ"

ဒေါက်တာမင်းထင်ကျော်က အတက်အဆင်း ပြုလုပ်
နေသော လူများကြားသို့ လက်ညှိုးထိုးပြသဖြင့် မာရီယာက လှည့်
ကြည့်လိုက်သည်။





ထိုအထဲတွင် မေစီနှင့် မေရီမော်တို့နှစ်ယောက်ကို တွေ့
ရလေသည်။ သူတို့က မာရီယာရပ်နေသောဘက်သို့ လှည့်ကြည့်
ပြီးနောက် လက်ပြနှုတ်ဆက်ကာ လူများကိုဖြတ်ကျော်၍ အ
ပေါ်သို့ တက်သွားလေတော့သည်။

"နောက်တစ်ခေါက် ဂျူပီတာသင်္ဘောကြီး ထွက်ကာနီး
ရင်တော့ သူတို့ တစ်ကျော့ပြန်ဆင်းလာကြဦးမှာပါ၊ သဗ္ဗေသတ္တာ
ကမ္ဘာသက္ကာပဲပေါ့လေ. . ကဲသွားကြရအောင်"

ဟုပြောပြီး လေးယောက်သား ဖောတံတားပေါ်မှ ဆိပ်
ကမ်းပေါ်သို့ တက်ခဲ့ကြလေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ဂျူပီတာပေါ်မှ
ပဉ္စလက်မိစ္ဆာ)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုသည်လည်း နိဂုံး
ကမ္ပတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနိယာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။

စာပြီးချိန်။ ။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ တနင်္လာနေ့၊ ညနေ ၃ နာရီ။



www.burmeseclassic.com